International
Labour
Organization

100
1919-2019

# နိုင်ငံတကာအလုပ်သမား ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့် ဆက်နွယ်သည့် လုပ်ထုံးလုပ်နည်းများ လက်စွဲစာအုပ်



ရာစုနှစ်တည်းဖြတ်မှု ၂၀၁၉


အပြည်ပြည်ဆိုင်ရာ
အလုပ်သမားရေးရာ
စံချိန်စံညွှန်းများဌာန

International
Labour
Organization

1919·2019

# နိုင်ငံတကာအလုပ်သမား
# ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့်
## ဆက်နွယ်သည့် လုပ်ထုံးလုပ်နည်းများ
# လက်စွဲစာအုပ်

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာစံချိန်စံညွှန်းများဌာန
အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၊ ဂျီနီဗာ

မူပိုင်ခွင့် © အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ ၂၀၁၉

၂၀၁၉ တွင် ပထမအကြိမ်ပုံနှိပ်ထုတ်ဝေသည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ ပုံနှိပ်ထုတ်ဝေခြင်းများသည် ကမ္ဘာတစ်လွှားမူပိုင်ခွင့်ပြဋ္ဌာန်းချက် ကျင့်ဝတ် ၂ အရ မူပိုင်ခွင့်သက်ဝင်သည်။ မည်သို့ပင်ဖြစ်စေ ၎င်းတို့မှ ကောက်နှုတ်ချက်အကျဉ်းများကို ရင်းမြစ်ညွှန်ပြသည့် သတ်မှတ်ချက်ဖြင့် ဖော်ပြပါက ခွင့်ပြုချက်တောင်းခံရန် မလိုအပ်ဘဲမူပွားထုတ်လုပ်နိုင်သည်။ မူပွားထုတ်ဝေခွင့် သို့မဟုတ် ဘာသာပြန်သည့် အခွင့်အရေးအတွက် လျှောက်လွှာကို အိုင်အယ်လ်အို (ILO) ပုံနှိပ်ထုတ်ဝေခြင်းများ (လုပ်ပိုင်ခွင့်နှင့် ခွင့်ပြုချက်) အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၊ CH–၁၂၁၁ ဂျီနီဗာ ၂၂၊ ဆွစ်ဇာလန် သို့မဟုတ် အီးမေးလ် rights@ilo.org. သို့ လျှောက်ထားရမည်။ ထိုသို့သော လျှောက်ထားမှုများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှ လက်ကမ်းကြိုဆိုပါသည်။

မူပွားအခွင့်အရေးအဖွဲ့အစည်းတစ်ခုနှင့် မှတ်ပုံတင်ထားသော စာကြည့်တိုက်များ၊ အဖွဲ့အစည်းများနှင့် အခြားအသုံးပြုသူများသည် ဤရည်ရွယ်ချက်အတွက် ၎င်းတို့အားထုတ်ပေးထားသည့် လိုင်စင်များနှင့်အညီမိတ္တူများပွားနိုင်ပါသည်။ သင့်နိုင်ငံ၏ မူပွားအခွင့်အရေးရသည့်အဖွဲ့အစည်းကို www.ifrro.org တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

---

ISBN 9789220354025 (Print)

ISBN: 9789220354032 (Web PDF)

အိုင်အယ်လ်အို (ILO) ပုံနှိပ်ထုတ်ဝေခြင်းများသည် ကုလသမဂ္ဂ၏ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်ပြီး တင်ပြမှုများတွင် ပါဝင်သော အကြောင်းအရာများသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံးအနေဖြင့် မည်သည့်နိုင်ငံ၏တရားဝင်ရပ်တည်မှု၊ ဧရိယာ သို့မဟုတ် ပိုင်နက် သို့မဟုတ် ၎င်း၏ အာဏာသက်ရောက်မှုများ သို့မဟုတ် ၎င်း၏ နယ်စပ်နယ်နိမိတ်စည်းကန့်သတ်ခြင်းနှင့် ပတ်သက်၍ မည်သည့်ထင်မြင်ချက်ကိုမျှ ဖော်ညွှန်းခြင်းလုံးဝမရှိပါ။

လက်မှတ်ရေးထိုးထားသော သဘောတူစာချုပ်အပိုဒ်များ၊ လေ့လာမှုများနှင့် အခြားရေးသားထုတ်ဝေမှုများတွင် ဖော်ပြထားသည့် ယူဆချက်များအတွက်တာဝန်သည် ၎င်းတို့၏ စာရေးသူများနှင့်သာသက်ဆိုင်၍ ပုံနှိပ်ထုတ်ဝေရာတွင်ပါဝင်သော ထင်မြင်ယူဆချက်များကို ထုတ်ဖော်မှုများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ ထောက်ခံချက်တစ်ခုအနေဖြင့် မပါဝင်ပါ။

စီးပွားရေးလုပ်ငန်းများနှင့် စီးပွားဖြစ်ထုတ်ကုန်များ၏ အမည်များနှင့် လုပ်ငန်းစဉ်များကို ရည်ညွှန်းခြင်းသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှ ၎င်းတို့ကို အကြံပြုတိုက်တွန်းချက်ကိုပေးသည်ဟု ယူဆ၍မရကြောင်းနှင့် သီးသန့်စီးပွားရေးလုပ်ငန်းတစ်ခု၊ စီးပွားဖြစ်ထုတ်ကုန် သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုကို ဖော်ပြရန်ပျက်ကွက်ခြင်းရှိပါကလည်း ၎င်းတို့ကို မထောက်ခံခြင်းဟု ယူဆ၍ မရပါ။

အိုင်အယ်လ်အို (ILO) ပုံနှိပ်ထုတ်ဝေခြင်းများနှင့် ဒီဂျစ်တယ်ထုတ်ကုန်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို www.ilo.org/publns တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

---

အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၊ ဂျီနီဗာ၊ ဆွစ်ဇာလန်မှအင်္ဂလိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခြင်းကို ဘာသာပြန်ဆိုထုတ်ဝေသည်။

## ရန်ပုံငွေပံ့ပိုးမှု

မြန်မာဘာသာလက်စွဲစာအုပ်ကို ဥရောပသမဂ္ဂအဖွဲ့မှ ရန်ပုံငွေပံ့ပိုးမှုဖြင့် ဘာသာပြန်ဆိုခြင်းဖြစ်ပါသည်။ ဤစာအုပ်ပါအမြင်များကို ဥရောပသမဂ္ဂ၏ တရားဝင်အမြင်သဘောထားကို ထင်ဟပ်ပြရန်နည်းလမ်းအဖြစ် မမှတ်ယူနိုင်ပါ။

## အသိအမှတ်ပြုခြင်း

ဤလက်စွဲစာအုပ်ကို အိုင်အယ်(လ်)အို ဆက်သွယ်ညှိနှိုင်းရေးရုံး (မြန်မာနိုင်ငံ) က ဘာသာပြန်ဆိုထုတ်ဝေသည်။

ဘာသာပြန်ဆိုသူ – ဇင်ထွေးစီ

# မာတိကာ


**နိဒါန်း** ၁

**၁။ နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများကို သဘောတူပြဋ္ဌာန်းခြင်း** ၃

ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ၏ သဘောသဘာဝနှင့်
ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာ အကြောင်းရင်းခံ ၃

ညီလာခံအစီအစဉ်တွင် အကြောင်းအရာတစ်ခုကို ထည့်သွင်းခြင်း ၃

နှစ်ကြိမ်ဆွေးနွေးခြင်းလုပ်ထုံးလုပ်နည်း ၄

တစ်ကြိမ်တည်းဆွေးနွေးခြင်းလုပ်ထုံးလုပ်နည်း ၅

နိုင်ငံတကာအလုပ်သမားရေးရာစံချိန်စံညွှန်းများကိုပြန်လည်သုံးသပ်ခြင်း ၆

ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ပြန်လည်ပြင်ဆင်ခြင်း ၇

ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကိုပယ်ဖျက်ခြင်းနှင့် ရုပ်သိမ်းခြင်း ၇

ဘာသာစကားများ ၇

ထည့်သွင်းစဉ်းစားသည့် အထူးကိစ္စရပ်များ ၇

ပြောင်းလွယ်ပြင်လွယ်မှုပြုနိုင်သည့်နည်းလမ်းများ ၈

အနိမ့်ဆုံးစံချိန်စံညွှန်းများကဲ့သို့ပြဋ္ဌာန်းချက်များနှင့်အကြံပြုတိုက်တွန်းချက်များ ၉

အလုပ်ရှင်များနှင့် အလုပ်သမားအဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု ၉

**၂။ အခွင့်ရအာဏာပိုင်များထံသို့ တင်သွင်းခြင်း** ၁၁

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာတာဝန်ဝတ္တရားများ ၁၁

အုပ်ချုပ်ရေးအဖွဲ့စာချွန်လွှာ ၁၂

ရုံးလုပ်ထုံးလုပ်နည်းများ ၁၆

အလုပ်ရှင်များနှင့်အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု ၁၇

ကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းနှင့် ၎င်းတို့ထံမှလက်ခံရရှိသော လေ့လာတင်ပြချက်များ ၁၇

အကျဉ်းချုပ် ၁၇

ရုံး၏ အထောက်အပံ့ ၁၇

**၃။ ပြဋ္ဌာန်းချက်များကို အတည်ပြုခြင်းနှင့် တာဝန်ဝတ္တရားများကို လက်ခံလိုက်နာခြင်း** ၁၉

လုပ်ထုံးလုပ်နည်း ၁၉

အတည်ပြုခြင်းများကို ဆက်သွယ်သည့်ပုံစံ ၁၉

အတည်ပြုထားသည့် စာချုပ်စာတမ်းများနှင့်အတူ မဖြစ်မနေထည့်သွင်းရမည့် သို့မဟုတ်
တွဲဖက်ပါဝင်ရမည့် ကြေငြာချက် ၂၀

အတည်ပြုခြင်းများတွင် ထည့်သွင်းနိုင်သည့် သို့မဟုတ် တွဲဖက်ပါဝင်နိုင်သည့် ရွေးချယ်နိုင်သော ကြေငြာချက်များ ၂၁

ပြဋ္ဌာန်းချက်တစ်ခု၏ အတိုင်းအတာနှင့်စပ်လျဉ်း၍ ရွေးချယ်နိုင်သည့်ကြေငြာချက်များ ၂၂
နောက်ဆက်တွဲစာချုပ်များအား အတည်ပြုခြင်းများ ၂၃
ကန့်သတ်မှုများကိုလက်မခံနိုင်ခြင်း ၂၄
အတည်ပြုခြင်းများကိုမှတ်ပုံတင်ခြင်းနှင့်တာဝန်ဝတ္တရားများကိုလက်ခံခြင်းများ ၂၄
အာဏာစတင်သက်ဝင်ခြင်း ၂၄
အတည်ပြုခြင်းမှ ပေါ်ပေါက်လာသည့် တာဝန်ဝတ္တရားများ ၂၄
ပြည်တွင်းဥပဒေဖြင့်သွင်းခြင်း ၂၅
အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု ၂၅
မြို့တော်နယ်နိမိတ်အတွင်းမဟုတ်သည့် နယ်ပယ်များ ၂၅
အိုင်အယ်လ်အို (ILO) မှ နုတ်ထွက်ခြင်း၏ အကျိုးသက်ရောက်မှု ၂၆
အတည်ပြုခြင်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ၂၆

၄။ **အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများ** ၂၇
အစီရင်ခံရန်တာဝန်ဝတ္တရား ၂၇
အစီရင်ခံသည့်စနစ် ၂၇
အသေးစိတ်ပြုစုထားသည့်အစီရင်ခံစာများ ၃၀
ရိုးရှင်းလွယ်ကူအောင်ပြုစုထားသည့် အစီရင်ခံစာများ ၃၂
အစီရင်ခံရန်ပျက်ကွက်မှုအပေါ်သတိပေးအကြောင်းကြားခြင်း ၃၂
အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု ၃၃
အလုပ်ရှင်များနှင့် အလုပ်သမားများ၏အဖွဲ့အစည်းများထံ အစီရင်ခံစာများကို ဆက်သွယ်ခြင်း ၃၃
အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ လေ့လာစူးစမ်းခြင်းများ ၃၄
အစီရင်ခံစာများတောင်းခံရန်ရုံးလုပ်ထုံးလုပ်နည်းများ ၃၄
အကျဉ်းချုပ် ၃၅

၅။ **အတည်မပြုခဲ့သည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့်**
**စပ်လျဉ်းသည့် အစီရင်ခံစာများ – အထွေထွေစစ်တမ်းများ** ၃၇
အတည်မပြုခဲ့သည့် ပြဋ္ဌာန်းချက်များကို အစီရင်ခံရန် တာဝန်ဝတ္တရား ၃၇
အကြံပြုတိုက်တွန်းချက်များကို အစီရင်ခံရန် တာဝန်ဝတ္တရား ၃၇
ဖက်ဒရယ်နိုင်ငံများ ၃၇
အပိုဒ်ခွဲ ၁၉ အရ အစီရင်ခံစာများအတွက် ရွေးချယ်ထားသည့် စာချုပ်စာတမ်းများ (အထွေထွေစစ်တမ်းများ) ၃၇
အစီရင်ခံစာပုံစံများ ၃၈
အစီရင်ခံစာများတောင်းခံရန် ရုံးလုပ်ထုံးလုပ်နည်းများ ၃၈
အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု ၃၉

အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ အစီရင်ခံစာများကို ဆက်သွယ်ခြင်း ၃၉

အကျဉ်းချုပ် ၃၉

၆။ **၁၉၉၈ ကြေငြာစာတမ်း၏ နောက်ဆက်တွဲအရေးယူဆောင်ရွက်မှုအပေါ် အစီရင်ခံခြင်းများ** ၄၁

၇။ **ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များမှ သက်ဆင်းသည့်**
**တာဝန်ဝတ္တရားများအား လိုက်နာစောင့်ထိန်းမှုကိုကြီးကြပ်သည့် ပုံမှန်ယန္တရား** ၄၂

ပုံမှန်ကြီးကြပ်သည့် အဖွဲ့များ ၄၂

(က) ကျွမ်းကျင်ပညာရှင်များကော်မတီ ၄၂

(ခ) စံချိန်စံညွှန်းများအပေါ် ကျင့်သုံးမှုဆိုင်ရာညီလာခံကော်မတီ ၄၄

၈။ **အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ** ၄၇

အလုပ်ရှင်များနှင့်အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ အစီရင်ခံစာများနှင့်
သတင်းအချက်အလက်များအား ဆက်သွယ်ခြင်း ၄၇

ကိုယ်စားပြုအဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးခြင်း ၄၇

အလုပ်ရှင်များနှင့် အလုပ်သမားများ၏အဖွဲ့အစည်းများ၏ လေ့လာစူးစမ်းမှုများကို ပေးပို့ခြင်း ၄၇

ညီလာခံတွင်တက်ရောက်ပါဝင်ခြင်း ၄၈

၉။ **ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို အနက်အဓိပ္ပါယ်ဖွင့်ခြင်း** ၄၉

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာပြဋ္ဌာန်းချက်များ ၄၉

အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ အလွတ်သဘောထင်မြင်ချက် ၄၉

ကြီးကြပ်သည့်အဖွဲ့များ၏ ထင်မြင်ချက်များနှင့် အကြံပြုတိုက်တွန်းချက်များ ၅၀

၁၀။ **ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ပြန်လည်ပြင်ဆင်ခြင်း** ၅၁

ပြဋ္ဌာန်းချက်များကို ပြန်လည်ပြင်ဆင်သည့် သဘောသဘာဝ ၅၁

ပြဋ္ဌာန်းချက်များကို ပြန်လည်ပြင်ဆင်သည့် နည်းလမ်းနှင့် အကျိုးသက်ရောက်မှု ၅၁

အကြံပြုတိုက်တွန်းချက်များကို ပြန်လည်ပြင်ဆင်ခြင်း ၅၂

၁၁။ **ပြဋ္ဌာန်းချက်များကို ရုပ်သိမ်းခြင်း** ၅၃

ရုပ်သိမ်းရန်အခြေအနေများ ၅၃

အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု ၅၃

ရုပ်သိမ်းခြင်းကို ဆက်သွယ်သောပုံစံ ၅၃

ရုံးလုပ်ထုံးလုပ်နည်းများ ၅၄

ရုပ်သိမ်းခြင်း၏ အကျိုးသက်ရောက်မှုများ ၅၄

**၁၂။ အထူးလုပ်ထုံးလုပ်နည်းများ** ၅၅

(က) အတည်ပြုသည့်ပြဋ္ဌာန်းချက်များကို လေ့လာတွေ့ရှိချက်အားဖြင့်
ကိုယ်စားပြုတင်ပြတောင်းဆိုခြင်းများ ၅၅

ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာသတ်မှတ်ချက်များ ၅၅

ကိုယ်စားပြုတင်ပြတောင်းဆိုချက်များကို စစ်ဆေးခြင်းလုပ်ထုံးလုပ်နည်း ၅၅

(ခ) အတည်ပြုခဲ့သည့် ပြဋ္ဌာန်းချက်များအပေါ် လေ့လာတွေ့ရှိချက်နှင့်ပတ်သက်၍ တိုင်ကြားခြင်းများ ၅၇

အဓိကဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာသတ်မှတ်ချက်များ ၅၇

အခြားဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာသတ်မှတ်ချက်များ ၅၇

စုံစမ်းစစ်ဆေးသည့်ကော်မရှင်လုပ်ထုံးလုပ်နည်း ၅၈

(ဂ) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းမှုကို ချိုးဖောက်မှုနှင့်ပတ်သက်၍တိုင်ကြားခြင်းများ ၅၈

(၁) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာအုပ်ချုပ်မှုအဖွဲ့ကော်မတီ ၅၈

(၂) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်ရှာဖွေခြင်းနှင့်
ညှိနှိုင်းဖျန်ဖြေရေးကော်မရှင် ၆၁

**၁၃။ နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများနှင့်ပတ်သက်၍
အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံးမှရရှိနိုင်သည့်အထောက်အပံ့များ** ၆၂

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ စံချိန်စံညွှန်းများနှင့် ပညာရပ်ဆိုင်ရာအထောက်အပံ့ ၆၂

အလွတ်သဘောအကြံပေးသည့်ဝန်ဆောင်မှုများ ၆၂

တိုက်ရိုက်ဆက်သွယ်မှုများ ၆၂

**နောက်ဆက်တွဲများ** ၆၄

နောက်ဆက်တွဲ ၁။ နမူနာစာချုပ်စာတမ်းများ (အတည်ပြုခြင်း) ၆၄

နောက်ဆက်တွဲ ၂။ အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ အပိုဒ်ခွဲ ၂၂ အရ
ပုံမှန်အစီရင်ခံစာလည်ပတ်မှု ၆၅

နောက်ဆက်တွဲ ၃။ အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံစည်းဥပဒေ၏ အပိုဒ်ခွဲ ၂၂ အရ
ပေးပို့ရမည့် ရိုးရှင်းလွယ်ကူအောင် ပြုစုထားသည့် အစီရင်ခံစာများ ၆၇

နောက်ဆက်တွဲ ၄။ အပြည်ပြည်ဆိုင်ရာအလုပ်သမားဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏
အပိုဒ်ခွဲ ၂၄ အရ တင်ပြတောင်းဆိုချက်ကို အဆိုတင်သွင်းရန် နမူနာအီလက်ထရွန်နစ်ပုံစံ ၆၉

# နိဒါန်း

ဤလက်စွဲစာအုပ်သည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့အတွင်း ဆောင်ရွက်နေသည့် ပြဋ္ဌာန်းချက်များနှင့်အကြံပြုတိုက်တွန်းချက်များကိုသဘောတူပြဋ္ဌာန်းခြင်းနှင့်အကောင်အထည်ဖော်ခြင်းနှင့်သက်ဆိုင်သည့်လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားသည်။ လက်ရှိတည်းဖြတ်ထုတ်ဝေမှုသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာရုံး၏ အုပ်ချုပ်ရေးအဖွဲ့က အောက်တိုဘာ – နိုဝင်ဘာ ၂၀၁၈ အစည်းအဝေးအထိ ဆုံးဖြတ်ချက်ချခဲ့သည့် နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများကို ကြီးကြပ်သည့်စနစ်အား ပြင်ဆင်ထိန်းညှိချက်များကို ထည့်သွင်းစဉ်းစားထားသည်။[၁]

ပထမအနေဖြင့် ဤလက်စွဲစာအုပ်သည် တာဝန်ရှိသည့် နိုင်ငံတော်အုပ်ချုပ်ရေးဆိုင်ရာပုဂ္ဂိုလ်များအား ၎င်းတို့အစိုးရများအတွင်း နိုင်ငံတကာအလုပ်သမားစံချိန်စံညွှန်းနှင့်ပတ်သက်သည့် အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ တာဝန်ဝတ္တရားများကို တာဝန်ယူဆောင်ရွက်ရာ၌ အထောက်အကူဖြစ်ရန် ဖန်တီးထားသည်။ ထိုသို့ဆိုရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများနှင့် အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးမှုကို သတ်မှတ်ပြဋ္ဌာန်းပေးခြင်းဖြင့် ယင်းကန့်သတ်ချက်များကို အကျိုးသက်ရောက်မှုရှိစေသည်။ ဤစာအုပ်ကို လုပ်ထုံးလုပ်နည်းများတွင် ဆောင်ရွက်ရန် အရေးပါသည့်ကဏ္ဍများရှိသည့် အလုပ်သမားများနှင့် အလုပ်ရှင်အဖွဲ့အစည်းများက အသုံးပြုရန်အတွက်လည်း ရည်ရွယ်သည်။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ လုပ်ငန်းဆောင်တာများတွင် ဤလက်စွဲစာအုပ်၌ဖော်ပြထားသည့် ရှုထောင့်ပေါင်းစုံမှ လုပ်ထုံးလုပ်နည်းများကို အစိုးရများနှင့်၊ အလုပ်ရှင်များနှင့် အလုပ်သမားများအဖွဲ့အစည်းများ၏ တာဝန်ရှိ ပုဂ္ဂိုလ်များအား သတင်းအချက်အလက်များပေးခြင်းနှင့် သင်တန်းပေးခြင်းများပါဝင်သည်။ ယင်းတို့ကို ဒေသအသီးသီးတွင် ဆောင်ရွက်သည့် ညီလာခံများ၊ ဂျီနီဗာတွင်ရှိသည့် အိုင်အယ်လ်အို (ILO) ရုံးချုပ်၊ တူရင် (အီတလီ) တွင်ရှိသည့် အိုင်အယ်လ်အို (ILO) ၏ အပြည်ပြည်ဆိုင်ရာသင်တန်းစင်တာနှင့် အဖွဲ့ဝင်နိုင်ငံများ၌ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပြုလုပ်သည့်အပြင်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းဌာန၏ အရာရှိများနှင့် စံချိန်စံညွှန်းများဆိုင်ရာ ပညာရပ် နယ်ပယ်ကျွမ်းကျင် ပညာရှင်များကဆောင်ရွက်ခဲ့သော အကြံပေးတာဝန်များမှတစ်ဆင့်လည်း လုပ်ဆောင်ကြပါသည်။ ဤနေရာ၌ ကိုင်တွယ်ဖြေရှင်းခဲ့သော ကိစ္စရပ်များထဲမှ မည်သည့်ဖြစ်ရပ်တွင်မဆို အစိုးရများနှင့် အဖွဲ့အစည်းများမှ ထပ်မံရှင်းလင်းချက်များကို အလိုရှိပါက ရုံးကကူညီပံ့ပိုးရန် အဆင်သင့်ရှိပါသည်။ အိုင်အယ်လ်အို (ILO) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ညီလာခံမှချမှတ်ခဲ့သည့် စာချုပ်စာတမ်းများကို အနက်အဓိပ္ပါယ်ဖွင့်ရန် ရုံးတွင် လုပ်ပိုင်ခွင့်အာဏာမရှိသည်ကို[၂] နားလည်သဘောပေါက်၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးသည် ဤလက်စွဲစာအုပ်ကို ထုတ်ဝေပြီး ထပ်မံလိုအပ်သည့် အထောက်အပံ့နှင့် အကြံဉာဏ်များကိုလည်း ပေးအပ်သည်။

နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများဝက်ဘ်ဆိုက် ([www.ilo.org/normes](http://www.ilo.org/normes)) တွင် သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် ချိတ်ဆက်သည့် သတင်းအချက်အလက်အများအပြားပါဝင်သည်။ အထူးသဖြင့်ယင်းသည် NORMLEX ဒေတာဘေ့စ်ကို ပင်တိုင်ပြုစုပြီး အိုင်အယ်လ်အို (ILO) စံချိန်စံညွှန်းများစနစ်၏ သတင်းအချက်အလက်များ (စံသတ်မှတ်ချက်များ စာရင်း၊ အတည်ပြုခြင်းဆိုင်ရာ သတင်းအချက်အလက်နှင့် အစီရင်ခံခြင်းတာဝန်ဝတ္တရားများ၊ အိုင်အယ်လ်အို (ILO) ကြီးကြပ်ရေးအဖွဲ့များ၏ မှတ်ချက် များစသည်ဖြင့်) နှင့်တကွ အမျိုးသားအလုပ်သမားဥပဒေ၏ သတင်းအချက်အလက်များကိုပါ အတူတကွ စုစည်းမှုရှိစေသည်။

---

၁ GB.334/INS/5 နှင့် GB.334/INS/PV. / တွင်ကြည့်ပါ။

၂ ဤလက်စွဲစာအုပ်၏ အခန်း ၈ တွင်ကြည့်ပါ။

# ၁။ နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများကို သဘောတူပြဋ္ဌာန်းခြင်း

## ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ၏ သဘောသဘာဝနှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာ အကြောင်းရင်းခံ

၁။ ပြဋ္ဌာန်းချက်များသည် စာချုပ်စာတမ်းများဖြစ်ပြီး ယင်းတို့ကိုအတည်ပြုခြင်းဖြင့် တရားဝင်ဝတ္တရားများကိုဖြစ်ပေါ်စေသည်။ အကြံပြုတိုက်တွန်းချက်များသည် အတည်ပြုရန်မရှိသော်လည်း မူဝါဒ၊ ဥပဒေပြုမှုနှင့် လက်တွေ့ကျင့်သုံးမှုတို့အား လမ်းညွှန်ချက်ပေးသည်။ စာချုပ်စာတမ်းနှစ်မျိုးလုံးကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံမှ[၁] သဘောတူပြဋ္ဌာန်းလျှက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၁၉ ၌ ဖော်ပြထားသည်မှာ –

(၁) ညီလာခံသည် အစည်းအဝေးအစီအစဉ်ပါအကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ အဆိုပြုချက်များကို သဘောတူပြဋ္ဌာန်းရန် ဆုံးဖြတ်ပြီးသည့်အခါ ယင်းအဆိုပြုချက်များသည် (က) နိုင်ငံတကာပြဋ္ဌာန်းချက်တစ်ခု၊ သို့မဟုတ် (ခ) ၎င်းတွင် ပါဝင်သော အကြောင်းအရာ သို့မဟုတ် ယင်း၏ရှုထောင့်သည် ဤအချိန်တွင် ပြဋ္ဌာန်းချက်အဖြစ် သင့်လျော်မှု သို့မဟုတ် ဆီလျော်မှုမရှိဟု ယူဆခဲ့လျှင် အခြေအနေများနှင့် ကိုက်ညီသော အကြံပြုတိုက်တွန်းချက်တစ်ခုအဖြစ်လည်းကောင်း၊ မည်သို့ပုံဖော်မည်ကို အဆုံးအဖြတ်ပေးရန် ညီလာခံပေါ်တွင် မူတည်မည်။

(၂) မည်သည့်ကိစ္စရပ်တွင်မဆို ပြဋ္ဌာန်းချက် သို့မဟုတ် အကြံပြုတိုက်တွန်းချက်ကို သဘောတူပြဋ္ဌာန်းရန်အတွက် ညီလာခံအနေဖြင့် တက်ရောက်သောကိုယ်စားလှယ်များ၏ မဲသုံးပုံနှစ်ပုံအများစုကို နောက်ဆုံးမဲပေးသည့်အချိန်တွင် လိုအပ်ပေမည်။

## ညီလာခံအစီအစဉ်တွင် အကြောင်းအရာတစ်ခုကို ထည့်သွင်းခြင်း

၂။ ညီလာခံ၏ အစည်းအဝေးအစီအစဉ်ကို အုပ်ချုပ်ရေးအဖွဲ့က စီမံဆောင်ရွက်သည် (ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ အပိုဒ်ခွဲ ၁၄)။ အထူးအရေးပေါ်ကိစ္စရပ်များ သို့မဟုတ် အခြားအထူးအခြေအနေများတွင် (ထိုကိစ္စရပ်တစ်ခုသည် ဥပမာ၊ နောင်ဆက်တွဲစာချုပ်မူကြမ်းတစ်ခုကို စဉ်းစားသုံးသပ်သည့်အခါ) အုပ်ချုပ်ရေးအဖွဲ့သည် တစ်ကြိမ်တည်း ဆွေးနွေးပွဲအတွက်ရည်ရွယ်၍ ညီလာခံသို့မေးခွန်းတစ်ခုလွှဲပေးရန် ဆုံးဖြတ်နိုင်သည် (တည်ဆဲအမိန့်များ (SO))[၂] အပိုဒ်ခွဲ ၃၄ (၅) အရ)။ သို့မဟုတ်ပါက နှစ်ကြိမ်ဆွေးနွေးခြင်းဖြစ်သွားမည် (ညီလာခံတွင် အချိန်နှစ်ချိန် ဆွေးနွေးခြင်း) (တည်ဆဲအမိန့်များ (SO) အပိုဒ်ခွဲ ၃၄ (၄))။ အုပ်ချုပ်ရေးအဖွဲ့သည် ပညာရပ်ဆိုင်ရာကြိုတင်ပြင်ဆင်မှုညီလာခံသို့ မေးခွန်းတစ်ခုလွှဲပေးရန်လည်း ဆုံးဖြတ်နိုင်သည် (အခြေခံဥပဒေ၊ အပိုဒ်ခွဲ ၁၄ (၂)၊ တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၃၄ (၃) နှင့် ၃၆)။ ညီလာခံသည် ၎င်းအနေဖြင့် တက်ရောက်သော ကိုယ်စားလှယ်များ၏ မဲပေးမှုသုံးပုံနှစ်ပုံဖြင့် အကြောင်းအရာအား လာမည့်အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရန်လည်း ဆုံးဖြတ်နိုင်သည်။ (ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပိုဒ်ခွဲ ၁၆ (၃))

---

[၁] ရံဖန်ရံခါ၊ နောက်ဆက်တွဲစာချုပ်များအဖြစ်၊ အစောပိုင်းညီလာခံများ၏ တစ်စိတ်တစ်ပိုင်းနှင့် ရွေးချယ်နိုင်သည့် ပြန်လည်ပြင်ဆင်ချက်များ သို့မဟုတ် ပြင်ဆင်ဖြည့်စွက်ချက်များ

[၂] အုပ်ချုပ်ရေးအဖွဲ့၏ သက်ဆိုင်သည့်တည်ဆဲအမိန့်များပေါင်းစပ်စုစည်းထားသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမား ညီလာခံ၏ တည်ဆဲအမိန့်များ။

## နှစ်ကြိမ်ဆွေးနွေးခြင်းလုပ်ထုံးလုပ်နည်း

၃။ ဤသည်တို့သည် ***နှစ်ကြိမ်ဆွေးနွေးခြင်း***[၃] တစ်ခုတွင်ပါဝင်သောအဆင့်များဖြစ်သည်။

(က) ရုံးသည် နိုင်ငံအသီးသီး၏ ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုဆိုင်ရာအစီရင်ခံစာတစ်စောင်ကို စစ်တမ်းမေးခွန်းလွှာတစ်ခုနှင့်အတူတကွပြင်ဆင်သည်။ အစီရင်ခံစာနှင့်စစ်တမ်းမေးခွန်းလွှာသည် အစိုးရများအား ၎င်းတို့၏ ဖြေကြားချက်များအပြီးမသတ်မီ၊ အများဆုံးကိုယ်စားပြုသည့် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်ရန်တောင်းဆိုပြီး၊ သက်ဆိုင်သည့်ညီလာခံအစည်းအဝေးမကျင်းပမီ အနည်းဆုံး ၁၈ လကြိုတင်၍ အစိုးရများထံဆက်သွယ်မှုပြုသည် (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၃၉(၁))။

(ခ) အစီရင်ခံစာတွင် ထည့်သွင်းစဉ်းစားရန်အတွက် အစိုးရများ၏ ဖြေကြားချက်များသည် သက်ဆိုင်ရာအစည်းအဝေးပြုလုပ်မည့် အချိန်ထက် ၁၁ လမပြည့်မီ ရုံးသို့ရောက်ရမည် (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၃၉(၂))။ ဖက်ဒရယ်နိုင်ငံများနှင့် စစ်တမ်းမေးခွန်းလွှာများကို အမျိုးသားဘာသာစကားသို့ ဘာသာပြန်ဆိုပေးရန် လိုအပ်သည့်နိုင်ငံများ၏ကိစ္စရပ်တွင် ဖြေကြားချက်များအတွက် ကြိုတင်ပြင်ဆင် မှု ကာလကို (၇) လခွင့်ပြုခဲ့သည်ကို၊ အကယ်၍သက်ဆိုင်ရာအစိုးရကပန်ကြားပါက (၈) လ အထိ တိုးမြှင့်ခွင့်ရှိသည်။

(ဂ) ရုံးသည်လက်ခံရရှိသည့် ဖြေကြားချက်များကိုအခြေခံ၍ ညီလာခံမှထည့်သွင်းစဉ်းစားရမည့် အဓိက မေးခွန်းများကို ညွှန်ပြသည့်နောက်ထပ်အစီရင်ခံစာတစ်ခုကို ပြင်ဆင်သည်။ ဤအစီရင်ခံစာကို အစိုးရများသို့ ပုံမှန်အားဖြင့် သက်ဆိုင်ရာအစည်းအဝေးအချိန်မတိုင်မီ ၄ လထက် နောက်မကျစေဘဲ ဆက်သွယ်ရသည် (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၃၉(၃))

(ဃ) ဤအစီရင်ခံစာများကို ညီလာခံမှ – အများအားဖြင့်ကော်မတီတွင် – ထည့်သွင်းစဉ်းစားပြီး၊ အကယ်၍ ညီလာခံကကိစ္စရပ်သည် ပြဋ္ဌာန်းချက် သို့မဟုတ် အကြံပြုတိုက်တွန်းချက်နှင့်ဆီလျော်သည်ဟု ဆုံးဖြတ်ခဲ့သော် အပြီးသတ်ကောက်ချက်များချမှတ်ပြီး မေးခွန်းကိုလာမည့် အစည်းအဝေးအစီအစဉ်၌ ထည့်သွင်းမည်ကိုဆုံးဖြတ်မည် သို့မဟုတ် နောက်ပိုင်းကျင်းပမည့်အစီအစဉ်၌ ထည့်သွင်းရန်အုပ်ချုပ်ရေးအဖွဲ့အား တောင်းဆိုမည် (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၃၉(၄)(က)၊(ခ))။

(င) ဖြေကြားချက်များနှင့် ပထမအကြိမ်ညီလာခံ၏ ဆွေးနွေးချက်နှစ်ရပ်လုံးကိုအခြေခံ၍ ရုံးသည် ပြဋ္ဌာန်းချက်များသို့မဟုတ်အကြံပြုတိုက်တွန်းချက်များကိုမူကြမ်းပြုစုပြီးယင်းတို့ကိုအစိုးရများအား ညီလာခံအစည်းအဝေးပြီးစီးသည့် ၂ လအတွင်းတွင်ဆက်သွယ်ရသည် (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၃၉(၆))[၄]။

(စ) အစိုးရများသည် အများဆုံးကိုယ်စားပြုသည့်အလုပ်ရှင်များနှင့်အလုပ်သမားများအဖွဲ့အစည်းများနှင့် ထပ်မံ၍ ဆွေးနွေးတိုင်ပင်ပြီးနောက် ပြင်ဆင်ဖြည့်စွက်ချက်များကို အကြံပြုရန်နှင့် မှတ်ချက်များကို ပေးရန် ၃ လ အချိန်ရသည် (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၃၉(၆))။

---

[၃] ဤလုပ်ထုံးလုပ်နည်း၏အဆင့်အမျိုးမျိုးအတွက် ပုံမှန်အချိန်ကန့်သတ်ချက်သည်၊ မေးခွန်းတစ်ခုကို ပထမဆုံးဆွေးနွေးပွဲပြုလုပ်မည့်အခါ၌ ထည့်သွင်းထားခဲ့ပါက ကျင်းပမည့်အစည်းအဝေးမကျင်းပမီ ၁၈ လထက်နည်းသောအချိန်ကာလ သို့မဟုတ် သက်ဆိုင်သည့်အစည်းအဝေး၂ ကြိမ်ကို တစ်ကြိမ်နှင့်တစ်ကြိမ် ၁၁ လထက်နည်း၍ခြားပြီးကျင်းပသည့်အခါ၌ ခြားနားမှုရှိနိုင်သည်။ (တည်ဆဲအမိန့်၊ အပိုဒ်ခွဲ ၃၉(၅) နှင့် (၈))

[၄] အကယ်၍အစည်းအဝေးကျင်းပချိန်၂ကြိမ်အတွင်း၁၁လကြာမြင့်ပါက၊အုပ်ချုပ်ရေးအဖွဲ့သို့မဟုတ်၎င်း၏အရာရှိများကအချိန်လျော့နည်းသည့်ကာလများကို ခွင့်ပြုနိုင်သည်။ (တည်ဆဲအမိန့်၊ အပိုဒ်ခွဲ ၃၉(၈))။ တစ်ချိန်တည်းမှာပင် အဆိုပြုသည့် ပြဋ္ဌာန်းချက်များနှင့်အကြံပြုတိုက်တွန်းချက်များအပေါ် ၎င်းတို့၏ မှတ်ချက်များအား အစိုးရများကိုတောင်းဆိုသည့်အတိုင်း ရုံးသည် ၎င်းတို့၏ ဆောင်ရွက်ချက်များကို အကျိုးသက်ရောက်စေသောအဆိုပြုထားသည့် မည်သည့်သတ်မှတ်ပြဋ္ဌာန်းချက်များမဆိုနှင့် ၎င်းတို့ ပြုလုပ်သောမှတ်ချက်များကိုယူ၍ အစိုးရ၏ ပြန်ကြားချက်များနှင့်အတူတကွ ကုသမဂ္ဂနှင့်အခြားအထူးပြုဌာနများ အား ညီလာခံ မတိုင်မီ၌ တိုင်ပင်ဆွေးနွေးသည်။ (တည်ဆဲအမိန့်၊ အပိုဒ်ခွဲ ၃၉ bis)

(ဆ) အစိုးရ၏နောက်ထပ်ဖြေကြားမှုများကိုအခြေခံ၍ပြဋ္ဌာန်းချက်များသို့မဟုတ်အကြံပြုတိုက်တွန်းချက်များကို ပြင်ဆင်ဖြည့်စွက်ထားသည့်စာသားပါသော နောက်ဆုံးအစီရင်ခံစာတစ်စောင်ကို ၎င်းတို့ ဆွေးနွေးရမည့်ညီလာခံအစည်းအဝေးမတိုင်မီ အနည်းဆုံးသုံးလကြိုတင်၍ အစိုးရများထံသို့ ဆက်သွယ်သည် (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၃၉(၇))။

(ဇ) ညီလာခံသည် ၎င်း၏ဒုတိယဆွေးနွေးပွဲကို ရုံးမှပြုစုထားသော ပြဋ္ဌာန်းချက်များ သို့မဟုတ် အကြံပြုတိုက်တွန်းချက်များမူကြမ်းကို အခြေခံရန်နှင့် ယင်းတို့ကိုမည်သို့စဉ်းစားမည်ကို – အများအားဖြင့် ကော်မတီတွင် ပထမဆုံးအနေဖြင့် – ဆုံးဖြတ်သည်။ ပြဋ္ဌာန်းချက်တစ်ခု သို့မဟုတ် အကြံပြုတိုက်တွန်းချက်၏ ဥပဒေအပိုဒ်ငယ်တစ်ခုစီကို ညီလာခံတွင်ချပြပြီး သဘောတူအတည်ပြုပြီးနောက် မူကြမ်းများကို မူကြမ်းပြုစုရေးကော်မတီသို့ နောက်ဆုံးစာချောများပြင်ဆင်ရန် လွှဲအပ်သည်[၅]။ မူကြမ်းပြုစုရေး ကော်မတီကအတည်ပြုပြီးသည့် စာချောများပါသည့် စာချုပ်စာတမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ ၁၉ နှင့်အညီ အပြီးသတ်သဘောတူပြဋ္ဌာန်းရန် ညီလာခံသို့ တင်ပြသည် (အထက်ပါ စာပုဒ် ၁ နှင့် တည်ဆဲအမိန့် (SO) အပိုဒ်ခွဲ ၄၀ ကိုကြည့်ပါ)။

(ဈ) ညီလာခံအနေဖြင့် ကော်မတီ၏ အစီရင်ခံစာတွင်ပါဝင်သော ပြဋ္ဌာန်းချက်တစ်ခုကို ပယ်ချမည်ဆိုလျှင် ယင်းကိုအကြံပြုတိုက်တွန်းချက်တစ်ခုအဖြစ် ပြောင်းလဲရန် ကော်မတီသို့ထပ်မံလွှဲပြောင်းပေးနိုင်ပါသည်။ (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၄၀(၆))

(ည) အကယ်၍ ပြဋ္ဌာန်းချက်သည်သာမန်အများစု၏ မဲကိုရရှိသော်လည်း နောက်ဆုံးမဲရရှိရန် လိုအပ်သည့် သုံးပုံနှစ်ပုံအများစုကို မရရှိပါက ယင်းကိုအကြံပြုတိုက်တွန်းချက်အနေဖြင့် ပြန်လည်မူကြမ်းရေးသားရန် မူကြမ်းပြုစုသည့်ကော်မတီသို့ လွှဲပြောင်းခြင်းကို ညီလာခံကဆုံးဖြတ်သည် (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၄၁)။

## တစ်ကြိမ်တည်းဆွေးနွေးခြင်းလုပ်ထုံးလုပ်နည်း

၄။ ဤသည်တို့သည် ***တစ်ကြိမ်တည်းဆွေးနွေးခြင်း***[၆] တစ်ခုတွင်ပါဝင်သောအဆင့်များဖြစ်သည်။

(က) ရုံးသည် ပြဋ္ဌာန်းချက်များ သို့မဟုတ် အကြံပြုတိုက်တွန်းချက်များကို ကြိုတင်ပြင်ဆင်မှုအတွက် ရည်ရွယ်၍ သက်ဆိုင်သည့်ညီလာခံအစည်းအဝေးမကျင်းပမီ အနည်းဆုံး ၁၈ လ ကြိုတင်၍ အစိုးရများသို့ဆက်သွယ်ရန် နိုင်ငံအသီးသီး၏ ဥပဒေနှင့်လက်တွေ့ကျင့်သုံးမှုများကို စစ်တမ်းမေးခွန်းလွှာတစ်ခုနှင့်အတူတကွ အကျဉ်းချုပ်အစီရင်ခံစာတစ်စောင်ကိုပြုစုသည်။[၇] အစိုးရများအား အများဆုံးကိုယ်စားပြုသည့် အလုပ်ရှင်များနှင့်အလုပ်သမားများ၏ အဖွဲ့အစည်းများနှင့် ဆွေးနွေးတိုင်ပင်စေသည် (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၃၈(၁)[၈]။

(ခ) အစိုးရများ၏ ဖြေကြားချက်များသည် သက်ဆိုင်ရာအစည်းအဝေးမတိုင်ခင် ၁၁ လထက်မနည်းဘဲ ရုံးကို ရောက်ရမည်။ (တည်ဆဲအမိန့်၊ အပိုဒ်ခွဲ ၃၈(၁))

---

[၅] တည်ဆဲအမိန့်၊ အပိုဒ်ခွဲ ၆ တွင်ကြည့်ပါ။

[၆] မေးခွန်းတစ်ခုသည် ၂၆ လထက်လျော့နည်း၍ ဆွေးနွေးပွဲကျင်းပမည့်အစည်းအဝေးအစီအစဉ်တွင်ပါဝင်နေသည့်အခါ ဤလုပ်ထုံးလုပ်နည်းတွင် အဆင့်အမျိုးမျိုးအတွက် ပုံမှန်အချိန်ကန့်သတ်ချက်သည် ခြားနားမှုရှိနိုင်ပြီး၊ အုပ်ချုပ်ရေးအဖွဲ့ သို့မဟုတ် ၎င်း၏ အရာရှိများက လျော့နည်းသွားသည့်ကာလများအတွက်အစီအစဉ်တစ်ခုကိုသဘောတူခွင့်ပြုနိုင်သည် (တည်ဆဲအမိန့်၊ အပိုဒ်ခွဲ ၃၈(၃))

[၇] သို့မဟုတ် နောက်ဆက်တွဲစာချုပ်တစ်ခု

[၈] တစ်ချိန်တည်းမှာပင် အဆိုပြုသည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် ၎င်းတို့၏ မှတ်ချက်များအား အစိုးရများကို တောင်းဆိုသည့်အတိုင်း ရုံးသည် ၎င်းတို့၏ ဆောင်ရွက်ချက်များကို အကျိုးသက်ရောက်စေသောအဆိုပြုထားသည့် မည်သည့်သတ်မှတ်ပြဋ္ဌာန်းချက်မဆိုနှင့် ၎င်းတို့ပြုလုပ်သောမှတ်ချက်များကိုယူ၍ အစိုးရ၏ ပြန်ကြားချက်များနှင့်အတူတကွ ကသမဂ္ဂနှင့် အခြားအထူးပြဋ္ဌာနများအား ညီလာခံမတိုင်မီ၌ တိုင်ပင်ဆွေးနွေးသည်။ (တည်ဆဲအမိန့်၊ အပိုဒ်ခွဲ ၃၉ bis)

(ဂ) အစိုးရများ၏ ဖြေကြားချက်များအပေါ်၌အခြေခံ၍ ပြဋ္ဌာန်းချက်များ သို့မဟုတ် အကြံပြုတိုက်တွန်းချက် များ၏ စာသားပါဝင်သည့် နောက်ဆုံးအစီရင်ခံစာတစ်စောင်[၉]ကို အစိုးရများထံသို့ ညီလာခံအစည်းအဝေးမကျင်းပမီ အနည်းဆုံးလေးလ ကြိုတင်၍ဆက်သွယ်သည် (တည်ဆဲအမိန့် (SO)၊ အပိုဒ်ခွဲ ၃၈(၂))။

(ဃ) အကယ်၍မေးခွန်းသည် ပညာရပ်ဆိုင်ရာကြိုတင်ပြင်ဆင်မှုညီလာခံတစ်ခု၌ စဉ်းစားခဲ့ပါက၊ ရုံးအနေဖြင့်၊ အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ အကျဉ်းချုပ်အစီရင်ခံစာတစ်ခုနှင့် စစ်တမ်းမေးခွန်းလွှာကို အစိုးရများသို့ ဆက်သွယ်သည် (အထက်ပါ (က) နှင့် (ခ) ကိုကြည့်ပါ)၊ သို့မဟုတ် ပညာရပ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုညီလာခံ၏ လုပ်ဆောင်မှုပေါ်မူတည်၍ အပြီးသတ်အစီရင်ခံစာတစ်စောင်ကို မူကြမ်းပြုစုသည် (အထက်ပါ (ဂ) ကိုကြည့်ပါ – တည်ဆဲအမိန့် (SO)၊ ၃၈(၄))။

(င) တစ်ကြိမ်တည်းဆွေးနွေးခြင်းလုပ်ထုံးလုပ်နည်းအောက်တွင် ဆောင်ရွက်သည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို အပြီးသတ်စဉ်းစားမှုနှင့် သဘောတူလက်ခံမှုကို အထက်ပါစာပုဒ် ၃(ဈ) မှ (ည) အတိုင်းလိုက်နာဆောင်ရွက်သည်။

## နိုင်ငံတကာအလုပ်သမားရေးရာစံချိန်စံညွှန်းများကိုပြန်လည်သုံးသပ်ခြင်း

၅။ စံချိန်စံညွှန်းများကို နည်းလမ်းဆိုင်ရာပြန်လည်သုံးသပ်သည့် သုံးပွင့်ဆိုင်လုပ်ငန်းအဖွဲ့ (SRM TWG) ကို စံချိန်စံညွှန်းများသည်ခိုင်မာပြီး လုပ်ငန်းဝန်းကျင်၏ အဆက်မပြတ်ပြောင်းလဲနေသော ပုံစံများအပေါ်၌ တုံ့ပြန်မှုသေချာစေရန်၊ အလုပ်သမားများအား အကာအကွယ်ပေးရန်နှင့် ရေရှည်တည်တံ့သော စီးပွားရေးလုပ်ငန်းများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန်ဟူသော ရည်ရွယ်ချက်[၁၀]ဖြင့် လုပ်ပိုင်ခွင့်အရ နိုင်ငံတကာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများကို ပြန်လည်သုံးသပ်ရန် ၂၀၁၅ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ယင်း၏ကနဦးအစီအစဉ်တွင် နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများ ၂၃၅ ချက်[၁၁]ဖြင့် ဖွဲ့စည်းထား၍ ယင်းတို့အနက် ၆၈ ချက်ကို ရေကြောင်းအလုပ်သမားပြဋ္ဌာန်းချက် (MLC ၂၀၀၆[၁၂]) နှင့် ဆက်စပ်သည်များကို ဆောင်ရွက်ရန် အထူးသုံးပွင့်ဆိုင်ကော်မတီသို့ လွှဲအပ်ပေးခဲ့သည်။ ၎င်း၏ သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ SRM TWG ၏ လုပ်ပိုင်ခွင့်သည် အုပ်ချုပ်ရေးအဖွဲ့အား အကြံပြုတိုက်တွန်းချက်များပေးရန်အတွက်[၁၃] စံချိန်စံညွှန်းများကို ပြန်လည်သုံးသပ်ရန် ရည်ရွယ်ချက်ဖြင့် –

(က) စစ်ဆေးသည့်စံချိန်စံညွှန်းများ၏ အဆင့်အတန်း၊ နောက်ဆုံးပေါ်စံချိန်စံညွှန်းများ၊ ပြန်လည်ပြင်ဆင်ရန်လိုအပ်သည့် စံချိန်စံညွှန်းများ၊ ခေတ်နောက်ကျနေသောစံချိန်စံညွှန်းများနှင့် အခြားဖြစ်နိုင်သည့် အမျိုးအစားများ အပါအဝင်၊

(ခ) လွှမ်းခြုံမှု၌ ကွာဟမှုလိုအပ်ချက်များကို ဖော်ထုတ်ခြင်း၊ ဖြည့်ဆည်းရန်လိုအပ်သော အသစ်စံချိန်စံညွှန်းများအပါအဝင်၊

(ဂ) လက်တွေ့ကျပြီးအချိန်ကန့်သတ်ချက်ရှိသော နောက်ဆက်တွဲလုပ်ဆောင်မှု၊ သင့်လျော်သလို၊

[၉] သို့မဟုတ် နောက်ဆက်တွဲစာချုပ်များ

[၁၀] SRM TWG: GB.325/LILS/3.၏ သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်တွင် ကြည့်ပါ။

[၁၁] သတိပြုပါ၊ SRM TWG ၏ ကနဦးအလုပ်အစီအစဉ်တွင်ပါဝင်သည့် နည်းလမ်းအရေအတွက်သည် SRM TWG ဒုတိယ အစည်းအဝေးတွင် ၂၃၁ မှ ၂၃၅ သို့ ပြင်ဆင်ခဲ့သည်။

[၁၂] GB.326/LILS/3/2.

[၁၃] SRM TWG ၏သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်၊ စာပုဒ် ၉ တွင်ကြည့်ပါ။

## ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ပြန်လည်ပြင်ဆင်ခြင်း[၁၄]

၆။ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအတွက် သီးခြားလုပ်ထုံးလုပ်နည်းများသည် တည်ဆဲအမိန့်များ၏ အပိုဒ်ခွဲများ ၄၃ – ၄၅ တွင် ပါဝင်သည်။ သို့ရာတွင် ယင်းတို့သည် အထက်ပါ စာပုဒ် ၃ နှင့် ၄ တွင် ဖော်ပြထားသည်များနှင့် အများစုသည်တူညီ၍ လက်တွေ့ကျင့်သုံးရာတွင် တည်ဆဲအမိန့်များ၏ တူညီသော အပိုဒ်ခွဲများကို ရည်ညွှန်းထားသည်။

## ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကိုပယ်ဖျက်ခြင်းနှင့် ရုပ်သိမ်းခြင်း

၇။ ညီလာခံသည် ယင်း၏ ၈၅ ကြိမ်မြောက်အစည်းအဝေး (ဇွန်၊ ၁၉၉၇) တွင် အဖွဲ့အစည်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၁၉ တွင် စာပုဒ် ၉ ကို ဖြည့်စွက်ပြီး ညီလာခံ၏ တည်ဆဲအမိန့်များ တွင် (တည်ဆဲအမိန့်များ၏ အပိုဒ်ခွဲအသစ် ၁၁ နှင့် အပိုဒ်ခွဲအသစ် ၄၅ bis) ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလက်ခံခဲ့သည်။ "အကယ်၍ ပြဋ္ဌာန်းချက်သည် ၎င်း၏ရည်ရွယ်ချက်ပျောက်သွားခြင်း သို့မဟုတ် အဖွဲ့အစည်း၏ ရည်မှန်းချက်များ ရရှိအောင် အကျိုးမပြုနိုင်တော့ပါက ပြဋ္ဌာန်းချက်သည် ခေတ်နှင့်မကိုက်ညီတော့ဟု ယူဆသည် (ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉၊ စာပုဒ် ၉)[၁၅]။ ပယ်ဖျက်ခြင်းလုပ်ထုံးလုပ်နည်းသည် လက်ရှိသက်ဝင်နေသည့် ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်သည်။ ရုပ်သိမ်းခြင်းသည် သက်ဝင်မှုမရှိသည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့် သက်ဆိုင်သည်။ ပယ်ဖျက်ခြင်းနှင့်ရုပ်သိမ်းခြင်းသည် တူညီသောကျင့်ထုံးဆိုင်ရာအာမခံချက်များ အောက်တွင် ရှိပြီး မပြေလည်သော စံချိန်စံညွှန်းကို အပြည်ပြည်ဆိုင်ရာအလုပ်သမားစံချိန်စံညွှန်းများမှ ဖယ်ရှားခြင်းနှင့် တူညီသည့် ဥပဒေဆိုင်ရာသက်ရောက်မှုရှိသည်။[၁၆]

### ဘာသာစကားများ

၈။ စစ်မှန်သောပြင်သစ်နှင့် အင်္ဂလိပ်ဘာသာစာသားများဖြင့် ရေးသားသည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို သဘောတူပြဋ္ဌာန်းသည်[၁၇]။ တရားဝင်ဘာသာပြန်ဆိုမှုကို ရုံးမှ ပြုလုပ်နိုင်ပြီး သက်ဆိုင်ရာ အစိုးရများမှ ခိုင်လုံမှုရှိသည်ဟု လက်ခံစဉ်းစားသည် (တည်ဆဲအမိန့်၊ အပိုဒ်ခွဲ ၄၂)။

## ထည့်သွင်းစဉ်းစားသည့် အထူးကိစ္စရပ်များ

၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉ အရလည်း ရည်ညွှန်းထားသည်မှာ –

၃။ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် အကြံပြုတိုက်တွန်းချက်ကိုမဆို အထွေထွေအသုံးပြုမှုအတွက် သတ်မှတ်ရာတွင် ညီလာခံသည် ထိုနိုင်ငံများ၏ ရာသီဥတုအခြေအနေများ၊ စက်မှုအဖွဲ့အစည်းများ၏ မပြည့်စုံသောဖွံ့ဖြိုးတိုးတက်မှု၊ သို့မဟုတ် စက်မှုအခြေအနေများအား သိသိသာသာကွဲပြားစေသည့် အခြားအထူးကိစ္စရပ်များကို၊ ထိုက်သင့်သော လေးစားမှုပြုလျက် လိုအပ်သည်ဟု ယူဆပါက၊ ထိုကဲ့သို့သောနိုင်ငံများ၏ ကိစ္စရပ်များကို ပြည့်မီရန် ပြုပြင်ပြောင်းလဲမှုများကို အကြံပြုရမည်။

ဤအကြောင်းပြချက်အတွက် အထက်ပါ အပိုဒ်ခွဲ ၃ နှင့် ၄ နှင့်အညီ ရုံးမှပြင်ဆင်သည့် ဥပဒေနှင့် ကျင့်ထုံးအစီရင်ခံစာများနှင့်စစ်တမ်းမေးခွန်းလွှာများသည်စံချိန်စံညွှန်းစာချုပ်စာတမ်းများ၏လက်တွေ့ကျင့်သုံးမှု၌အခက်

[၁၄] ဤလက်စွဲစာအုပ်၏အပိုင်း (၉) တွင်လည်းကြည့်ပါ။

[၁၅] နည်းလမ်းများကို ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းအတွက် ညီလာခံအစီအစဉ်တွင် အချက်တစ်ခုကိုထားရှိရန် လုပ်ထုံးလုပ်နည်းကိုတည်ထောင်ခြင်း၊ အုပ်ချုပ်ရေးအဖွဲ့၏တည်ဆဲအမိန့်များ၊ အခန်းငယ် ၅.၄ ကိုလည်းကြည့်ပါ။

[၁၆] ပယ်ဖျက်ခြင်းနှင့်ရုပ်သိမ်းခြင်းအတွက် သီးသန့်နည်းလမ်းများအတွက်အချက်အလက်များကို NORMLEX. တွင်ကြည့်ပါ။

[၁၇] နှင့်နောက်ဆက်တွဲစာချုပ်များ

အခဲဖြစ်စေနိုင်သည်ဟု မှန်းဆသော နိုင်ငံဆိုင်ရာသီးခြားအချက်အလက်များကို ညွှန်ပြရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် နည်းလမ်းများကို အကြံပြုရန် အစိုးရများအား တောင်းဆိုသည်။ ညီလာခံတက်ရောက်နေသည့် အလုပ်ရှင်များ၊ အလုပ်သမားများနှင့် အစိုးရများ၏ ကိုယ်စားလှယ်များကလည်း စံချိန်စံညွှန်းအသစ်များကို မူကြမ်းပြုစုသည့်အခါ ထည့်သွင်းစဉ်းစားသင့်သည့် ထူးခြားသည့်နိုင်ငံရေး အခြေအနေများအား ထောက်ပြနိုင်သည်။

## ပြောင်းလွယ်ပြင်လွယ်မှုပြုနိုင်သည့်နည်းလမ်းများ

၁၀။ နိုင်ငံတကာအလုပ်သမားရေးရာစံချိန်စံညွှန်းများအား ပြောင်းလွယ်ပြင်လွယ်မှုကို သေချာစေရန် ညီလာခံက နည်းလမ်းအမျိုးမျိုး ကိုအသုံးပြုကြသည်။ ဥပမာအားဖြင့် –

(က) အမည်တပ်ထားသည့်နိုင်ငံများအတွက် ပြုပြင်ထားသောစံချိန်စံညွှန်းများကို ဥပဒေအပိုဒ်ငယ်များ ချမှတ်ခြင်း[၁၈]။ ယင်းတို့ကို ညီလာခံမှလတ်တလောအသုံးမပြုခဲ့ပါ။

(ခ) ပြဋ္ဌာန်းချက်တစ်ခုအား သဘောတူပြဋ္ဌာန်းခြင်းကို အကြံပြုတိုက်တွန်းချက်တစ်ခုနှင့်အတူ (သို့မဟုတ် နောင်သောအခါ ထပ်မံဖြည့်စွက်ချက်ဖြင့်) မူများချမှတ်၍ အကောင်အထည်ဖော်မှုအပေါ်၌ လုပ်ထုံးလုပ်နည်းဆိုင်ရာနှင့် လက်တွေ့ကျင့်သုံးမှုဆိုင်ရာအသေးစိတ်များကို လမ်းညွှန်မှုပေးခြင်း။

(ဂ) ကျယ်ပြန့်သည့် ဝေါဟာရများဖြင့် စံချိန်စံညွှန်းများ၏ အဓိပ္ပါယ်သတ်မှတ်ချက် – ဥပမာ၊ လူမှုရေးဆိုင်ရာ မူဝါဒများ၏ ရည်ရွယ်ချက်ကိုသတ်မှတ်ရာ၌ – ၎င်းကို နိုင်ငံအခြေအနေများနှင့် အလေ့အထများအတိုင်း ချမှတ်စေပြီး၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးမှုများကိုအကြိမ်ကြိမ်ပြုလုပ်ပြီးမှသာ၊လက်တွေ့သက်ဝင်စေမည့်နည်းလမ်းများကိုအဆုံးအဖြတ်ပေးရန်။ (ဥပဒေများ၊ စည်းမျဉ်းများ၊ စုပေါင်းသဘောတူညီမှုများ စသည်ဖြင့်)

(ဃ) ပြဋ္ဌာန်းချက်များကို အပိုင်း သို့မဟုတ် အပိုဒ်ခွဲများခွဲခြင်း၊ လိုက်နာရန်အချို့ကို အတည်ပြုသည့် အချိန်၌သာ လက်ခံရန်လိုအပ်ခြင်း၊ ဤအကြောင်းကြောင့် လူမှုရေးဥပဒေနှင့် အကောင်အထည်ဖော်နိုင်စွမ်း တိုးတက်လာအောင်ပြုနိုင်သည်နှင့်အမျှ လိုက်နာရန်အချက်များကို နောင်တစ်ချိန်တွင် တိုးချဲ့ရန် အခွင့်ရှိခြင်း[၁၉]။

(င) ပြဋ္ဌာန်းချက်များကို အခြားသောအပိုင်းများအဖြစ်ခွဲခြင်း၊ လက်ခံသည့်အပိုင်းများပေါ်၌ မူတည်၍ လိုက်နာရန်အချက်၏ အတိုင်းအတာ သို့မဟုတ် အဆင့်အတန်းသည် ကွဲပြားခြားနားနိုင်ခြင်း[၂၀]။

(စ) သတ်မှတ်ချက်ထက်လျော့သည့် စံချိန်စံညွှန်းကို လက်ခံရန်ခွင့်ပြုထားသည့် (တစ်ခါတစ်ရံယာယီအားဖြင့်) နိုင်ငံများမှ ဥပဒေအပိုဒ်ငယ်များ၊ ဥပမာ၊ အတည်ပြုခြင်းမတိုင်မီ အကြောင်းအရာနှင့် စပ်လျဉ်း၍ ဥပဒေပြုမှုမှုမရှိခြင်း သို့မဟုတ် စီးပွားရေး သို့မဟုတ် အုပ်ချုပ်ရေး သို့မဟုတ် ဆေးဘက်ဆိုင်ရာအဆောက်အအုံများသည် ပြီးပြည့်စုံသည့် ဖွံ့ဖြိုးတိုးတက်မှုမရှိသည့် အခြေအနေများ[၂၁]၊

(ဆ) ချန်လှပ်ရန်ခွင့်ပြုထားသည့်ဥပဒေအပိုဒ်ငယ်များ၊ ဥပမာ၊ သတ်မှတ်ထားသည့် အလုပ်အကိုင်များ သို့မဟုတ် လုပ်ငန်းများ သို့မဟုတ် လူဦးရေကျဲသော သို့မဟုတ် မဖွံ့ဖြိုးသေးသောနယ်မြေများ၊[၂၂]

(ဇ) သတ်မှတ်ထားသည့်စီးပွားရေးကဏ္ဍများတွင် အလုပ်ခန့်ထားခံရသူများနှင့်ပတ်သက်၍ တာဝန်များကို သီးခြားလက်ခံသည့် ဥပဒေအပိုဒ်ငယ်များ၊[၂၃]

[၁၈] ဥပမာ – အပိုဒ်ခွဲ ၉ မှ ၁၃ ထိ၊ အလုပ်ချိန်နာရီများ (စက်ရုံအလုပ်ရုံ) ပြဋ္ဌာန်းချက်၊ ၁၉၁၉ (အမှတ် ၁) တွင် ကြည့်ပါ။

[၁၉] ဥပမာ – လူမှုဖူလုံရေး (အနိမ့်ဆုံးစံသတ်မှတ်ချက်များ) ပြဋ္ဌာန်းချက် အပိုဒ်ခွဲ ၂၊ ၁၉၅၂ (အမှတ် ၁၀၂) တွင်ကြည့်ပါ။

[၂၀] ဥပမာ – အခကြေးငွေယူသောအလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးအကျိုးဆောင်လုပ်ငန်းများပြဋ္ဌာန်းချက် အပိုဒ်ခွဲ ၂ (ပြန်လည်ပြင်ဆင်ခဲ့သည်)၊ ၁၉၄၉ (အမှတ် ၉၆) တွင်ကြည့်ပါ။

[၂၁] ဥပမာ – လုပ်ငန်းခွင်ဝင်နိုင်သည့်အနိမ့်ဆုံးအသက်ပြဋ္ဌာန်းချက် ၁၉၇၃ (အမှတ် ၁၃၈) အပိုဒ်ခွဲ ၂ တွင်ကြည့်ပါ။

[၂၂] ဥပမာ – လုပ်ခလစာအားအကာအကွယ်ပေးသည့်ပြဋ္ဌာန်းချက်၊ ၁၉၄၉ (အမှတ် ၉၅) အပိုဒ်ခွဲ ၁၇ တွင်ကြည့်ပါ။

[၂၃] ဥပမာ – သီတင်းပတ်စဉ်တိုင်းအနားယူခြင်း (ကူးသန်းရောင်းဝယ်ရေးနှင့်ရုံးများ) ပြဋ္ဌာန်းချက်၊ ၁၉၅၇ (အမှတ် ၁၀၆) အပိုဒ်ခွဲ ၃ တွင်ကြည့်ပါ။

(ဈ) လတ်တလောအကျဆုံး ထုတ်ဝေသည့်မှီငြမ်းစာအုပ်ကို ညွှန်းခြင်းဖြင့် ဆေးသိပ္ပံတိုးတက်မှုများကို ရင်ဘောင်တန်းလိုက်ရန် ပုံစံချထားသော ဥပဒေအပိုဒ်ငယ်များ၊ သို့မဟုတ် မျက်မှောက်ဗဟုသုတရှိနေရန် အကြောင်းအရာတစ်ခုကို ပြန်လည်သုံးသပ်နေခြင်း၊[၂၄]

(ည) ပြဋ္ဌာန်းချက်တစ်ခု၏ ရွေးချယ်ခွင့်ရှိသည့်နောက်ဆက်တွဲစာချုပ်တစ်ခုကိုသဘောတူလက်ခံခြင်း၊ ပိုမိုပြောင်းလွယ်ပြင်လွယ်မှုဖြင့် ပြဋ္ဌာန်းချက်ကို အတည်ပြုနိုင်စေခြင်းဖြစ်စေ သို့မဟုတ် ပြဋ္ဌာန်းချက်၏ တာဝန်များကိုတိုးချဲ့ခြင်း၊[၂၅]

(ဋ) အစောပိုင်းပြဋ္ဌာန်းချက်ကို တစ်စိတ်တစ်ပိုင်းပြင်ဆင်သည့် ပြဋ္ဌာန်းချက်ထဲမှ အပိုဒ်ငယ်များ၊ ပြန်လည်မပြင်ဆင်ရသေးသည့် ပြဋ္ဌာန်းချက်အဟောင်းကို အတည်ပြုရန် လမ်းဖွင့်ထားလျက် အခြားနှင့် ပိုမိုခေတ်မီသော တာဝန်ဝတ္တရားများကို အပိုဒ်ငယ်များဖြင့် အစပျိုးခြင်း။[၂၆]

## အနိမ့်ဆုံးစံချိန်စံညွှန်းများကဲ့သို့ပြဋ္ဌာန်းချက်များနှင့်အကြံပြုတိုက်တွန်းချက်များ

၁၁။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉ အရ ထပ်မံရည်ညွှန်းထားသည်မှာ –

၈။ မည်သည့်အကြောင်းကိစ္စနှင့်မျှ မည်သည့်ပြဋ္ဌာန်းချက် သို့မဟုတ် အကြံပြုတိုက်တွန်းချက်ကိုမဆို ညီလာခံမှ သဘောတူလက်ခံခြင်း၊ သို့မဟုတ် မည်သည့်အဖွဲ့ဝင်မျှ မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို အတည်ပြုခြင်းတို့ကို၊ ပြဋ္ဌာန်းချက် သို့မဟုတ် အကြံပြုတိုက်တွန်းချက်တွင် ဖော်ပြထားသည်ထက် သက်ဆိုင်သောအလုပ်သမားများအတွက် ပိုမိုအဆင်ပြေသော အခြေအနေများကို သေချာစေသည့် မည်သည့်ဥပဒေ၊ ချီးမြှင့်မှု၊ ထုံးတမ်းဓလေ့ သို့မဟုတ် သဘောတူညီချက်အပေါ်ကိုမျှ အကျိုးသက်ရောက်မှုရှိသည်ဟု မယူဆရ။

## အလုပ်ရှင်များနှင့် အလုပ်သမားအဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု

၁၂။ အထက်ပါစာပိုဒ်များ ၃ နှင့် ၄ အောက်တွင် သတ်မှတ်ပြဋ္ဌာန်းထားသော တည်ဆဲအမိန့်များအပြင် သုံးပွင့်ဆိုင် တိုင်ပင်ဆွေးနွေးမှု (နိုင်ငံတကာအလုပ်သမားဆိုင်ရာ စံချိန်စံချိန်စံညွှန်းများ) ပြဋ္ဌာန်းချက်၊ ၁၉၇၆ (အမှတ် ၁၄၄) ၏ အပိုဒ်ခွဲ ၅(၁)(က) နှင့် သုံးပွင့်ဆိုင် တိုင်ပင်ဆွေးနွေးမှု (အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ လှုပ်ရှားမှုများ) ပြဋ္ဌာန်းချက်၊ ၁၉၇၆ (အမှတ် ၁၅၂) ၏ အပိုဒ်ခွဲ ၅(က) အရ အလုပ်ရှင်များ နှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းမှုများကို ညီလာခံ၏ အစီအစဉ်မှကိစ္စရပ်များနှင့်ပတ်သက်သည့် စစ်တမ်းမေးခွန်းလွှာများအား အစိုးရက ပြန်လည်ဖြေကြားခြင်းနှင့် ဆွေးနွေးရန်အဆိုပြုထားသော စာသားများအပေါ် အစိုးရမှတ်ချက်များပေးရန်အတွက် ကျင်းပသင့်သည်။

---

[၂၄] ဥပမာ – ရေကြောင်းအလုပ်သမားပြဋ္ဌာန်းချက်၊ ၂၀၀၆၊ ပြင်ဆင်ခဲ့သည်အရ (MLC, ၂၀၀၆) ၏ လမ်းညွှန်ချက် B4.1.1. အပိုဒ်ခွဲ ၂ တွင်ကြည့်ပါ။

[၂၅] ဥပမာ – ၁၉၈၂ နောက်ဆက်တွဲစာချုပ်၊ စိုက်ခင်းများပြဋ္ဌာန်းချက်၊ ၁၉၅၈ နှင့် ၁၉၉၅ နောက်ဆက်တွဲစာချုပ်၊ အလုပ်ရုံနှင့်အလုပ်သမားစစ်ဆေးခြင်း ပြဋ္ဌာန်းချက်၊ ၁၉၄၇ တွင်ကြည့်ပါ။

[၂၆] ဥပမာ – အလုပ်သမားများ၏ အကျိုးခံစားခွင့်တောင်းခံလျှောက်ထားခြင်းများအား အကာအကွယ်ပေးသည့် (အလုပ်ရှင်၏ လူမွဲစာရင်းခံခြင်း) ပြဋ္ဌာန်းချက်၊ ၁၉၉၂ (အမှတ် ၁၇၃) တွင်ကြည့်ပါ။

## အကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြက္ခဒိန် – ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို လက်ခံကျင့်သုံးခြင်း

(ဤသည်မှာနှစ်ကြိမ်ဆွေးနွေးခြင်းလုပ်ထုံးလုပ်နည်းကိုဖော်ပြထားပြီးတစ်ကြိမ်တည်းဆွေးနွေးခြင်းကိုစွတွင်လွယ်ကူရှင်းလင်းစေပါသည်)

| ကာလ | ILO ဆောင်ရွက်မှု | နိုင်ငံတော်စီမံအုပ်ချုပ်မှုများ၏ ဆောင်ရွက်မှု |
|---|---|---|
| နိုဝင်ဘာ (နှစ်–၁) နှင့် မတ် (နှစ်–၂) | ILO အုပ်ချုပ်မှုအဖွဲ့က ILO ညီလာခံ၏ အစီအစဉ်ကို နှစ်–၄ တွင် စဉ်းစား၍ ဆုံးဖြတ်သည်။ | |
| နိုဝင်ဘာ – ဒီဇင်ဘာ (နှစ်–၂) | ILO သည် ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှု အစီရင်ခံစာကို ဖြစ်နိုင်ခြေရှိသည့် နည်းလမ်း အသစ်တွင်ပါဝင်သည့် အကြောင်းအရာအတွက် စစ်တမ်းမေးခွန်းလွှာနှင့်အတူ ဖြန့်ဝေသည်။ | ဖြေကြားချက်များအတွက် အလုပ်ရှင်များ နှင့် အလုပ်သမားများအဖွဲ့အစည်းများ နှင့် တိုင်ပင်ဆွေးနွေးသည်။ (ညီလာခံ၏ တည်ဆဲအမိန့်များ၏ အပိုဒ်ခွဲ ၃၈ နှင့် ၃၉ နှင့် – နိုင်ငံတော်ပါတီများအတွက် – C.144) |
| ၃၀ ဇွန်နောက်ဆုံးထား၍ (နှစ်–၃) | | စစ်တမ်းမေးခွန်းလွှာအားဖြေကြားချက်များ ပြင်ဆင်ပြီး ILO သို့ ၃၀ ရက်ဇွန် (နှစ်–၃) နောက်ဆုံးထား၍ပို့သည်။ |
| ဇန်နဝါရီ – ဖေဖော်ဝါရီ (နှစ်–၄) | ILO သည် အဆိုပြုထားသည့် ကောက်ချက်များနှင့် အတူ ဖြေကြားချက်များကို စိစစ်ထားသည့် အစီရင်ခံစာကို ဖြန့်ဝေသည်။ | ညီလာခံဆွေးနွေးပွဲအတွက် အနေအထားပြင်ဆင်သည်။ |
| ဇွန် (နှစ်–၄) | အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ – အကြောင်းအရာ ပထမဆွေးနွေးပွဲ | ပညာရပ်ဆိုင်ရာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုတွင် ဆီလျော်သလို– ပါဝင်သည်။ |
| ဩဂုတ် – စက်တင်ဘာ (နှစ်–၄) | ILO သည် ပထမဆွေးနွေးပွဲကို အခြေခံသည့် မူကြမ်းစာတမ်းကို ဖြန့်ဝေသည်။ | မှတ်ချက်များအတွက် အလုပ်ရှင်များနှင့် အလုပ်သမားများအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးသည်။ (ညီလာခံ၏ တည်ဆဲအမိန့်များ၏ အပိုဒ်ခွဲ ၃၈ နှင့် ၃၉ နှင့် – နိုင်ငံတော်ပါတီများအတွက် – C.144) |
| ၃၀ နိုဝင်ဘာနောက်ဆုံးထား၍ (နှစ်–၄) | | မည်သည့်မှတ်ချက်မဆို ILO သို့ ၃၀ ရက် နိုဝင်ဘာ (နှစ်–၄) နောက်ဆုံးထား၍ပို့သည်။ |
| ဖေဖော်ဝါရီ – မတ် (နှစ်–၅) | ILO သည် လက်ခံရရှိထားသည့် မှတ်ချက်များအရ ပြန်လည်ပြင်ဆင်ထားသည့် စာသားများကို ဖြန့်ဝေသည်။ | ညီလာခံဆွေးနွေးပွဲအတွက် အနေအထား ပြင်ဆင်သည်။ |
| ဇွန် (နှစ်–၅) | အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ – ဒုတိယဆွေးနွေးပွဲနှင့် သဘောတူလက်ခံခြင်း | နည်းပညာကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုတွင် ဆီလျော်သလို– ပါဝင်သည်။ |

# ၂။ အခွင့်ရအာဏာပိုင်များထံသို့ တင်သွင်းခြင်း

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာတာဝန်ဝတ္တရားများ

၁၃။ မည်သည့်နိုင်ငံအတွက်မဆို ပြဋ္ဌာန်းချက်များသည် အိုင်အယ်လ်အို (ILO) ၏ ညွှန်ကြားရေးမှူးချုပ်မှ အတည်ပြုပြီး တရားဝင်မှတ်ပုံတင်ခြင်းပြုလုပ်မှုအားဖြင့်သာ သက်ရောက်မှုရှိသည်။ သို့ရာတွင် အဖွဲ့ဝင်နိုင်ငံများအားလုံးသည် အခွင့်ရနိုင်ငံတော်အာဏာပိုင်များထံသို့ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို တင်သွင်းရန် တာဝန်ရှိသည်။[၂၇] ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ ၁၉ ၏ သက်ဆိုင်သည့် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

၅။ ပြဋ္ဌာန်းချက်တစ်ခုဖြစ်ပါက၊

(က) အတည်ပြုရန်အတွက် ပြဋ္ဌာန်းချက်ကို အဖွဲ့ဝင်နိုင်ငံအားလုံးထံသို့ ဆက်သွယ်ရမည်။

(ခ) အဖွဲ့ဝင်တိုင်းသည်၊ ညီလာခံပိတ်သိမ်းသည့်အချိန်မှ အများဆုံးတစ်နှစ်ကာလအတွင်း၊ သို့မဟုတ် ထူးခြားသော အခြေအနေများကြောင့် တစ်နှစ်ကာလအတွင်း၌ မဖြစ်နိုင်ခဲ့လျှင်၊ အစောဆုံးလက်တွေ့တွင် ဖြစ်နိုင်သည့်အချိန်နှင့် မည်သည့်အကြောင်းနှင့်မျှ ညီလာခံပိတ်သိမ်းသည့်အချိန်မှ ၁၈ လထက်နောက်မကျစေဘဲ၊ ပြဋ္ဌာန်းချက်ကို အကြောင်းသက်ဆိုင်သော အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များ ရှေ့မှောက်သို့တင်သွင်း၍ ဥပဒေပြုရန် သို့မဟုတ် အခြားအရေးယူဆောင်ရွက်မှုပြုရန်အတွက် တာဝန်ယူဆောင်ရွက်မည်။။

(ဂ) အဖွဲ့ဝင်များသည် ဤဥပဒေအပိုဒ်ခွဲအရ အရေးယူဆောင်ရွက်ထားရှိမှုများကို ဖော်ပြခဲ့သည့်အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များ၏ ရှေ့မှောက်သို့ အာဏာပိုင် သို့မဟုတ် အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်အပ်နှင်းခံထားရသည်ဟု မှတ်ယူနိုင်သည့် အချက်အလက်များနှင့်တကွ ပြဋ္ဌာန်းချက်ကို တင်သွင်းရမည်ဖြစ်ပြီး၊ ၎င်းတို့၏ ဆောင်ရွက်မှုကို အိုင်အယ်လ်အို (ILO) ရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်။

၆။ အကြံပြုတိုက်တွန်းချက်တစ်ခုဖြစ်ပါက၊

(က) အကြံပြုတိုက်တွန်းချက်ကို အမျိုးသားဥပဒေ သို့မဟုတ် အခြားနည်းဖြင့် အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ၎င်းတို့၏ စဉ်းစားဆင်ခြင်မှုအတွက် အဖွဲ့ဝင်အားလုံးထံသို့ ဆက်သွယ်ရမည်။

(ခ) အဖွဲ့ဝင်တိုင်းသည်၊ ညီလာခံပိတ်သိမ်းသည့် အချိန်မှ အများဆုံးတစ်နှစ်ကာလအတွင်း၊ သို့မဟုတ် ထူးခြားသောအခြေအနေများကြောင့် တစ်နှစ်ကာလအတွင်း၌ မဖြစ်နိုင်ခဲ့လျှင်၊ အစောဆုံးလက်တွေ့တွင် ဖြစ်နိုင်သည့် အချိန်နှင့် မည်သည့်အကြောင်းနှင့်မျှ ညီလာခံပိတ်သိမ်းသည့်အချိန်မှ ၁၈ လထက်နောက်မကျစေဘဲ၊ အကြံပြုတိုက်တွန်းချက်ကို ယင်းကိစ္စအား အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များရှေ့မှောက်သို့တင်သွင်း၍ ဥပဒေပြုရန် သို့မဟုတ် အခြားအရေးယူဆောင်ရွက်မှုပြုရန်အတွက် တာဝန်ယူဆောင်ရွက်မည်။။

(ဂ) အဖွဲ့ဝင်များသည်ဤဥပဒေအပိုဒ်ခွဲအရ အရေးယူဆောင်ရွက်ထားရှိမှုများကို ဖော်ပြခဲ့သည့်အခွင့်ရအာဏာပိုင် သို့မဟုတ် အာဏာပိုင်များ၏ ရှေ့မှောက်သို့ အာဏာပိုင် သို့မဟုတ် အာဏာပိုင်များ၏ လုပ်ပိုင်ခွင့်အပ်နှင်းခံထားရသည်ဟု မှတ်ယူနိုင်သည့် အချက်အလက်များနှင့်တကွ အကြံပြုတိုက်တွန်းချက်ကို တင်သွင်းရမည်ဖြစ်ပြီး၊ ၎င်းတို့၏ဆောင်ရွက်မှုကို အိုင်အယ်လ်အို (ILO) ရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်။

[၂၇] နှင့် နောက်ဆက်တွဲစာချုပ်များတွင်၎င်းတို့ကိုပြန်လည်တစ်စိတ်တစ်ပိုင်းပြင်ဆင်မှုများပါဝင်နိုင်သမျှပါဝင်မှုကြောင့် ပြဋ္ဌာန်းချက်များအဖြစ် လက်ခံနိုင်သည်။

၇။ ဖက်ဒရယ်နိုင်ငံတစ်ခုကိစ္စဖြစ်ပါက၊ အောက်ပါသတ်မှတ်ချက်များနှင့်သက်ဆိုင်စေရမည် –

(က) ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့်ပတ်သက်၍ ဖက်ဒရယ်အစိုးရက ၎င်း၏ ဖွဲ့စည်းပုံ အခြေခံဥပဒေစနစ်အောက်တွင်ရှိသော ဖက်ဒရယ်ဆောင်ရွက်ချက်အတွက် သင့်လျော်သည်ဟု ယူဆပါက၊ ဖက်ဒရယ်နိုင်ငံ၏ တာဝန်ဝတ္တရားများသည် ဖက်ဒရယ်နိုင်ငံများ မဟုတ်သော အဖွဲ့ဝင်များ၏ တာဝန်ဝတ္တရားများနှင့် တူညီစေရမည်။

(ခ) ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့်ပတ်သက်၍ ဖက်ဒရယ်အစိုးရက ဖက်ဒရယ်ဆောင်ရွက်ချက်အတွက်သာ မဟုတ်ဘဲ၊ ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအောက်တွင်ရှိသော ဖက်ဒရယ်ပြည်နယ်များအတွက် သင့်လျော်သည်ဟု ယူဆပါက၊ အချုပ်အခြာအာဏာပိုင်နိုင်ငံ၌ပါဝင်သည့် ပြည်နယ်များ သို့မဟုတ် စီရင်စုများ သို့မဟုတ် ဒေသစိတ် နယ်မြေများ၏ ဆောင်ရွက်မှုအတွက် ဖက်ဒရယ်အစိုးရသည် –

(၁) ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရနှင့် သက်ဆိုင်သည့် ပြည်နယ်များ၊ သို့မဟုတ် စီရင်စုများ သို့မဟုတ် သက်ဆိုင်သည့်ဒေသစိတ်နယ်မြေများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများအရ၊ ထိုကဲ့သို့သောပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ရည်ညွှန်းရန် ညီလာခံပိတ်သိမ်းပြီးနောက် ၁၈ လထက်နောက်မကျဘဲ ဖက်ဒရယ်၊ စီရင်စုပြည်နယ်၊ သို့မဟုတ် ဒေသစိတ်နယ်မြေများသို့ ဥပဒေပြဋ္ဌာန်းရန် သို့မဟုတ် အခြားအရေးယူဆောင်ရွက်မှုပြုရန်အတွက် ထိရောက်သောအစီအစဉ်များကို ပြုလုပ်ရမည်။

(၂) သက်ဆိုင်သည့်ပြည်နယ်၊ စီရင်စု သို့မဟုတ် ဒေသစိတ်နယ်မြေအစိုးရများ၏ သဘောထားတိုက်ဆိုင်မှုကိုလိုက်နာမှုနှင့်ပတ်သက်၍၊ ဖက်ဒရယ်နှင့် ပြည်နယ်၊ စီရင်စု သို့မဟုတ် ဒေသစိတ်နယ်မြေများ၏ အာဏာပိုင်များအကြား၌၊ ဖက်ဒရယ်နိုင်ငံ အတွင်းညှိနှိုင်းဆောင်ရွက်ခြင်းကို မြှင့်တင်သည့်ရည်ရွယ်ချက်ဖြင့် ပုံမှန်ဆွေးနွေးတိုင်ပင်မှုများကိုပြုလုပ်၍ ထိုကဲ့သို့သော ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအတွက် သတ်မှတ်ချက်များကို အကျိုးသက်ရောက်မှုရှိစေရန် စီစဉ်ရမည်။

(၃) ဤဥပဒေအပိုဒ်ခွဲနှင့်အညီ ဆောင်ရွက်ထားရှိမှုများကို ဖော်ပြခဲ့သည့် ဖက်ဒရယ်ပြည်နယ်၊ စီရင်စု သို့မဟုတ် ဒေသစိတ်နယ်မြေများ၏ အာဏာပိုင်များရှေ့မှောက်သို့ သင့်လျော်သည်ဟုမှတ်ယူနိုင်သည့် အချက်အလက်များနှင့်တကွ ထိုကဲ့သို့သော ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို တင်သွင်းရမည်ဖြစ်ပြီး၊ ၎င်းတို့၏ အရေးယူဆောင်ရွက်ချက်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံ အကြောင်းကြားရမည်[၂၈]။

## အုပ်ချုပ်ရေးအဖွဲ့စာချွန်လွှာ

၁၄။ အထက်ပါအပိုဒ် ၁၂ တွင် ကိုးကားထားသော သတ်မှတ်ချက်များနှင့်အညီလိုက်နာရန် အရေးယူဆောင်ရွက်မှုများနှင့်ပတ်သက်၍ အစိုးရများမှပေးပို့သော သတင်းအချက်အလက်များ၏ တင်ပြမှုတစ်ပြေးညီဖြစ်စေရန် အုပ်ချုပ်ရေးအဖွဲ့သည် အခွင့်ရအာဏာပိုင်များထံ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို တင်ပြရမည့် တာဝန်ဝတ္တရားနှင့်ပတ်သက်သည့် စာချွန်လွှာတစ်ခုကို သဘောတူပြဋ္ဌာန်းခဲ့သည်။ ၂၀၀၅ ခုနှစ် မတ်လတွင် အုပ်ချုပ်ရေးအဖွဲ့က တင်ဆက်မှုပုံစံအသစ်ဖြင့် ပြန်လည်ပြင်ဆင်ထားသော စာချွန်လွှာတစ်စောင်ကိုသဘောတူပြဋ္ဌာန်းခဲ့သည်[၂၉]။ စာချွန်လွှာသည် အခြေခံဥပဒေ၏သက်ဆိုင်သည့်သတ်မှတ်ချက်များကိုပြန်လည်အသိအမှတ်

28 ထို့အပြင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၃၅၊ အပုဒ် ၄ က ဤသို့သတ်မှတ်ထားသည် – "ပြဋ္ဌာန်းချက်၏ အကြောင်းအရာကိစ္စသည် မြို့တော်မဟုတ်သည့် နယ်မြေများ၏ မည်သည့်ကိုယ်ပိုင်အုပ်ချုပ်သည့်အခွင့်အာဏာအတွင်း၌မဆိုရှိပါက၊ ၎င်းနယ်မြေ၏ နိုင်ငံတကာဆက်ဆံရေးကို တာဝန်ယူသည့်အဖွဲ့ဝင်သည် ယင်းနယ်မြေအစိုးရက ဥပဒေပြုရန် သို့မဟုတ် အခြားအရေးယူဆောင်ရွက်မှုပြုရန် ရည်ရွယ်ချက်ဖြင့် ပြဋ္ဌာန်းချက်ကို နယ်မြေအစိုးရအား ဖြစ်နိုင်သမျှ မြန်မြန်အသိပေးရန် ....... "

၂၉ GB.292/LILS/1(Rev.) and GB.292/10(Rev.), နောက်ဆက်တွဲ ၁။

ပြုလျက် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အသုံးချမှုဆိုင်ရာကျွမ်းကျင်ပညာရှင်များ ကော်မတီ (CEACR) ၏ အစီရင်ခံစာများနှင့် စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာ ညီလာခံကော်မတီ (CAS) တို့၏ အစီရင်ခံစာများမှတင်သွင်းခြင်း၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ၊ တာဝန်ဝတ္တရားများ၏ သဘော သဘာဝနှင့် သတင်းအချက်အလက်များအား ဆက်တိုက်တောင်းဆိုမှုများကို ရှင်းလင်းမှုရှိစေရန် ရည်ရွယ် သော ကောက်နုတ်ချက်များပါရှိသည်။ ညီလာခံမှ အတည်ပြုထားသော စာချုပ်စာတမ်းများကို အခွင့်ရအာဏာ ပိုင်သို့ တင်ပြရန်တာဝန်ဝတ္တရားရှိမှုနှင့်ပတ်သက်၍ ကျင်းပသင့်သည့် သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးပွဲများကို လည်း ပြန်လည်အသိအမှတ်ပြုသည်။ စာချွန်လွှာတွင် ပါဝင်သည့်အချက်များ[၁၀]မှာ အောက်ပါအတိုင်းဖြစ်သည်–

### ၁။ တင်သွင်းခြင်း၏ ရည်ရွယ်ချက်များနှင့် ရည်မှန်းချက်များ

(က) တင်သွင်းခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ အတွက် ပြည်တွင်းအဆင့်တွင် အရေးယူဆောင်ရွက်ချက်များကို အကောင်အထည်ဖော်ခြင်း အား မြှင့်တင်ပေးရန်ဖြစ်သည်။ ထို့အပြင် ပြဋ္ဌာန်းချက်များ၏ ကိစ္စနှင့်ပတ်သက်၍ လုပ်ထုံး လုပ်နည်းသည် အတည်ပြုခြင်းကို မြှင့်တင်ပေးရန်လည်း ရည်ရွယ်သည်။

(ခ) အစိုးရများသည် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့် ပတ်သက်၍ သင့် လျော်စွာ စီရင်ဆုံးဖြတ်နိုင်မည့် မည်သည့်အရေးယူဆောင်ရွက်မှုကိုမဆို လုံးဝလွတ်လပ်စွာ အဆိုပြုနိုင်ကြဆဲ ဖြစ်သည်။ တင်သွင်းခြင်း၏ ရည်ရွယ်ချက်မှာ ညီလာခံက သဘောတူ ပြဋ္ဌာန်းမည့် စာချုပ်စာတမ်းများအပေါ်၌ အဖွဲ့ဝင်နိုင်ငံအသီးသီး၏ မြန်ဆန်ပြီး တာဝန်သိ သည့် ဆုံးဖြတ်ချက်ကို အားပေးရန်ဖြစ်သည်။

(ဂ) တင်သွင်းခြင်းတာဝန်သည် အိုင်အယ်လ်အို (ILO) စံချိန်စံညွှန်းစနစ်၏ အခြေခံကျသော လို အပ်ချက်တစ်ခုဖြစ်သည်။ ဤတာဝန်ဝတ္တရား၏ထားရှိခဲ့သည့်၊ နှင့်ရှိနေဆဲရည်ရွယ်ချက် တစ်ခုမှာ၊ညီလာခံမှအတည်ပြုပြဋ္ဌာန်းထားသည့်စာချုပ်စာတမ်းများကိုပါလီမန်အဖွဲ့တစ်ခု သို့ တင်သွင်း ခြင်းအားဖြင့် ပြည်သူလူထု၏သိရှိမှုသို့ရောက်ရှိစေသည်။

(ဃ) တင်သွင်းခြင်းတာဝန်ဝတ္တရားသည် အဖွဲ့အစည်းနှင့် အခွင့်ရအာဏာပိုင်များအကြား ဆက် ဆံရေးကို အားဖြည့်ပေးပြီး နိုင်ငံတော်အဆင့်တွင်သုံးပွင့်ဆိုင်အပြန်အလှန်ဆွေးနွေးမှုကို လှုံ့ဆော်ပေးသည်။

### ၂။ အခွင့်ရအာဏာပိုင်၏ သဘောသဘာဝ

(က) အခွင့်ရအာဏာပိုင်သည်၊ပြည်နယ်အသီးသီး၏ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင်ပြဋ္ဌာန်း ချက်များနှင့် အကြံပြုတိုက်တွန်းချက်များအား အကောင်အထည်ဖော်နိုင်ရန်အတွက်ဥပဒေ ပြုရန် သို့မဟုတ် အခြားအရေးယူဆောင်ရွက်မှုကို ပြုလုပ်ရန် အခွင့်အာဏာရှိသည်။

(ခ) အခွင့်ရနိုင်ငံတော်အာဏာပိုင်သည်ပုံမှန်အားဖြင့် ဥပဒေပြုလွှတ်တော်ဖြစ်သင့်သည်။

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သတ်မှတ်ချက်အောက်တွင်ရှိသည့် အဖွဲ့ဝင်၏ ကိစ္စရပ်များ၌ပင် လျှင်၊ ဥပဒေပြုမှုအာဏာကို အလုပ်အမှုဆောင်အဖွဲ့က ချုပ်ကိုင်ထားပြီး၊ ထိုအချက်သည် အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ အပိုဒ်ခွဲ ၁၉ ၏ ပြဋ္ဌာန်းချက်များ၏ စိတ်ဓါတ်နှင့်၊ ညီလာခံမှသဘောတူပြဋ္ဌာန်းထားသည့် စာချုပ်စာတမ်းများအား စဉ်းစားဆုံး ဖြတ်သည့် အဖွဲ့တစ်ခုမှ၊ ရှိခဲ့ပါက၊ စစ်ဆေးရန်အတွက် အစီအစဉ်လုပ်သည့် အလေ့အကျင့် နှင့် ကိုက်ညီသည်။ စဉ်းစားဆုံးဖြတ်သည့် စည်းဝေးပွဲတစ်ခုတွင် ဆွေးနွေးခြင်း သို့မဟုတ်

[၁၀] အခွင့်ရအာဏာပိုင်များသို့တင်သွင်းရမည့်တာဝန်နှင့်စပ်လျဉ်းသည့်စာချွန်လွှာ၊ အိုင်အယ်လ်အို (ILO)၊ ဂျီနီဗာ ၂၀၀၅

အနည်းဆုံးစည်းဝေးပွဲ၏ သတင်းအချက်အလက်များကို ဆွေးနွေးခြင်းသည် မေးခွန်းတစ်ခုကို အပြည့်အဝစစ်ဆေးရာ၌ အရေးပါသောအချက်တစ်ခု ပါဝင်လာနိုင်ပြီး ညီလာခံက သဘောတူပြဋ္ဌာန်းထားသည့် စာချုပ်စာတမ်းများအပေါ် အကျိုးသက်ရောက်စေရန် ပြည်တွင်းအဆင့်၌ လုပ်ဆောင်ခဲ့သော အရေးယူဆောင်ရွက်မှုများကို ဖြစ်နိုင်သမျှတိုးတက်စေပါသည်။ ထိုဆောင်ရွက်မှုသည် ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အတည်ပြုမှုအတွက် ဆုံးဖြတ်ချက်တစ်ခုရသည့်ဘက်သို့ ဦးတည်စေနိုင်သည်။

(ဃ) ပါလီမန်အဖွဲ့တစ်ဖွဲ့မရှိပါက၊ အတိုင်ပင်ခံအဖွဲ့တစ်ဖွဲ့ကို အသိပေးခြင်းသည် ညီလာခံမှ ချမှတ်ခဲ့ သောကိစ္စရပ်များအား အပြည့်အဝစစ်ဆေးမှုတစ်ခုဆောင်ရွက်နိုင်ရန် ဖြစ်နိုင်ခြေရှိသည်။ ဤလုပ်ငန်းစဉ်သည် စာချုပ်စာတမ်းများကို ပြည်သူလူထုအတွင်း ကျယ်ပြန့်စွာရောက်ရှိရန် သေချာစေပြီး ထိုအချက်သည် တင်သွင်းခြင်းတာဝန်ဝတ္တရား၏ ရည်ရွယ်ချက်များအနက် တစ်ခုဖြစ်သည်။

### ၃။ တင်သွင်းရန်တာဝန်ဝတ္တရား၏ အတိုင်းအတာ

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉ က ညီလာခံမှလက်ခံပြဋ္ဌာန်းခဲ့သည့် စာချုပ်စာတမ်းအားလုံးကို ခြွင်းချန်မှုမရှိဘဲနှင့်၊ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအကြား အတန်းအစားမခွဲခြားဘဲ အခွင့်ရအာဏာပိုင်များရှေ့မှောက်သို့ တင်ပြရန်တာဝန်ဝတ္တရားကို ချမှတ်ခဲ့သည်။

(ခ) အစိုးရများသည် စာချုပ်စာတမ်းများကို တင်သွင်းသည့်အခါ၌ ပြုလုပ်မည့်အဆိုပြုချက်များ၏ သဘောသဘာဝနှင့်ပတ်သက်၍လည်းကောင်း၊ ၎င်းတို့အနေဖြင့် ညီလာခံမှသဘောတူပြဋ္ဌာန်းထားသည့် စာချုပ်စာတမ်းများကို ပေးသင့်သည်ဟုယူဆသည့် အကျိုးသက်ရောက်မှုအပေါ် စဉ်းစားရာ၌လည်းကောင်း လွတ်လပ်မှုအပြည့်ဖြင့် ဆောင်ရွက်နိုင်သည်။ စာချုပ်စာတမ်းများကို တင်သွင်းရန် တာဝန်ဝတ္တရားသည် ပြဋ္ဌာန်းချက်များကို အတည်ပြုရန်အဆိုပြုခြင်း သို့မဟုတ် အကြံပြုတိုက်တွန်းချက်များအား လက်ခံခြင်းအတွက် မည်သည့်တာဝန်ဝတ္တရားမျှမရှိဟု ယူဆ၍မရပါ။

### ၄။ တင်သွင်းသည့်ပုံစံ

(က) ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ ၁၉ သည် အခွင့်ရအာဏာပိုင်များထံမှ ဆုံးဖြတ်ချက်ကို ရယူရန် ရှင်းလင်းစွာရည်ရွယ်ထားသည့်အလျောက် အဆိုပါအာဏာပိုင်များထံ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို တင်သွင်းရာ၌ စာချုပ်စာတမ်းများအား ဆက်လက်အရေးယူဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ အစိုးရများ၏ ထင်မြင်ချက်သဘောထားများကို ဖော်ပြထားသည့် ထုတ်ပြန်ချက်တစ်ခု သို့မဟုတ် အဆိုပြုချက်များနှင့် အမြဲတစေပူးတွဲ၍လည်းကောင်း၊ နောက်ဆက်တွဲအနေဖြင့်လည်းကောင်း တင်သွင်းသင့်သည်။

(ခ) စွဲမှတ်ထားရမည့် ပဓာနကျသည့်အချက်များမှာ – (က) ဥပဒေပြုလွှတ်တော်အာဏာပိုင်အဖွဲ့သို့ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို တင်သွင်းသည့်အခါ သို့မဟုတ် တင်သွင်းပြီးနောက်၊ အစိုးရများသည် ၎င်းစာချုပ်စာတမ်းများ၏ အကျိုးသက်ရောက်မှုအတွက် မည်သို့ဆက်လက်အရေးယူဆောင်ရွက်မည် သို့မဟုတ် မည်သည့်ဆောင်ရွက်မှုကိုမျှမပြုရန် အဆိုပြုမည် သို့မဟုတ် ဆုံးဖြတ်ချက်ကို ရွှေ့ဆိုင်းမည် စသည်တို့ကို ရည်ညွှန်းဖော်သင့်သည်၊ နှင့် (ခ) ကိစ္စကိုအရေးယူဆောင်ရွက်ရန် ဆွေးနွေးငြင်းခုံမှုအတွက် အခွင့်အလမ်းတစ်ခု ဥပဒေပြုလွှတ်တော်အတွင်း၌ ရှိသင့်သည် ။

### ၅။ အချိန်ကန့်သတ်ချက်များ

(က) အခွင့်ရနိုင်ငံတော်အာဏာပိုင်များသည် အပြည်ပြည်ဆိုင်ရာအဆင့်တွင် သဘောတူပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းများနှင့် ပတ်သက်၍ ခေတ်နှင့်တစ်ပြေးညီရှိနေစေရန် ထိန်းသိမ်းရမည့်အလျှောက် ၎င်းတို့ကို နိုင်ငံတော်အဆင့်တွင် အကျိုးသက်ရောက်မှုရှိစေရန် နိုင်ငံတစ်ခုစီ၏ အရေးယူဆောင်ရွက်မှုကို လိုအပ်မည်ဖြစ်ပြီး၊ တင်သွင်းမှုကို ဖြစ်နိုင်သရွေ့ စောစောပြုလုပ်သင့်ပြီး မည်သည့်ကိစ္စရပ်တွင်မဆို ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ ၁၉ အရ သတ်မှတ်ထားသည့် အချိန်အကန့်အသတ်အတွင်း၌ ဆောင်ရွက်ရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ ၁၉ ၏ တရားဝင်ပြဋ္ဌာန်းချက်အရ အခွင့်ရအာဏာပိုင်များသို့ ညီလာခံကသဘောတူပြဋ္ဌာန်းထားသော စာသားများတင်သွင်းခြင်းသည် တစ်နှစ်အတွင်း သို့မဟုတ် ထူးခြားသောအခြေအနေများတွင် ညီလာခံအစည်းအဝေးကျင်းပပြီးနောက် ၁၈ လထက်မကြာစေဘဲ အကျိုးသက်ရောက်စေရမည်။ ထိုကန့်သတ်ချက်သည် ဖက်ဒရယ်မဟုတ်သည့် နိုင်ငံများသာမဟုတ်ဘဲ ဖက်ဒရယ်နိုင်ငံများနှင့်ပါ သက်ဆိုင်သည် – ဒုတိယကိစ္စတွင် ၁၈ လကာလသည် အချုပ်အခြာအာဏာပိုင်နိုင်ငံ၌ ပါဝင်သည့်ပြည်နယ်များ သို့မဟုတ် စီရင်စုများ သို့မဟုတ် ဒေသစိတ်နယ်မြေများက အရေးယူဆောင်ရွက်မှုအတွက် သင့်တော်သည်ဟု ဖက်ဒရယ်အစိုးရကယူဆသော ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့်သာ သက်ဆိုင်သည်။ နိုင်ငံတော်အဖွဲ့ဝင်များသည် ညွှန်းထားသောအချိန်ကန့်သတ်ချက်များကို အလေးထားမှုရှိခဲ့ကြောင်း သေချာစေရန်အတွက် အဆိုပါဆုံးဖြတ်ချက်များကို ညွှန်ကြားရေးမှူးချုပ်သို့ဆက်သွယ်ရာတွင် အခွင့်ရအာဏာပိုင်များထံ တင်ပြခဲ့သောရက်စွဲအား ဖော်ပြသင့်ကြောင်း ကော်မတီက အကြံပြုသည်။

### ၆။ ဖက်ဒရယ်နိုင်ငံများ၏ တာဝန်ဝတ္တရားများ

ဖက်ဒရယ်နိုင်ငံများနှင့်စပ်လျဉ်း၍ ကော်မတီကထောက်ပြလိုသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ ၁၉ စာပိုဒ် ၇ (ခ)(၁) အရ အချုပ်အခြာအာဏာပိုင်နိုင်ငံ၌ပါဝင်သည့် ပြည်နယ်များ သို့မဟုတ် စီရင်စုများ သို့မဟုတ် ဒေသစိတ်နယ်မြေများက ပြုလုပ်သောအရေးယူဆောင်ရွက်မှုသည် "သင့်လျော်သည်" ဟု ယူဆသည့်အခါတိုင်း၌၊ ညီလာခံကသဘောတူပြဋ္ဌာန်းခဲ့သည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို အချုပ်အခြာအာဏာပိုင်နိုင်ငံ၌ပါဝင်သည့် ပြည်နယ်များ သို့မဟုတ် စီရင်စုများ သို့မဟုတ် ဒေသစိတ်နယ်မြေများ၏ "သင့်လျော်သည့် အာဏာပိုင်များ" သို့ ဥပဒေပြုခြင်း သို့မဟုတ် အခြားအရေးယူဆောင်ရွက်မှုပြုခြင်းတို့ကို ရည်ညွှန်းမှုပြုရန်အတွက် အစိုးရအနေဖြင့် အကျိုးသက်ရောက်မှုရှိသည့် စီစဉ်ဆောင်ရွက်မှုများကို ပြုလုပ်ပေးရမည်။

### ၇။ သုံးပွင့်ဆိုင်တိုင်ပင်ဆွေးနွေးခြင်း

(က) သုံးပွင့်ဆိုင်တိုင်ပင်ဆွေးနွေးခြင်း (အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းများ) ပြဋ္ဌာန်းချက်၊ ၁၉၇၆ (အမှတ် ၁၄၄)၊ ကို အတည်ပြုပြီးသည့် နိုင်ငံများအနေဖြင့်၊ ညီလာခံမှ သဘောတူပြဋ္ဌာန်းထားသည့် စာချုပ်စာတမ်းများကို တင်သွင်းသည့်အခါ အခွင့်ရအာဏာပိုင်များအား ပြုလုပ်သည့် အဆိုပြုချက်များအပေါ် ထိရောက်သော တိုင်ပင်ဆွေးနွေးပွဲများကို ကျင်းပရမည်။ (ပြဋ္ဌာန်းချက်အမှတ် ၁၄၄ ၏ အပိုဒ်ခွဲ ၅၊ အပုဒ် ၁(ခ))

(ခ) အလုပ်ရှင်များနှင့် အလုပ်သမားများ၏ကိုယ်စားလှယ်အဖွဲ့အစည်းများကိုကြိုတင်ဆွေးနွေးတိုင်ပင်ရမည်။ ဆွေးနွေးညှိနှိုင်းမှုများ၏ အကျိုးသက်ရောက်မှုမှာ အလုပ်ရှင်များနှင့် အလုပ်

သမားများ၏ ကိုယ်စားလှယ်အဖွဲ့များ၌ ၎င်းတို့၏ သဘောထားအယူအဆများကို ရရှိစေရန် ၎င်းတို့လိုအပ်သလိုအသုံးပြုနိုင်သော အချက်အလက်များကို အစိုးရက အကောင်းဆုံးသော ဆုံးဖြတ်ချက်ကိုမချမှတ်မီတွင်၊ လုံလောက်စွာကြိုတင်၍ ရရှိကြောင်းကို ကြိုတင်ကောက်ချက်ချနိုင်သည်။

(ဂ) ပြဋ္ဌာန်းချက်အမှတ် ၁၄၄ ကို အတည်မပြုရသေးသည့် အဖွဲ့ဝင်များအနေဖြင့် ထိုပြဋ္ဌာန်းချက်နှင့် သုံးပွင့်ဆိုင်တိုင်ပင်ဆွေးနွေးခြင်း (အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ဆောင်ရွက်ချက်များ) အကြံပြုတိုက်တွန်းချက် ၁၉၇၆ ခုနှစ် (အမှတ် ၁၅၂) တို့၏ သက်ဆိုင်သည့်အချက်များကို ရည်ညွှန်းနိုင်ပါသည်။

(ဃ) အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများကို စာချုပ်စာတမ်းအသစ်များနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်မည့်အရာများအပေါ် ၎င်းတို့၏ ရှုထောင့်ကို လွတ်လပ်စွာဖော်ထုတ်ပေးရန် တောင်းဆိုပါလိမ့်မည်။ တင်သွင်းခြင်း လုပ်ထုံးလုပ်နည်းကို ဖြည့်ဆည်းမှုသည် အစိုးရအာဏာပိုင်များ၊ လူမှုရေးမိတ်ဖက်များနှင့် ပါလီမန်အမတ်များအတွင်း အပြန်အလှန်ပြောဆိုဆွေးနွေးမှု၏ အရေးကြီးသည့် အခါသမယတစ်ခုဖြစ်သည်။

### ၈။ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများသို့ ဆက်သွယ်ခြင်း

(က) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၂၃၊ အပုဒ် ၂ အရ အမိန့်ရအာဏာပိုင်များထံသို့ တင်သွင်းခြင်းနှင့်ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ်ထံ ဆက်သွယ်ထားသော သတင်းအချက်အလက်များကို အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများသို့လည်း ပေးပို့ရမည်။

(ခ) ဤသတ်မှတ်ချက်သည် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများကို အငြင်းပွားဖွယ်ဖြစ်နေသည့် စာချုပ်စာတမ်းများနှင့်ပတ်သက်၍ လုပ်ဆောင်ခဲ့သော သို့မဟုတ် လုပ်ဆောင်မည့်ဆောင်ရွက်ချက်များအပေါ် ၎င်းတို့၏ ကိုယ်ပိုင်လေ့လာမှုများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်သည်။

## ရုံးလုပ်ထုံးလုပ်နည်းများ

၁၅။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉ အရ တင်သွင်းရန် တာဝန်ဝတ္တရားရှိမှုကို ရုပ်သိမ်းခြင်းဖြင့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ၏ မိတ္တူများကို ညီလာခံမှသဘောတူပြဋ္ဌာန်းပြီးသည်နှင့်တစ်ပြိုင်နက် အစိုးရများထံသို့ စာ သို့မဟုတ် အီးမေးလ်ဖြင့် ဆက်သွယ်ပေးပို့ရမည်။ ဤဆက်သွယ်မှု၌ အုပ်ချုပ်ရေးအဖွဲ့စာချွန်လွှာကို ပူးတွဲလျှက်ပေးပို့ရမည်။ ယင်းနှင့် အလားတူစာရွက်စာတမ်းများ၏ မိတ္တူများကိုလည်း အများဆုံးကိုယ်စားပြုသည့် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ ပေးပို့ရမည်။

(ခ) စာချုပ်စာတမ်းများကို သဘောတူပြဋ္ဌာန်းခဲ့သည့် ညီလာခံအစည်းအဝေးပြီးဆုံးပြီးနောက် တစ်နှစ်ကျော်အကြာတွင် တောင်းဆိုထားသည့် သတင်းအချက်အလက်များအား မပေးပို့သေးသည့် အစိုးရများအားလုံးသို့ သတိပေးချက်တစ်ခုကို ပေးပို့သည်။

(ဂ) ညီလာခံ၏ သက်ဆိုင်ရာအစည်းအဝေးပြီးဆုံးပြီးနောက် ၁၈ လ ကုန်လွန်သွားသည်အထိနှင့် သတင်းအချက်အလက်များကို ထောက်ပံ့မပေးသေးသည့်အခါတွင် နောက်ထပ်သတိပေးချက်တစ်ခုကိုပေးပို့သည်။

(ဃ) ကျွမ်းကျင်ပညာရှင်များကော်မတီ၏ တောင်းဆိုချက်ကို တုံ့ပြန်ရာ၌၊ ရုံးသည်၊ အခွင့်ရအာဏာပိုင်များထံသို့ စာချုပ်စာတမ်းများတင်သွင်းခြင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို လက်ခံရရှိသောအခါ အုပ်ချုပ်ရေးအဖွဲ့ စာချွန်လွှာမှတောင်းဆိုသည့် သတင်းအချက်အလက် သို့မဟုတ် စာရွက်စာတမ်း –မည်သည့်လေ့လာတွေ့ရှိချက်များအပေါ်မဆိုပြန်ကြားချက်များ သို့မဟုတ် ကျွမ်းကျင်ပညာရှင်များကော်မတီမှ တိုက်ရိုက်တောင်းဆိုချက်များ သို့မဟုတ် ညီလာခံကော်မတီမှ ပြုလုပ်သော လေ့လာတွေ့ရှိချက်များအပါအဝင် – အား ပေးပို့ခဲ့မှု ရှိ၊ မရှိ စစ်ဆေးသည်။ အကယ်၍ ယင်းတို့ကိုမဖြန့်ဝေရသေးပါက ရုံးသည်၊ ပုံမှန်ပြုလုပ်နေကျ စီမံခန့်ခွဲမှု အဆင့်အရ၊ သက်ဆိုင်ရာ အစိုးရအား တောင်းဆိုထားသည့် သတင်းအချက်အလက်များအား ပေးပို့ရန်တောင်းဆိုရမည်။ ထို့နောက် ပေးပို့ခဲ့သည့် သတင်းအချက်အလက်များကို သက်ဆိုင်ရာကြီးကြပ်သည့် ကော်မတီအဖွဲ့များက စစ်ဆေးသည်။

## အလုပ်ရှင်များနှင့်အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု

၁၆။ ပြဋ္ဌာန်းချက်အမှတ် ၁၄၄၊ အပိုဒ်ခွဲ ၅၊ အပုဒ် ၁(ခ) နှင့် အကြံပြုတိုက်တွန်းချက် အမှတ် ၁၅၂၊ အပုဒ် ၅ (ခ) တို့သည်၊ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ တင်သွင်းမှုနှင့်ဆက်စပ်၍ အခွင့်ရအာဏာပိုင်များထံ တင်သွင်းရန် အဆိုပြုချက်များအပေါ် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၏ ဆွေးနွေးတိုင်ပင်မှုကို လိုအပ်သည်။ ပြန်လည်ပြင်ဆင်ထားသည့် စာချွန်လွှာ၏အဆုံးရှိ စစ်တမ်းမေးခွန်းလွှာ၏ အပိုင်း (၅) တွင် သက်ဆိုင်ရာအစိုးရများအား ကြိုတင်ဆွေးနွေးတိုင်ပင်မှုများ လုပ်ဆောင်ခဲ့မှု ရှိ၊ မရှိနှင့်၊ အကယ်၍ အသုံးပြု၍ရပါက၊ ထိုဆွေးနွေးတိုင်ပင်မှုများ၏ သဘောသဘာဝနှင့် အတိုင်းအတာတို့ကို ဖော်ပြရန် တောင်းဆိုထားသည်။

## ကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်းနှင့် ၎င်းတို့ထံမှလက်ခံရရှိသော လေ့လာတင်ပြချက်များ

၁၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၂၃၊ အပုဒ် ၂ တွင် အစိုးရအားလုံးသည် အပိုဒ်ခွဲ ၁၉ အရ ပေးထားသည့်သတင်းအချက်အလက်မိတ္တူများကို အများဆုံးကိုယ်စားပြုသည့် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ ဆက်သွယ်ရမည်ဟု ပြဋ္ဌာန်းသည်။ ထို့အပြင်အစိုးရအဖွဲ့၏ စာချွန်လွှာ၏အဆုံးရှိ စစ်တမ်းမေးခွန်းလွှာ အပိုင်း (၆) အရ အစိုးရများသည် သတင်းအချက်အလက်မိတ္တူများ ပေးပို့ထားသည့် အဖွဲ့အစည်းများ၏ ရုံးသို့ အကြောင်းကြားသင့်သည်။ စာချွန်လွှာသည် အစိုးရများအား အလုပ်ရှင်များ သို့မဟုတ် အလုပ်သမားများ၏ အဖွဲ့အစည်းများမှ တင်သွင်းသည့် စာချုပ်စာတမ်းများအပေါ်သက်ရောက်မှုပေးခြင်း သို့မဟုတ် ပေးရမည်ကို လက်ခံရရှိသည့် မည်သည့်လေ့လာတွေ့ရှိချက်များနှင့်စပ်လျဉ်း၍မဆိုပေးရန်ကိုလည်း မေတ္တာရပ်ခံထားသည်။

## အကျဉ်းချုပ်

၁၈။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၂၃၊ အပုဒ် ၁ တွင် အပိုဒ်ခွဲ ၁၉ က ပေးထားသည့် သတင်းအချက်အလက် အကျဉ်းချုပ်ကို ထပ်မံကျင်းပမည့်ညီလာခံ၌ တင်ပြရမည်ဟု ပြဋ္ဌာန်းထားသည်။ ထိုအကျဉ်းချုပ်များကို နောက်ဆက်တွဲ (၄)၊ (၅) နှင့် (၆) အစီရင်ခံ (၃) (အပိုင်း က) အထိတွင် တွေ့နိုင်သည်။

## ရုံး၏ အထောက်အပံ့

၁၉။ အစိုးရများနှင့် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများသည်၊ အခြားနိုင်ငံများက ၎င်းတို့၏ တင်သွင်းသည့်တာဝန်ဝတ္တရားကို မည်သည့်ပုံစံဖြင့် ဖြည့်ဆည်းသည်ကိုပြသသည့် သတင်းအချက်အလက်များနှင့် နမူနာစာရွက်စာတမ်းများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးမှ တောင်းဆိုပါက၊ ရရှိနိုင်သည်။

## အကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြက္ခဒိန် –
## ပြဋ္ဌာန်းချက်များ၊ နောက်ဆက်တွဲစာချုပ်များနှင့် အကြံပြုတိုက်တွန်းချက်များကို အခွင့်ရအာဏာပိုင်များသို့ တင်သွင်းခြင်း

| ကာလ | ILO ဆောင်ရွက်မှု | နိုင်ငံတော်စီမံအုပ်ချုပ်မှုများ၏ ဆောင်ရွက်မှု |
|---|---|---|
| ဩဂုတ်လ | ILO သည် အသစ်သဘောတူပြဋ္ဌာန်းထားသည့် စံချိန်စံညွှန်းများကို၊ အခွင့်ရအာဏာပိုင်များသို့ တင်သွင်းခြင်းအပေါ် အုပ်ချုပ်ရေးအဖွဲ့စာချွန်လွှာ နှင့်တကွ ဖြန့်ဝေသည်။ | စာချုပ်စာတမ်းများကိုလေ့လာ၍ နိုင်ငံတော်ဥပဒေ နှင့်ကျင့်ထုံးများနှင့်နှိုင်းယှဉ်သည်။။ နိုင်ငံတော် ပါတီများအတွက် C.144၊ ပြုလုပ်ရမည့် အဆိုပြုခြင်းများ အပေါ် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများအား တိုင်ပင်ဆွေးနွေးသည်။ ထပ်မံလုပ်ဆောင်မည့်နိုင်ငံတော်၏ဆောင်ရွက်ချက်များ အတွက် ရပ်တည်ချက်နှင့် အဆိုပြုချက်များအကျဉ်းချုပ် ခြင်း (သင့်လျော်ပါက) စာရွက်စာတမ်းနှင့် အတည်ပြု နိုင်ခြေရှိသည့် ပြဋ္ဌာန်းချက်များကိုပြင်ဆင်သည်။ |
| နောက်လာမည့်နှစ်၏ ဇွန်လ သို့မဟုတ် (ထူးခြားစွာ ဒီဇင်ဘာလ) နောက်ဆုံးထား၍ | | အခွင့်ရဥပဒေပြုအာဏာပိုင်များသို့ နောက်လာမည့်နှစ်၏ ဇွန်လ သို့မဟုတ် (ထူးခြားစွာ ဒီဇင်ဘာလ) နောက်ဆုံးထား ၍ တင်သွင်းသည်။<br>စာချုပ်စာတမ်းများကိုအခွင့်ရအာဏာပိုင်များထံသို့ တင်သွင်းရန် အရေးယူဆောင်ရွက်မှုများကို အုပ်ချုပ်ရေးအဖွဲ့စာချွန်လွှာမှဆန်းစစ်မေးခွန်းလွှာနှင့်အညီ အိုင်အယ်လ်အို (ILO)သို့အစီရင်ခံသည်။ အလုပ်ရှင်များနှင့် အလုပ်သမားများ၏အဖွဲ့အစည်းများသို့ မိတ္တူများကို ပေးပို့သည်။ |

# ၃။ ပြဋ္ဌာန်းချက်များကို အတည်ပြုခြင်းနှင့် တာဝန်ဝတ္တရားများကို လက်ခံလိုက်နာခြင်း

## လုပ်ထုံးလုပ်နည်း

၂၀။ ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ ၁၉ က ပြဋ္ဌာန်းထားသည်မှာ

၅။

...

(ဃ) အကယ်၍အဖွဲ့ဝင်သည် အာဏာပိုင် သို့မဟုတ် အာဏာပိုင်အဖွဲ့များ၏ လုပ်ပိုင်ခွင့်ရှိသည့် ကိစ္စရပ်အား သဘောတူညီမှုကိုရရှိပါက ၎င်းသည် ပြဋ္ဌာန်းချက်၏ တရားဝင် အတည်ပြုခြင်းကို ညွှန်ကြားရေးမှူးချုပ်ထံသို့ ဆက်သွယ်မည်ဖြစ်ပြီး ထိုသို့သော ပြဋ္ဌာန်းချက်ပါ သတ်မှတ်ချက်များ သက်ဝင်စေရန် လိုအပ်နိုင်ခြေရှိသည့် အရေးယူ ဆောင်ရွက်မှုကို ပြုလုပ်မည်။

## အတည်ပြုခြင်းများကို ဆက်သွယ်သည့်ပုံစံ[၁၁]

၂၁။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုံစံအတွက် တိကျသည့်လိုအပ်ချက်များ မရှိပါ။ နိုင်ငံတိုင်းတွင် ၎င်းတို့၏ ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များနှင့် လက်တွေ့ကျင့်သုံးမှုများရှိလိမ့်မည်။ မှတ်ပုံတင်ခြင်းကို ပြုလုပ်ရန်အတွက် အတည်ပြုမည့် စာချုပ်စာတမ်းတစ်ခုသည် မည်သို့ပင်ဖြစ်သော်ငြားလည်း –

(က) အတည်ပြုထားသောပြဋ္ဌာန်းချက်ကို ရှင်းလင်းစွာဖော်ထုတ်ရမည်။

(ခ) နိုင်ငံတော်နှင့် ထိတွေ့ဆက်ဆံရန် အခွင့်အာဏာရှိသူတစ်ဦး (နိုင်ငံခေါင်းဆောင်၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးရာ သို့မဟုတ် အလုပ်သမားရေးရာအတွက် တာဝန်ရှိသော ဝန်ကြီးစသည်ဖြင့်) က လက်မှတ်ရေးထိုးထားသော မူရင်းစာရွက်စာတမ်း (စာရွက်ပေါ်တွင်၊ ပုံတူတစ်ခု သို့မဟုတ် ဓါတ်ပုံမိတ္တူပေါ်တွင် မဟုတ်) ဖြစ်ရမည်။

(ဂ) နိုင်ငံတစ်ခုသည် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်၏ စည်းနှောင်မှုရှိသင့်ကြောင်းနှင့် ပြဋ္ဌာန်းချက်၏ သတ်မှတ်ချက်များကို ပြည့်မီရန် ၎င်း၏ အရေးယူဆောင်ရွက်မှုများကို ဆောင်ရွက်သင့်ကြောင်း၊ ဖြစ်နိုင်ပါက အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉ (၅)(ဃ) ကို တိကျစွာ ရည်ညွှန်း၍ အစိုးရ၏ ရည်ရွယ်ချက်ကို ရှင်းလင်းစွာသိစေရမည်။

အတည်ပြုခြင်းကို အပြည်ပြည်ဆိုင်ရာဥပဒေတွင် အကျိုးသက်ရောက်မှုရှိလာစေရန်အတွက် အတည်ပြုသည့်စာချုပ်စာတမ်းကို အိုင်အယ်လ်အို (ILO) ၏ညွှန်ကြားရေးမှူးချုပ်ထံ အစဉ်ဆက်သွယ်ထားပြီး ဖြစ်ရမည်။ အကယ်၍ထိုသို့မပြုလုပ်ခဲ့ပါက၊ နိုင်ငံတော်အနေဖြင့် ပြဋ္ဌာန်းချက်သည် ယင်း၏ ***ပြည်တွင်း***ဥပဒေဆိုင်ရာစနစ်၌ "အတည်ပြုပြီးဖြစ်သည်" ဟုယူဆပြီး ၎င်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေဆိုင်ရာစနစ်တွင် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ပါ။ ထိုအကြောင်းကြောင့် အတည်ပြုသည့် စာချုပ်စာတမ်းတွင် အောက်ပါထုတ်ပြန်ချက် ပါဝင်နိုင်သည်။ "......အစိုးရသည်၊ ........ ပြဋ္ဌာန်းချက်ကို အိုင်အယ်လ်အို (ILO) ၏ အခြေခံစည်းမျဉ်း အပိုဒ်ခွဲ ၁၉၊ အပုဒ် ၅(ဃ) နှင့်အညီ၊ အတည်ပြီး ယင်း၏တာဝန်ဝတ္တရားများကို ဖြည့်ဆည်းဆောင်ရွက်သည်။"

[၁၁] နမူနာစာချုပ်စာတမ်းတစ်ခုအတွက် နောက်ဆက်တွဲ ၁ ကို ကြည့်ပါ။

## အတည်ပြုထားသည့် စာချုပ်စာတမ်းများနှင့်အတူ မဖြစ်မနေထည့်သွင်းရမည့် သို့မဟုတ် တွဲဖက်ပါဝင်ရမည့် ကြေငြာချက်

၂၂။ အချို့သောပြဋ္ဌာန်းချက်များသည် အတည်ပြုထားသည့်စာချုပ်စာတမ်းတွင် သို့မဟုတ် ပူးတွဲပါ စာရွက်စာတမ်းတွင် ***ကြေညာချက်များ*** ထုတ်ပြန်ရန်လိုသည်။ ယင်းကဲ့သို့သော ကြေညာချက်ကိုရုံးမှ လက်ခံရရှိခြင်းမရှိပါက၊ အတည်ပြုခြင်းကို မှတ်ပုံတင်၍မရပါ။ အချို့သောကိစ္စများတွင် မဖြစ်မနေ***ကြေညာချက်***တစ်ခုသည် လက်ခံသည့် တာဝန်ဝတ္တရားများ၏ အတိုင်းအတာကိုသတ်မှတ်ပေးမည် သို့မဟုတ် အခြားမုချလိုအပ်မည့် သတ်မှတ်ချက်များကို ဖော်ပြဖွင့်ဆိုပါလိမ့်မည်။ ထိုကိစ္စများအားလုံးတွင် အတည်ပြုသည့်စာချုပ်စာတမ်းကို မပြင်ဆင်မီတွင် ***ကြေငြာချက်***၏အနှစ်သာရကို စဉ်းစားရမည်ဖြစ်ပြီး လိုအပ်သည့်လမ်းညွှန်မှုများကို အတည်ပြုသည့် စာချုပ်စာတမ်းတွင် ထည့်သွင်းရမည် သို့မဟုတ် ပူးတွဲရမည်ကို စဉ်းစားရမည်။ အတည်ပြုရန် လမ်းဖွင့်ထားသည့် အဆိုပါပြဋ္ဌာန်းချက်များမှာ အောက်ပါတို့ဖြစ်သည်။

(၁) လူမှုဖူလုံရေး (အနည်းဆုံးရှိရမည့် စံချိန်စံညွှန်းများ) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၀၂၊ ၁၉၅၂ ခုနှစ်– အပိုဒ်ခွဲ ၂(ခ)၊

(၂) ဓါတ်ရောင်ခြည်အကာအကွယ်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၁၅၊ ၁၉၆၀ ခုနှစ်– အပိုဒ်ခွဲ ၃၊ အပုဒ် ၃(၇)၊

(၃) တန်းတူညီမျှဆက်ဆံရေး (လူမှုဖူလုံရေး) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၁၈၊ ၁၉၆၂ ခုနှစ်၊ အပိုဒ်ခွဲ ၂၊ အပုဒ် ၃[၃၂]

(၄) အငယ်ဆုံးအသက်အရွယ်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၂၃ (မြေအောက်လုပ်ငန်း) ၁၉၆၅ ခုနှစ် – အပိုဒ်ခွဲ ၂၊ အပုဒ် ၂၊

(၅) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု၊ သက်ကြီးနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၂၈၊ ၁၉၆၇ ခုနှစ် – အပိုဒ်ခွဲ ၂၊ အပုဒ် ၂၊

(၆) (ပြန်လည်ပြင်ဆင်သည့်) လုပ်ခလစာခံစားခွင့်ရှိသည့် အားလပ်ရက်များဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၃၂၊ ၁၉၇၀ – အပိုဒ်ခွဲ ၃၊ အပုဒ် ၂ နှင့် ၃၊ နှင့် အပိုဒ်ခွဲ ၁၅၊ အပုဒ် ၂၊

(၇) အငယ်ဆုံးအသက်အရွယ်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၃၈၊ ၁၉၇၃ ခုနှစ်၊ အပိုဒ်ခွဲ ၂၊

(၈) အလုပ်သမားရေးရာကိန်းဂဏန်းအချက်အလက်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၆၀၊ ၁၉၈၅ ခုနှစ် – အပိုဒ်ခွဲ ၁၆၊ အပုဒ် ၂၊

(၉) အလုပ်သမားများ၏ အကျိုးခံစားခွင့်တောင်းခံခြင်းများအား အကာအကွယ်ပေးမှုဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ် ၁၇၃၊ (အလုပ်ရှင်၏ လူမွဲစာရင်းခံခြင်း)၊ ၁၉၉၂ – အပိုဒ်ခွဲ ၃၊ အပုဒ် ၁၊

---

[၃၂] (က) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် ဤပြဋ္ဌာန်းချက်ကို အတည်ပြုသည့်အခါ၊ ယင်းကိုအပိုဒ်ခွဲ ၂၊ အပုဒ် ၁ ပါ စည်းကမ်းချက်အတိုင်း ၎င်းသည် "၎င်း၏ နယ်ပယ်အတွင်းရှိ ၎င်း၏ ပြည်သူများအပေါ် လွှမ်းခြုံမှုပေးသည့် ထိရောက်သည့်လုပ်ငန်းလည်ပတ်မှုဥပဒေတွင်" လူမှုဖူလုံရေးရုံးခွဲ သို့မဟုတ် ရုံးခွဲများ၌ ၎င်းတို့နှင့်ပတ်သက်၍ ပြဋ္ဌာန်းချက်၏ တာဝန်ဝတ္တရားများကို လက်ခံခြင်းပါရှိကြောင်းကိုလည်း ရုံးသို့အတည်ပြုဆက်သွယ်သင့်သည်။ အပိုဒ်ခွဲ ၂၊ အပုဒ် ၄(ခ) အရ ထပ်မံ၍ တာဝန်ဝတ္တရားများကိုလက်ခံမှုအား အကြောင်းကြားသည့်ကိစ္စရပ်တွင်လည်း အလားတူအတည်ပြုချက်ကို ပေးပို့သင့်သည်။ ပြဋ္ဌာန်းချက်၏ တာဝန်ဝတ္တရားများကို လက်ခံထားသော အဖွဲ့ဝင်တိုင်းသည် အပိုဒ်ခွဲ ၂၊ အပုဒ် ၆(က) သို့မဟုတ် (ခ) တွင်ဖော်ပြထားသည့် အကျိုးခံစားခွင့်အမျိုးအစားများ အတွက် ဥပဒေ၌ပြဋ္ဌာန်းချက်ရှိသော မည်သည့်လူမှုဖူလုံရေးရုံးခွဲနှင့်ပတ်သက်၍မဆို၊ သဘောတူညီချက်ကို အတည်ပြုသည့် အချိန်၌၊ ထိုကဲ့သို့သော အကျိုး ခံစားခွင့်များကို ဖော်ညွှန်းသည့် ထုတ်ပြန်ချက်တစ်စောင်ကို ရုံးသို့ပေးပို့ရမည်။ အပိုဒ်ခွဲ ၂၊ အပုဒ် ၇ အရ အလားတူ ထုတ်ပြန်ချက်တစ်စောင်ကို အပိုဒ်ခွဲ ၂၊ အပုဒ် ၄ အရ ပြဋ္ဌာန်းချက်၏ တာဝန်ဝတ္တရားများကိုလက်ခံမှု၏ နောက်ထပ်အကြောင်းကြားချက်တိုင်းအတွက် သို့မဟုတ် သက်ဆိုင်ရာဥပဒေကို သဘောတူပြဋ္ဌာန်းပြီးသည့် ၃ လအတွင်း ပြုစုရမည်။ ဤသို့သော ထုတ်ပြန်မှုများသည် မဖြစ်မနေပြုစုရမည်ဖြစ်သော်လည်း ၎င်းတို့သည် သတင်းအချက်အလက်ပေးမှုအတွက် ရည်ရွယ်မှုများဖြစ်ပြီး ပြုစုရန်ပျက်ကွက်မှုကြောင့် အတည်ပြုခြင်း သို့မဟုတ် အကြောင်းကြားခြင်း၏ တရားဝင်မှုကို မပျက်ပြယ်စေပါ။

(၁၀) မီးဖွားခြင်းဆိုင်ရာအကာအကွယ်ပေးသည့်ပြဋ္ဌာန်းချက်အမှတ် ၁၈၃၊ ၂၀၀၀ ခုနှစ်၊ အပိုဒ်ခွဲ ၄၊ အပုဒ် ၂၊

(၁၁) ရေကြောင်းအလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက် ၂၀၀၆ ခုနှစ်၊ (ပြင်ဆင်ဖြည့်စွက်ခဲ့သည့်) (MLC, ၂၀၀၆) – စံချိန်စံညွှန်း က ၄.၅၊ အပုဒ် ၁၀၊

## အတည်ပြုခြင်းများတွင် ထည့်သွင်းနိုင်သည့် သို့မဟုတ် တွဲဖက်ပါဝင်နိုင်သည့် ရွေးချယ်နိုင်သော ကြေငြာချက်များ

၂၃။ အချို့သောပြဋ္ဌာန်းချက်များ (နှင့် နောက်ဆက်တွဲစာချုပ်များ) ကိစ္စတွင် အတည်ပြုသည့်နိုင်ငံက ခွင့်ပြုထားသည့် ချန်လုပ်မှုများ၊ ခြွင်းချက်များ သို့မဟုတ် ပြုပြင်မွမ်းမံမှုများကို အသုံးပြုလိုသည့်အခါတွင်သာ ***ကြေငြာချက်*** တစ်ခုကို လိုအပ်သည်။ ဤကိစ္စကိုကျင့်သုံးရာ၌ ***ကြေငြာချက်***ကို အတည်ပြုသည့် စာချုပ်စာတမ်းတွင် ထည့်သွင်းရမည် သို့မဟုတ် ပူးတွဲရမည် – အကယ်၍ အတည်ပြုသည့်စာချုပ်စာတမ်းကို သတ်မှတ်ချက်ဘောင်ဝင်သည့် မည်သည့်***ကြေငြာချက်***မျှမပါရှိဘဲ ရုံးမှ လက်ခံရရှိမည်ဆိုလျှင်၊ အတည်ပြုခြင်းကို ရှိနေဆဲအနေအထားအတိုင်း သင့်တော်သလို မှတ်ပုံတင်လိမ့်မည်ဖြစ်ပြီး ချန်လုပ်မှုများ၊ ခြွင်းချက်များ သို့မဟုတ် ပြုပြင်မွမ်းမံမှုများကို ပြုလုပ်၍ ရနိုင်လိမ့်မည်မဟုတ်ပါ။ အတည်ပြုရန် လမ်းဖွင့်ထားသည့် ယင်းအဆိုပါ ပြဋ္ဌာန်းချက်များမှာ အောက်ပါတို့ဖြစ်သည်။

(၁) လူငယ်များအား ကျန်းမာရေးစစ်ဆေးမှု (စက်မှုလုပ်ငန်း) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၇၇၊ ၁၉၄၆ ခုနှစ် – အပိုဒ်ခွဲ ၉၊ အပုဒ် ၁၊

(၂) လူငယ်များအား ကျန်းမာရေးစစ်ဆေးမှု (စက်မှုလုပ်ငန်းနှင့်မသက်ဆိုင်သည့် အလုပ်အကိုင်များ) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၇၈၊ ၁၉၄၆ ခုနှစ် – အပိုဒ်ခွဲ ၉၊ အပုဒ် ၁၊

(၃) လူငယ်များ ညပိုင်းအလုပ်ဆင်းခြင်း (စက်မှုလုပ်ငန်းနှင့်မသက်ဆိုင်သည့် အလုပ်အကိုင်များ) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၇၉၊ ၁၉၄၆ ခုနှစ် – အပိုဒ်ခွဲ ၇၊ အပုဒ် ၁၊

(၄) အလုပ်သမားစစ်ဆေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၈၁၊ ၁၉၄၇ ခုနှစ် – အပိုဒ်ခွဲ ၂၅၊ အပုဒ် ၁၊ နောက်ဆက်တွဲစာချုပ် ၁၉၉၅ ခုနှစ် – အပိုဒ်ခွဲ ၂၊ အပုဒ် ၁၊

(၅) လူငယ်များ ညအလုပ်ဆင်းခြင်း (စက်မှုလုပ်ငန်း) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၉၀၊ ၁၉၄၈ ခုနှစ် – အပိုဒ်ခွဲ ၇၊ အပုဒ် ၁၊

(၆) အလုပ်အကိုင်အတွက် ရွှေ့ပြောင်းခြင်း (ပြန်လည်ပြင်ဆင်သည့်) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၉၇၊ ၁၉၄၉ ခုနှစ် – အပိုဒ်ခွဲ ၁၄၊ အပုဒ် ၁၊

(၇) လူမှုဖူလုံရေး (အနည်းဆုံးရှိရမည့် စံချိန်စံညွှန်းများ) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၀၂၊ ၁၉၅၂ ခုနှစ် – အပိုဒ်ခွဲ ၃၊ အပုဒ် ၁၊

(၈) အပတ်စဉ်အနားယူခြင်း (ကူးသန်းရောင်းဝယ်ရေးနှင့် ရုံးဌာနများ) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၀၆၊ ၁၉၅၇ ခုနှစ် – အပိုဒ်ခွဲ ၃၊ အပုဒ် ၁၊

(၉) (က) စိုက်ခင်းများဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၁၀၊ ၁၉၅၈ ခုနှစ် – အပိုဒ်ခွဲ ၃၊ အပုဒ် ၁(ခ)၊

(ခ) ပြဋ္ဌာန်းချက်အမှတ် ၁၁၀ ၏ နောက်ဆက်တွဲစာချုပ် – အပိုဒ်ခွဲ ၁၊

(၁၀) စက်ကိရိယာများကို ကာကွယ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၁၉၊ ၁၉၆၃ ခုနှစ်၊ – ၁၉၆၃ ခုနှစ် – အပိုဒ်ခွဲ ၁၇၊ အပုဒ် ၁၊

(၁၁) အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်များဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၂၁၊ ၁၉၆၄ ခုနှစ် – အပိုဒ်ခွဲ ၂၊ အပုဒ် ၁၊ နှင့် အပိုဒ်ခွဲ ၃၊ အပုဒ် ၁၊

(၁၂) အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု၊ သက်ကြီးနှင့် ကျန်ရစ်သူအကျိုးခံစားခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၂၈၊ ၁၉၆၇ ခုနှစ် – အပိုဒ်ခွဲ ၄၊ အပုဒ် ၁၊ အပိုဒ်ခွဲ ၃၈ နှင့် အပိုဒ်ခွဲ ၃၉၊

(၁၃) ကျန်းမာရေးစောင့်ရှောက်မှုနှင့် နာမကျန်းမှုအကျိုးခံစားခွင့်ဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ် ၁၃၀၊ ၁၉၆၉ ခုနှစ် – အပိုဒ်ခွဲ ၂၊ အပုဒ် ၁၊ အပိုဒ်ခွဲ ၃၊ အပုဒ် ၁၊ နှင့် အပိုဒ်ခွဲ ၄၊ အပုဒ် ၁၊

(၁၄) အငယ်ဆုံးအသက်အရွယ်ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၃၈၊ ၁၉၇၃ ခုနှစ် – အပိုဒ်ခွဲ ၅၊ အပုဒ် ၂၊

(၁၅) ရွှေ့ပြောင်းအလုပ်သမားများ (ထပ်မံဖြည့်စွက်သည့် ပြဋ္ဌာန်းချက်များ) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၄၃၊ ၁၉၇၅ ခုနှစ် – အပိုဒ်ခွဲ ၁၆၊ အပုဒ် ၁၊

(၁၆) လုပ်ငန်းခွင်ပတ်ဝန်းကျင် (လေထုညစ်ညမ်းမှု၊ ဆူညံသံနှင့်တုန်ခါမှု) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၄၈၊ ၁၉၇၇ ခုနှစ် – အပိုဒ်ခွဲ ၂၊

(၁၇) အလုပ်ချိန်နာရီနှင့် နားချိန်များ (ကုန်းလမ်းပို့ဆောင်ရေး) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၅၃၊ ၁၉၇၉ ခုနှစ် – အပိုဒ်ခွဲ ၉၊ အပုဒ် ၂၊

(၁၈) အလုပ်ငှားရမ်းခြင်းဆိုင်ရာ မြှင့်တင်ခြင်းနှင့် အကာအကွယ်ပေးခြင်း (အလုပ်လက်မဲ့ဖြစ်ခြင်း) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၆၈၊ ၁၉၈၈ ခုနှစ် – အပိုဒ်ခွဲ ၄၊ အပုဒ် ၁၊ နှင့် အပိုဒ်ခွဲ ၅၊ အပုဒ် ၁ နှင့် ၂

(၁၉) အလုပ်သမားများ၏ အကျိုးခံစားခွင့်တောင်းခံလျှောက်ထားခြင်းများအား အကာအကွယ်ပေးသည့် (အလုပ်ရှင်၏ လူမွဲစာရင်းခံခြင်း) ဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၁၇၃၊ ၁၉၉၂ ခုနှစ် – အပိုဒ်ခွဲ ၃၊ အပုဒ် ၃၊

(၂၀) သင်္ဘောသားများ၏ အထောက်အထားစာရွက်စာတမ်းများဆိုင်ရာ ပြဋ္ဌာန်းချက် (ပြန်လည်ပြင်ဆင်သည့်) အမှတ် ၁၈၅၊ ၂၀၀၃ ခုနှစ် – အပိုဒ်ခွဲ ၉၊

## ပြဋ္ဌာန်းချက်တစ်ခု၏ အတိုင်းအတာနှင့်စပ်လျဉ်း၍ ရွေးချယ်နိုင်သည့်ကြေငြာချက်များ

၂၄။ အထက်ပါစာပုဒ် ၂၁ နှင့် ၂၂ တွင် ရည်ညွှန်းထားသော အမှုကိစ္စအားလုံးအတွက် ပြဋ္ဌာန်းချက်၏ အသုံးချမှုအတိုင်းအတာကို ကန့်သတ်ရန်ရွေးချယ်ပိုင်ခွင့်ကို အသုံးပြုခဲ့သော အဖွဲ့ဝင်တစ်နိုင်ငံသည် ထိုကဲ့သို့သော ကန့်သတ်ချက် များကို နောက်ပိုင်းတွင် ပြုပြင်မွမ်းမံ သို့မဟုတ် ဖျက်သိမ်း သို့မဟုတ် ရုပ်သိမ်းသွားနိုင်ပြီး၊ ပြဋ္ဌာန်းချက်တစ်ခုစီနှင့်စပ်လျဉ်းသည့် အခြေအနေပေါ်တွင်မူတည်၍ ၎င်းကို ***ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၂၂ အရ အစီရင်ခံစာတွင်ကြေငြာချက်၊အကြောင်းကြားချက်သို့မဟုတ်ငြင်းပယ်ကြောင်းထုတ်ပြန်ချက်တစ်ခု***ထပ်မံပြုလုပ်ခြင်းဖြင့် ဆောင်ရွက်နိုင်သည်။ ထို့အပြင်သက်ဆိုင်သည့်နိုင်ငံက အတည်ပြုသည့်အချိန်တွင်ဖြစ်စေ သို့မဟုတ် မည်သည့်နောက်ပိုင်းအချိန်တွင်ဖြစ်စေ ပြဋ္ဌာန်းချက်၏ အသုံးပြုမှုအတိုင်းအတာကိုတိုးချဲ့ရန် ကြေငြာချက်များအတွက် အောက်ပါတို့ကို သတ်မှတ်ထားသည်[၃၃]။

(၁) အလုပ်သမားစစ်ဆေးခြင်း (စိုက်ပျိုးရေး) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၂၉၊ ၁၉၆၉ ခုနှစ် – အပိုဒ်ခွဲ ၅၊ အပုဒ် ၁။

[၃၃] ယင်းတွင် ပြဋ္ဌာန်းချက် အမှတ် ၁၊ အပိုဒ်ခွဲ ၁ (ခ) စသည့် တရားဝင်ကြေညာချက်တစ်ခုအတွက် သတ်မှတ်ချက်မရှိသော်လည်း အဖွဲ့ဝင်တစ်ဦးမှ အဆုံးအဖြတ်ပေးမှုများသည် ပြဋ္ဌာန်းချက်တစ်ခု၏ တာဝန်ဝတ္တရားများကို တိုးချဲ့ခြင်း၏ အကျိုးသက်ရောက်မှုရှိနိုင်သည့်ကိစ္စရပ်များ မပါဝင်ပါ။

(၂) သင်္ဘောသားများ၏ လစာဖြင့် နှစ်စဉ်ခွင့်ခံစားခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၄၆၊ ၁၉၇၆ ခုနှစ် – အပိုဒ်ခွဲ ၂၊ အပုဒ် ၄၊ ၅ နှင့် ၆၊

(၃) အလုပ်အခြေအနေများ (ဟိုတယ်များနှင့် စားသောက်ဆိုင်များ) ဆိုင်ရာ ပြဋ္ဌာန်းချက် အမှတ် ၁၇၂၊ ၁၉၉၁ ခုနှစ် – အပိုဒ်ခွဲ ၁၊ အပုဒ် ၂ နှင့် ၃၊

(၄) ကုန်တင်သင်္ဘောလုပ်ငန်း (အနည်းဆုံးစံချိန်စံညွှန်းများ) ဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၄၇၊ ၁၉၇၆ ခုနှစ် – အပိုဒ်ခွဲ ၃ တွင် ၁၉၉၆ ခုနှစ်၏ နောက်ဆက်တွဲစာချုပ်၊

(၅) သတ္တုတွင်းများတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၇၆၊ ၁၉၉၅ ခုနှစ် – အပိုဒ်ခွဲ ၂၊

(၆) ပုဂ္ဂလိကအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၈၁၊ ၁၉၉၇ ခုနှစ် – အပိုဒ်ခွဲ ၂၊ အပုဒ် ၅၊

(၇) မီးဖွားမှုကိုအကာအကွယ်ပေးခြင်းဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၁၈၃၊ ၂၀၀၀ ခုနှစ် – အပိုဒ်ခွဲ ၂၊ အပုဒ် ၃၊

(၈) စိုက်ပျိုးရေးတွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၈၄၊ ၂၀၀၁ ခုနှစ် – အပိုဒ်ခွဲ ၃

(၉) ငါးဖမ်းလုပ်ငန်းတွင် အလုပ်လုပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်အမှတ် ၁၈၈၊ ၂၀၀၇ ခုနှစ် – အပိုဒ်ခွဲ ၃၊

## နောက်ဆက်တွဲစာချုပ်များအား အတည်ပြုခြင်းများ

၂၅။ နောက်ဆက်တွဲစာချုပ်တစ်ခုသည် ပြဋ္ဌာန်းချက်တစ်ခုကို တစ်စိတ်တစ်ပိုင်း ပြန်လည်ပြင်ဆင်ပေးသည့် စာချုပ်စာတမ်းတစ်ခုဖြစ်သည်။ရည်ညွှန်းပါပြဋ္ဌာန်းချက်တစ်ခုဖြင့်စည်းနှောင်ခြင်းပြုပြီးသို့မဟုတ်တစ်ပြိုင်နက်တည်း အတည်ပြုခြင်းနှင့်စည်းနှောင်ခြင်းကိုရှိမည့်နိုင်ငံအတွက်အတည်ပြုခြင်းကိုလမ်းဖွင့်ပေးထားသည်။ညီလာခံမှ ယခုအချိန်အထိ သဘောတူပြဋ္ဌာန်းထားသည့် နောက်ဆက်တွဲစာချုပ်နှစ်ခုသည် သက်ဆိုင်ရာပြဋ္ဌာန်းချက်နှစ်ခုတို့အပေါ်၌ ပိုမိုပြောင်းသာလွှဲသာရှိမှုကို အကျိုးသက်ရောက်မှုရှိစွာအစပျိုးထားသည်။ ၎င်းတို့မှာ –

(၁) P ၀၈၉ – ညအလုပ်ဆင်းခြင်း (အမျိုးသမီးများ) ဆိုင်ရာ ပြန်လည်ပြင်ဆင်ထားသည့် ပြဋ္ဌာန်းချက်၊ ၁၉၄၈ ခုနှစ်အပေါ် ၁၉၉၀ ခုနှစ်၏ နောက်ဆက်တွဲစာချုပ်၊

(၂) P ၁၁၀ – စိုက်ခင်းများဆိုင်ရာပြဋ္ဌာန်းချက်၊ ၁၉၅၈ ခုနှစ်အပေါ် ၁၉၈၂ ခုနှစ်၏ နောက်ဆက်တွဲစာချုပ်၊

အခြားနောက်ဆက်တွဲစာချုပ်များ လေးခုသည်လည်း ကိုက်ညီသည့်ပြဋ္ဌာန်းချက်များအရ တာဝန်ဝတ္တရားများကို တိုးချဲ့ထားသည်။

(၃) P ၀၈၁ – အလုပ်သမားစစ်ဆေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၄၇ ခုနှစ်အပေါ် ၁၉၉၅ ခုနှစ်၏ နောက်ဆက်တွဲစာချုပ်၊

(၄) P ၁၄၇ – ကုန်တင်သင်္ဘောလုပ်ငန်း (အနည်းဆုံးစံချိန်စံညွှန်းများ) ဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၇၆ ခုနှစ်အပေါ် ၁၉၉၆ ခုနှစ်၏ နောက်ဆက်တွဲစာချုပ်၊

(၅) P ၁၅၅ – လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၈၁ ခုနှစ်အပေါ် ၂၀၀၂ ခုနှစ်၏ နောက်ဆက်တွဲစာချုပ်၊

(၆) P ၀၂၉ – အဓမ္မအလုပ်ခိုင်းစေခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၃၀ ခုနှစ်အပေါ် ၂၀၁၄ ခုနှစ်၏ နောက်ဆက်တွဲစာချုပ်၊

## ကန့်သတ်မှုများကိုလက်မခံနိုင်ခြင်း

၂၆။ ပြဋ္ဌာန်းချက်များတွင် သေချာသည့်ပြောင်းလွယ်ပြင်လွယ်မှုရှိစေရေးအတွက်၊ (အထက်ပါ အပုဒ် ၈ နှင့် ၉ တွင် ကြည့်ပါ)၊ အတည်ပြုနေသောနိုင်ငံများအား အတည်ပြုခြင်းနှင့်ပတ်သက်၍ လက်ခံထားသော တာဝန်ဝတ္တရား များကိုကန့်သတ်ခြင်း သို့မဟုတ် ခွင့်ပြုခြင်းတို့ကို တိကျစွာဆောင်ရွက်နိုင်သည့် အချို့သောသတ်မှတ်ချက်များ အပါအဝင် (အပုဒ် ၂၁ မှ ၂၄) အမျိုးမျိုးသောသတ်မှတ်ချက်များ ပါဝင်သည်။ မည်သို့ပင်ဆိုစေကာမူ တိတိကျကျ သတ်မှတ်ချက်များမှအပ ပြဋ္ဌာန်းချက်တစ်ခု၏ တာဝန်ဝတ္တရားများအပေါ် ကန့်သတ်မှုများ (ဆိုလိုသည်မှာ ***ကန့်သတ်မှုများ***မရှိ) ပြုလုပ်ရန်မဖြစ်နိုင်ပါ။

## အတည်ပြုခြင်းများကိုမှတ်ပုံတင်ခြင်းနှင့်တာဝန်ဝတ္တရားများကိုလက်ခံခြင်းများ

၂၇။ ပြဋ္ဌာန်းချက်များအားလုံး၏ အပြီးသတ်သတ်မှတ်ချက်များတွင် ညွှန်ကြားရေးမှူးချုပ်၏ အတည်ပြုချက်များကို မှတ်ပုံတင်ခြင်းဆိုင်ရာအပိုဒ်ခွဲများ၊ ၎င်းတို့၏ အဖွဲ့ဝင်နိုင်ငံများသို့ အကြောင်းကြားစာများနှင့် ကုလသမဂ္ဂ ပဋိညာဉ် စာတမ်း၏ အပိုဒ်ခွဲ ၁၀၂ နှင့်အညီ မှတ်ပုံတင်ရန်အတွက် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံ ပေးပို့သောအချက်အလက်များ ပါဝင်သည်။ အတည်ပြုချက်အားလုံးကို အုပ်ချုပ်မှုအဖွဲ့သို့ အစီရင်ခံရမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများသို့ ***တရားဝင်အစိုးရပြန်တမ်း***တွင် အများသိရှိရန် ထုတ်ပြန်ကြေငြာ၍ အစီရင်ခံရမည်။ အထက် အပုဒ် ၂၁ – ၂၄ တွင် ဖော်ညွှန်းခဲ့သော ကြေငြာချက်များနှင့် တာဝန်ဝတ္တရားများကို လက်ခံခြင်းနှင့် ပြုပြင်မွမ်းမံ ခြင်းအတွက် အခြားအရေးယူဆောင်ရွက်မှုများကိုလည်း အလားတူအတိုင်းပင် ကိုင်တွယ်ဆောင်ရွက်သည်။

## အာဏာစတင်သက်ဝင်ခြင်း

၂၈။ ပြဋ္ဌာန်းချက်တိုင်းတွင် ၎င်းမည်သို့သက်ဝင်လာခြင်းနှင့်ပတ်သက်၍ သတ်မှတ်ချက်တစ်ရပ် ပါဝင်သည်။ အများ အားဖြင့်၊ ၁၉၂၈ ခုနှစ်မှစတင်၍ ပြဋ္ဌာန်းချက်များသည် အတည်ပြုချက်ကို ဒုတိယအကြိမ် မှတ်ပုံတင်ပြီးနောက် ၁၂ လအကြာတွင် စတင်အာဏာသက်ဝင်ပြီး၊ ထို့နောက် နိုင်ငံတိုင်းအတွက် ၎င်းတို့အတည်ပြုပြီးနောက် ၁၂ လ အကြာတွင် သက်ဝင်လေ့ရှိသည်။ အချို့ရေကြောင်းဆိုင်ရာနှင့် အခြားပြဋ္ဌာန်းချက်အချို့တွင် သတ်မှတ်ချက် အမျိုးမျိုးရှိသည်။ ဥပမာ၊ အမ်အယ်လ်စီ (MLC) ၂၀၀၆ ခုနှစ်၊ သက်ဝင်မှုရှိလာစေရန် ကမ္ဘာ့သင်္ဘောများ၏ စုစုပေါင်းတန်ချိန် ၃၃ ရာခိုင်နှုန်း ဝေစုရှိသော အဖွဲ့ဝင်နိုင်ငံများအနည်းဆုံး ၃၀ က အတည်ပြုခဲ့ရသည်။ ပြဋ္ဌာန်း ချက်သည် သက်ဝင်မှုမရှိမချင်း ၎င်းသည်အပြည်ပြည်ဆိုင်ရာ ဥပဒေတွင် အကျိုးသက်ရောက်မှု မရှိနိုင်ပါ။

## အတည်ပြုခြင်းမှ ပေါ်ပေါက်လာသည့် တာဝန်ဝတ္တရားများ

၂၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၁၉၊ အပုဒ် ၅(ခ) အရတာဝန်ဝတ္တရားမှာ အတည်ပြုပြီးသော ပြဋ္ဌာန်းချက် တစ်ခု၏ "သတ်မှတ်ချက်များကို အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်သော မည်သည့်အရေးယူဆောင်ရွက်မှု များကိုမဆို ပြုလုပ်ရမည်[၃၄]"။ ဆိုလိုသည်မှာ၎င်းတို့အား လက်တွေ့တွင် အကောင်အထည်ဖော်ခြင်း၊ ထို့အပြင် နိုင်ငံ၏ ဓလေ့ထုံးစံနှင့်အညီ ၎င်းတို့အား ဥပဒေအကျိုးသက်ရောက်မှု သို့မဟုတ် အခြားနည်းလမ်းများပေးခြင်း တို့ကို သေချာစေရမည်။ (တရားရုံး ဆုံးဖြတ်ချက်များ၊ ငြင်းခုံမှုဆိုင်ရာ ခုံသမာဓိဆုံးဖြတ်ချက်များ သို့မဟုတ် စုပေါင်းသဘောတူညီမှုများ စသည်ဖြင့်)။

[၃၄] ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၂၂ (အပုဒ် ၃၅–၄၆ အောက်) အရ အစီရင်ခံရမည့်တာဝန်ဝတ္တရားများကိုလည်း ကြည့်ပါ။ ရပ်စဲခြင်းအားဖြင့် အတည်ပြုထား သော ပြဋ္ဌာန်းချက်တစ်ခုအောက်ရှိ တာဝန်ဝတ္တရားများကို အဆုံးသတ်မှုနှင့် စပ်လျဉ်း၍ အောက်ပါအပုဒ် ၇၉–၈၃ ကိုကြည့်ပါ။

## ပြည်တွင်းဥပဒေ၌ဖြည့်သွင်းခြင်း

၃၀။ အချို့သောနိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေက အတည်ပြုပြီးသည့်ပြဋ္ဌာန်းချက်များကို ပြည်တွင်းဥပဒေ၏ အင်အားကိုပေးထားသည်။ ထိုသို့သောကိစ္စများတွင် တိကျသောအရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ် နေဆဲဖြစ်နေမည်။

(က) ပြဋ္ဌာန်းချက်၏ သတ်မှတ်ချက်များနှင့် အစောပိုင်းနိုင်ငံ၏ ဥပဒေနှင့်ဓလေ့ထုံးစံတို့အကြား မည်သည့် ဝိရောဓိကိုမဆို ပပျောက်စေရန်။

(ခ) တရားရုံးတွင် တိုက်ရိုက်အသုံးမပြုနိုင်သည့် ပြဋ္ဌာန်းချက်၏ မည်သည့်သတ်မှတ်ချက်များကိုမဆို အကျိုးသက်ရောက်မှုရှိစေရန်။ (ဥပမာ၊ အမျိုးသားဥပဒေများသို့မဟုတ် နည်းဥပဒေများဖြင့် သတ်မှတ် ပေးရမည့် ကိစ္စရပ်များအတွက် လိုအပ်သည့် သို့မဟုတ် အခွင့်ရအာဏာပိုင်များမှ အဆုံးအဖြတ်ပေး သည့် သတ်မှတ်ချက်များ၊ သို့မဟုတ် အထူးအုပ်ချုပ်ရေးဆိုင်ရာ စီမံဆောင်ရွက်ချက်များ လိုအပ်ခြင်း)

(ဂ) ပြစ်ဒဏ်များကို သတ်မှတ်ပေးရန်၊ သင့်လျော်သည့်နေရာ၌၊

(ဃ) စိတ်ပါဝင်စားသူများနှင့် အာဏာပိုင်များ (ဥပမာ – အလုပ်ရှင်များ၊ အလုပ်သမားများ၊ အလုပ်သမား စစ်ဆေးရေးအရာရှိများ၊ တရားရုံးများ၊ ခုံရုံးများ၊ အခြားအုပ်ချုပ်ရေးအဖွဲ့များ) အား ပြဋ္ဌာန်းချက်ကို ပြည်တွင်းဥပဒေအတွင်းသို့ ထည့်သွင်းထားခြင်းကို အကြောင်းကြားရန်နှင့် လိုအပ်ပါက လမ်းညွှန်မှု ရရှိခြင်းကို သေချာစေရန်။

## အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု

၃၁။ အကြံပြုတိုက်တွန်းချက်အမှတ် ၁၅၂ ၏ အပိုဒ် ၅(ဂ) သည် နိုင်ငံ၏ဓလေ့ထုံးစံကို ထည့်သွင်းစဉ်းစား၍ ပြဋ္ဌာန်း ချက်များကို အကျိုးသက်ရောက်မှုပေးနိုင်ရန် ဥပဒေပြုမှု သို့မဟုတ် အခြားအရေးယူဆောင်ရွက်မှုများအတွက် ပြုစုခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အပေါ်တွင် – အထူးသဖြင့် အတည်ပြုပြီးသည့်အခါ – နှင့် အကြံပြု တိုက်တွန်းချက်များကို အလုပ်ရှင်များနှင့် အလုပ်သမားများ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များနှင့် တိုင်ပင် ဆွေးနွေးရန် ပြဋ္ဌာန်းထားသည်။ ၎င်းသည် အထူးသဖြင့် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ် များနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့နှင့် ပတ်သက်သည့် သတ်မှတ်ချက်များအတွက် အရေးယူဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရာတွင် ကျင့်သုံးသည်။

## မြို့တော်နယ်နိမိတ်အတွင်းမဟုတ်သည့် နယ်ပယ်များ

၃၂။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၃၅ က အဖွဲ့ဝင်နိုင်ငံများသည် ပြဋ္ဌာန်းချက်များကို ၎င်းတို့အနေဖြင့် နိုင်ငံတကာ ဆက်ဆံရေး၌တာဝန်ရှိသည့် မြို့တော်နယ်နိမိတ်အတွင်းမဟုတ်သည့် နယ်ပယ်များအတွက် အသုံးချမှုကို ကြေငြာ ချက်များ ထုတ်ပြန်ရမည်ဟု ပြဋ္ဌာန်းသည်။

## အိုင်အယ်လ်အို (ILO) မှ နှုတ်ထွက်ခြင်း၏ အကျိုးသက်ရောက်မှု

၃၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၊ အပုဒ် ၅ (နောက်ဆုံးဝါကျ) မှ ပြဋ္ဌာန်းသည်မှာ –

> အဖွဲ့ဝင်တစ်ခုသည် မည်သည့်အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာပြဋ္ဌာန်းချက်ကိုမဆို အတည်ပြုပြီးသည့်အခါ ... (အဖွဲ့အစည်းမှ) နှုတ်ထွက်ခြင်းသည် ပြဋ္ဌာန်းချက်၌သတ်မှတ်ထားသည့် ဆက်လက်တည်ရှိနေသည့်အချိန်ကာလအတွက် တရားဝင်မှု၊ ၎င်းပြဋ္ဌာန်းချက်အရ သို့မဟုတ် ၎င်းနှင့်ပတ်သက်၍ ပေါ်ထွက်လာသော တာဝန်ဝတ္တရားများအားလုံးအပေါ်၌ သက်ရောက်မှုမရှိစေရပါ။

## အတည်ပြုခြင်းများနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ

၃၄။ အတည်ပြုခြင်းနှင့် ရပ်စဲခြင်းနှင့်ပတ်သက်သည့် ပုံမှန်နောက်ဆုံးရ သတင်းအချက်အလက်များကို ရုံး၏ အင်တာနက်ကွန်ယက် (NORMLEX database) တွင် ရရှိနိုင်သည်။

# ၄။ အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်းသည့် အစီရင်ခံစာများ

## အစီရင်ခံရန်တာဝန်ဝတ္တရား

၃၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၂၂ က သတ်မှတ်သည်မှာ[၂၅]

အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းပါဝင်သော ပြဋ္ဌာန်းချက်များ၏ သတ်မှတ်ချက်များအပေါ် အကျိုးသက်ရောက်မှုရှိစေရန် ၎င်းအနေဖြင့် အရေးယူဆောင်ရွက်ခဲ့မှုများကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံးအတွက် နှစ်ချုပ်အစီရင်ခံစာတစ်စောင်ပြုစုပေးရန် သဘောတူညီသည်။ ယင်းအစီရင်ခံစာများကို အုပ်ချုပ်ရေးအဖွဲ့မှ တောင်းဆိုလာနိုင်သည့်ပုံစံအတိုင်းပြုစုရမည်ဖြစ်ပြီး ၎င်းတို့လိုအပ်သည့် အချက်အလက်များ ပါဝင်စေရမည်။

## အစီရင်ခံသည့်စနစ်

၃၆။ နှစ်ကာလတစ်လျှောက်လုံး[၂၆] အုပ်ချုပ်ရေးအဖွဲ့က အပိုဒ်ခွဲ ၂၂ အစီရင်ခံစာများကို တင်သွင်းခြင်းအတွက် အောက်ပါအစီအစဉ်များကို သဘောတူခွင့်ပြုခဲ့သည် –

(က) ***အစီရင်ခံစာများ၏အမျိုးအစားများ။*** ပြဋ္ဌာန်းချက်တစ်ခုစီအတွက် အိုင်အယ်လ်အို (ILO) ၏ အုပ်ချုပ်ရေးအဖွဲ့က သဘောတူခွင့်ပြုထားသော အစီရင်ခံစာပုံစံနှင့်အညီ ရေးဆွဲထားသည့် အသေးစိတ်ပြုစုထားသည့် အစီရင်ခံစာများကို အောက်ပါကိစ္စရပ်များတွင် လိုအပ်သည်[၂၇] –

(၁) သီးခြားနိုင်ငံတစ်ခုအတွက် ပြဋ္ဌာန်းချက်တစ်ခုစတင်သက်ဝင်ပြီး နောက်တစ်နှစ်တွင် တောင်းဆိုထားသည့် ပထမဦးဆုံးအစီရင်ခံစာကိစ္စတွင်၊

(၂) အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်ပိုင်အစွမ်းအစဖြင့် အတည်ပြုထားသည့် ပြဋ္ဌာန်းချက်တစ်ခုကို အသုံးချရာတွင် သိသာထင်ရှားသည့်ပြောင်းလဲမှုများရှိခဲ့ပါက (ဥပမာ၊ အနှစ်သာရရှိသော ဥပဒေအသစ်တစ်ခုကို သဘောတူပြဋ္ဌာန်းခြင်း သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ခုကို အသုံးချရာတွင် သက်ရောက်သည့် အခြားအပြောင်းအလဲများ)၊ နှင့်

(၃) ၎င်းတို့ကို ကြီးကြပ်သည့်အဖွဲ့များ၊ အထူးသဖြင့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အသုံးချမှုဆိုင်ရာကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) (လေ့လာတွေ့ရှိချက်တစ်ခုသို့မဟုတ်တိုက်ရိုက်တောင်းဆိုချက်တွင်အောက်ခြေမှတ်ချက်တစ်ခုအားဖြင့်)[၂၈] သို့မဟုတ် စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာ ညီလာခံကော်မတီ (CAS) (၎င်း၏ အပြီးသတ်ကောက်ချက်များကို သဘောတူပြဋ္ဌာန်းသည့်အခါ) တို့က အတိအလင်းတောင်းဆိုသည့်အခါတွင်။

အသေးစိတ်ပြုစုထားသည့်အစီရင်ခံစာကို မျှော်လင့်ထားသည့်အခါမှလွဲ၍ ၂၀၁၈၊ နိုဝင်ဘာလ အစည်းအဝေး၌ အုပ်ချုပ်ရေးအဖွဲ့မှ သဘောတူပြဋ္ဌာန်းထားသည့် ရှင်းလင်းလွယ်ကူအောင်ပြုစုထားသည့် အစီရင်ခံစာများအတွက် အစီရင်ခံစာပုံစံနှင့်အညီ ရှင်းလင်းလွယ်ကူ

[၂၅] အပိုဒ်ခွဲ ၂၂ ပါ တာဝန်ဝတ္တရားအရ အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များ၏ အသုံးချမှုနှင့်ပတ်သက်၍ အစီရင်ခံခြင်းသည် ပြဋ္ဌာန်းချက်များတစ်ခုချင်းစီက ချမှတ်ထားသော အခြားတာဝန်ဝတ္တရားအမျိုးမျိုးနှင့် ကွဲပြားခြားနားပြီး၊ လိုအပ်သော သတင်းအချက်အလက် (စာရင်းဇယားများ သို့မဟုတ် အလုပ်သမားအစီရင်ခံစာများကဲ့သို့) ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံးသို့ မှန်မှန်ပေးပို့ရမည်။ ပြဋ္ဌာန်းချက်များတစ်ခုချင်းစီ၏ တာဝန်ဝတ္တရားများသည် အမှီအခိုကင်း၍ ဤနေရာတွင်ဖော်ပြထားသည့် အပိုဒ်ခွဲ ၂၂ ပါ အစီရင်ခံစာစနစ်ပြောင်းလဲမှုများကြောင့် ထိခိုက်မှုမရှိပါ။

[၂၆] များမကြာမီက အုပ်ချုပ်ရေးအဖွဲ့၏ အစီရင်ခံစနစ်နှင့် သက်ဆိုင်သည့် ဆုံးဖြတ်ချက်များကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာတွင် သဘောတူပြဋ္ဌာန်းခဲ့သည်။ (GB.334/INS/5 နှင့် GB.332/INS/5(Rev.), GB.334/INS/PV, အပုဒ် ၂၈၈ နှစ်ခုစလုံးကို ကြည့်ပါ)၊ ယခင်ကဆုံးဖြတ်ချက်များအတွက် GB.310/LILS/3/2 and GB.310/11/2(Rev.) (၂၀၁၁); GB.298/LILS/4 နှင့် GB.298/9(Rev.) (၂၀၀၇); နှင့် GB.282/LILS/5, GB.282/8/2 နှင့် GB.283/LILS/6 (၂၀၀၁ နှင့် ၂၀၀၂) ကို အထူးသဖြင့် ကြည့်ပါ။

[၂၇] အသေးစိတ်ပြုစုထားသည့် အစီရင်ခံစာ၏ ပါဝင်သည့်အကြောင်းအရာကို အောက်ပါအပုဒ် ၃၇ တွင် ကြည့်ပါ။

[၂၈] ပြဋ္ဌာန်းချက်များနှင့်အကြံပြုတိုက်တွန်းချက်များအပေါ်အသုံးချမှုဆိုင်ရာကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) ၏ အစီရင်ခံစာ၊ အစီရင်ခံစာ ၃ (အပိုင်း က)၊ အထွေထွေအစီရင်ခံစာ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံ၊ ၁၀၈ ကြိမ် (ရာပြည့်) အခန်းအနား၊ ဂျီနီဗာ၊ ၂၀၁၉၊ အပုဒ် ၇၅

အောင်ပြုစုထားသည့် အစီရင်ခံစာများကို တင်သွင်းနိုင်သည်။ (GB.334/INS/5 ၏ နောက်ဆက်တွဲ ၂ တွင် ကြည့်ပါ)[၃၉]

(ခ) ***အစီရင်ခံစာလည်ပတ်မှု။***[၄၀] အစီရင်ခံစာများကို အချိန်အပိုင်းအခြားအလိုက် အောက်ပါအရင်းခံတစ်ခုခုပေါ်တွင်မူတည်၍ တောင်းခံသည်၊ ကြီးကြပ်သည့်အဖွဲ့များက ပုံမှန်အစီရင်ခံစာလည်ပတ်မှု၏ ပြင်ပတွင် တောင်းခံနိုင်ဖွယ်ရှိသည်ဟု နားလည်မှုအရ –

(၁) ***၃ – နှစ်တာလည်ပတ်မှု။ အစီရင်ခံစာများကို အခြေခံကျသည့် သို့မဟုတ် အုပ်ချုပ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များ***[၄၁]ဟု ယူဆသည့် အောက်ပါပြဋ္ဌာန်းချက်များ ၁၂ ခု အတွက် သုံးနှစ်လျှင် တစ်ကြိမ်တောင်းခံသည်။

**အခြေခံကျသည့်ပြဋ္ဌာန်းချက်များ**

- ***လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း၊*** ပြဋ္ဌာန်းချက် အမှတ် ၈၇ နှင့် ၉၈၊
- ***အဓမ္မအလုပ်ခိုင်းစေခြင်းကို ဖျက်သိမ်းခြင်း၊*** ပြဋ္ဌာန်းချက်အမှတ် ၂၉ နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ်၊ နှင့် ပြဋ္ဌာန်းချက်အမှတ် ၁၀၅၊
- ***တန်းတူညီမျှအခွင့်အရေးနှင့်ဆက်ဆံရေး၊*** ပြဋ္ဌာန်းချက်အမှတ် ၁၀၀ နှင့် ၁၁၁၊
- ***ကလေးအလုပ်သမား၊*** ပြဋ္ဌာန်းချက်အမှတ် ၁၃၈ နှင့် ၁၈၂။

**အုပ်ချုပ်မှုဆိုင်ရာပြဋ္ဌာန်းချက်များ**

- ***အလုပ်အကိုင်မူဝါဒ၊*** ပြဋ္ဌာန်းချက်အမှတ် ၁၂၂၊
- ***အလုပ်သမားစစ်ဆေးခြင်း၊*** ပြဋ္ဌာန်းချက်အမှတ် ၈၁ နှင့် ၎င်း၏ နောက်ဆက်တွဲစာချုပ်၊ နှင့် ပြဋ္ဌာန်းချက်အမှတ် ၁၂၉၊
- ***သုံးပွင့်ဆိုင်ညှိနှိုင်းဆွေးနွေးခြင်းများ၊*** ပြဋ္ဌာန်းချက်အမှတ် ၁၄၄။

(၂) ***၆–နှစ်တာလည်ပတ်မှု။*** အစီရင်ခံစာများကို အခြားပြဋ္ဌာန်းချက်များအတွက်၊ ခြောက်နှစ်လျှင် တစ်ကြိမ် ၎င်းတို့၏ အကြောင်းအရာဘာသာရပ်အလိုက်စီစဉ်ထားမှုနှင့်အညီတောင်းခံသည် –

- ***လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်း (စိုက်ပျိုးရေး၊ မြို့တော်နယ်နိမိတ်အတွင်း မဟုတ်သည့် နယ်ပယ်များ)*** ပြဋ္ဌာန်းချက်များအမှတ် ၁၁၊ ၈၄ နှင့် ၁၄၁၊
- ***အလုပ်သမားဆိုင်ရာဆက်ဆံရေးများ၊*** ပြဋ္ဌာန်းချက်များအမှတ် ၁၃၅၊ ၁၅၁ နှင့် ၁၅၄၊
- ***ကလေးများနှင့်ငယ်ရွယ်သူများအား အကာအကွယ်ပေးခြင်း၊*** ပြဋ္ဌာန်းချက်များ အမှတ် ၅၊ ၆၊ ၁၀၊ ၃၃၊ ၅၉၊ ၇၇၊ ၇၈၊ ၇၉၊ ၉၀၊ ၁၂၃ နှင့် ၁၂၄၊
- ***အလုပ်အကိုင်မြှင့်တင်ခြင်း၊*** ပြဋ္ဌာန်းချက်များအမှတ် ၂၊ ၈၈၊ ၉၆၊ ၁၅၉ နှင့် ၁၈၁၊
- ***အသက်မွေးလမ်းကြောင်းဆိုင်ရာ လမ်းညွှန်မှုနှင့် သင်တန်းများ (ကျွမ်းကျင်မှုများ)၊*** ပြဋ္ဌာန်းချက်များအမှတ် ၁၄၀ နှင့် ၁၄၂၊
- ***အလုပ်အကိုင်လုံခြုံမှု၊*** ပြဋ္ဌာန်းချက်အမှတ် ၁၅၈၊
- ***လူမှုရေးမူဝါဒ၊*** ပြဋ္ဌာန်းချက်များအမှတ် ၈၂၊ ၉၄ နှင့် ၁၁၇၊
- ***လုပ်ခလစာများ၊*** ပြဋ္ဌာန်းချက်များအမှတ် ၂၆၊ ၉၅၊ ၉၉၊ ၁၃၁ နှင့် ၁၇၃၊

[၃၉] *ရှင်းလင်းလွယ်ကူအောင်ပြုစုထားသည့်အစီရင်ခံစာ*တွင် ပါဝင်သည့်အကြောင်းအရာများအတွက် အောက်ပါအပုဒ် ၃၈ တွင်ကြည့်ပါ။

[၄၀] နောက်ဆက်တွဲ ၂ တွင်ကြည့်ပါ (အစီရင်ခံစာလည်ပတ်မှု၊ နိုဝင်ဘာ ၂၀၁၈ ခုနှစ်တွင်သဘောတူပြဋ္ဌာန်းခဲ့သည်)

[၄၁] အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် သုံးလတစ်ကြိမ်လိုအပ်သည့် အစီရင်ခံစာများအတွက် ပြဋ္ဌာန်းချက်များစာရင်းကို အချိန်ကာလအပိုင်းအခြားအလိုက် ပြန်လည်သုံးသပ်နိုင်သည်။

- *အလုပ်ချိန်များ၊* ပြဋ္ဌာန်းချက်များအမှတ် ၁၊ ၁၄၊ ၃၀၊ ၄၇၊ ၅၂၊ ၈၉၊ ၁၀၁၊ ၁၀၆၊ ၁၃၂၊ ၁၅၃၊ ၁၇၁ နှင့် ၁၇၅၊
- *မိသားစုဝတ္တရားများရှိသည့် အလုပ်သမားများ၊* ပြဋ္ဌာန်းချက်အမှတ် ၁၅၆၊
- *ရွှေ့ပြောင်းအလုပ်သမားများ၊* ပြဋ္ဌာန်းချက်များအမှတ် ၉၇ နှင့် ၁၄၃၊
- *လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊* ပြဋ္ဌာန်းချက်များအမှတ် ၁၃၊ ၄၅၊ ၆၂၊ ၁၁၅၊ ၁၁၉၊ ၁၂၀၊ ၁၂၇၊ ၁၃၆၊ ၁၃၉၊ ၁၄၈၊ ၁၅၅၊ ၁၆၁၊ ၁၆၂၊ ၁၆၇၊ ၁၇၀၊ ၁၇၄၊ ၁၇၆၊ ၁၈၄ နှင့် ၁၈၇၊
- *လူမှုဖူလုံရေး၊* ပြဋ္ဌာန်းချက်များအမှတ် ၁၂၊ ၁၇၊ ၁၈၊ ၁၉၊ ၂၄၊ ၂၅၊ ၄၂၊ ၁၀၂၊ ၁၁၈၊ ၁၂၁၊ ၁၂၈၊ ၁၃၀၊ ၁၅၇ နှင့် ၁၆၈၊
- *မီးဖွားမှုဆိုင်ရာအကာအကွယ်ပေးခြင်း၊* ပြဋ္ဌာန်းချက်များအမှတ် ၃၊ ၁၀၃ နှင့် ၁၈၃၊
- *အလုပ်သမားစီမံခန့်ခွဲမှု၊* ပြဋ္ဌာန်းချက်များအမှတ် ၆၃၊ ၈၅၊ ၁၅၀ နှင့် ၁၆၀၊
- *သင်္ဘောသားများ၊* ပြဋ္ဌာန်းချက်များအမှတ် ၇၊ ၈၊ ၉၊ ၁၆၊ ၂၂၊ ၂၃၊ ၅၃၊ ၅၅၊ ၅၆၊ ၅၈၊ ၆၈၊ ၆၉၊ ၇၁၊ ၇၃၊ ၇၄၊ ၉၂၊ ၁၀၈၊ ၁၃၃၊ ၁၃၄၊ ၁၄၅၊ ၁၄၆၊ ၁၄၇၊ ၁၆၃၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၇၈၊ ၁၇၉၊ ၁၈၀၊ ၁၈၅ နှင့် အမ်အယ်လ်စီ၊ ၂၀၀၆၊
- *ငါးဖမ်းသမားများ၊* ပြဋ္ဌာန်းချက်များအမှတ် ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၂၅၊ ၁၂၆ နှင့် ၁၈၈၊
- *ဆိပ်ကမ်းအလုပ်သမားများ၊* ပြဋ္ဌာန်းချက်များအမှတ် ၂၇၊ ၃၂။ ၁၃၇ နှင့် ၁၅၂၊
- *တိုင်းရင်းသားနှင့် လူမျိုးစုများ၊* ပြဋ္ဌာန်းချက်များအမှတ် ၁၀၇ နှင့် ၁၆၉၊
- *အခြားသီးခြားသတ်မှတ်သည့် အလုပ်သမားများအမျိုးအစားများ၊* ပြဋ္ဌာန်းချက်များ အမှတ် ၁၁၀၊ ၁၄၉။ ၁၇၂၊ ၁၇၇ နှင့် ၁၈၉။

(၃) *အချိန်အပိုင်းအခြားဖြင့်မဟုတ်သည့် အစီရင်ခံစာများ။* အောက်ပါကိစ္စများတွင် အတည်ပြု ထားသည့် ပြဋ္ဌာန်းချက်များကိုအသုံးချမှုအပေါ် အစီရင်ခံစာများကို ပုံမှန်အစီရင်ခံစာ လည်ပတ်မှု၏ ပြင်ပ၌တောင်းဆိုနိုင်သည်။

- ကျွမ်းကျင်ပညာရှင်များကော်မတီ (လေ့လာတွေ့ရှိချက်တစ်ခု သို့မဟုတ် တိုက်ရိုက်တောင်းဆိုချက်တွင် အောက်ခြေမှတ်ချက်တစ်ခုအားဖြင့်)[၆၂] သို့မဟုတ် ညီလာခံကော်မတီ (၎င်း၏ အပြီးသတ်ကောက်ချက်များကို သဘောတူပြဋ္ဌာန်းသည့်အခါ) မှ ထိုသို့တောင်းခံသည့်အခါ –
- အုပ်ချုပ်မှုအဖွဲ့မှ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၂၄ သို့မဟုတ် ၂၆ အရ ထည့်သွင်းထားသော အောက်ပါမှတ်တမ်းများကိုလိုက်နာ၍ သို့မဟုတ် လွတ်လပ်စွာအသင်းအပင်း ဖွဲ့စည်းခြင်းကော်မတီ[၆၃]၏ ရှေ့မှောက်၌ ထိုသို့တောင်းခံသည့်အခါ –
- တောင်းခံထားသည့် အစီရင်ခံစာကိုမတင်သွင်းခဲ့သော် သို့မဟုတ် ကြီးကြပ်သည့်အဖွဲ့မှပေးသည့် သဘောထားမှတ်ချက်များကို ပြန်ကြားမှုမပေးခဲ့သည်ရှိသော်၊ (သတိပြုရမည်မှာအစီရင်ခံရမည့်တာဝန်ဝတ္တရားများအားလိုက်နာမှုကိုကျွမ်းကျင်ပညာရှင်များကော်မတီနှင့် ညီလာခံကော်မတီမှကြီးကြပ်ပြီး ယင်းသို့အစီရင်ခံစာများ သို့မဟုတ် သတင်းအချက်အလက်များကို ပြန်ကြားရန်ပျက်ကွက်ခြင်းသည် အောက်ပါအပုဒ် ၃၈ တွင် ရှင်းပြထားသကဲ့သို့၊ ကြီးကြပ်သည့်အဖွဲ့မှ အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များကို အသုံးချမှုအပေါ် စစ်ဆေးခြင်းအား မတားမြစ်ပါ။)

---

[၆၂] ပြဋ္ဌာန်းချက်များနှင့်အကြံပြုတိုက်တွန်းချက်များအပေါ်အသုံးချမှုဆိုင်ရာကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) ၏ အစီရင်ခံစာ၊ op. cit., အပုဒ် ၇၅–၇၉

[၆၃] ဤအချက်နှင့်ပတ်သက်၍ အောက်ပါအပုဒ် ၈၄–၉၅ တွင်ကြည့်ပါ။

(ဂ) ***အစီရင်ခံခြင်းမှကင်းလွတ်ခွင့်။*** အောက်ပါပြဋ္ဌာန်းချက်များသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေ အပိုဒ်ခွဲ ၂၂ စည်းမျဉ်းအရ အစီရင်ခံခြင်းကိုမပြုစုရပါ – ပယ်ဖျက်ပြီးသည့် ပြဋ္ဌာန်းချက်များ (ပြဋ္ဌာန်းချက်အမှတ် ၄၊ ၁၅၊ ၂၁၊ ၄၁၊ ၅၀၊ ၆၄၊ ၆၅၊ ၆၇၊ ၈၆ နှင့် ၁၀၄)၊ ရုပ်သိမ်းပြီးသည့်ပြဋ္ဌာန်းချက်များ (ပြဋ္ဌာန်းချက်အမှတ် ၃၁၊ ၄၆၊ ၅၁၊ ၆၁ နှင့် ၆၆)၊ သက်ဝင်ခြင်းမရှိခဲ့သည့် ပြဋ္ဌာန်းချက်များ (ပြဋ္ဌာန်းချက်အမှတ် ၅၄၊ ၅၇၊ ၇၀၊ ၇၂၊ ၇၅၊ ၇၆၊ ၉၃ နှင့် ၁၀၉) နှင့် အပြီးသတ်အပိုဒ်ခွဲများပါ ပြဋ္ဌာန်းချက်များ (ပြဋ္ဌာန်းချက်အမှတ် ၈၀ နှင့် ၁၁၆)။ ထို့အပြင်၊ အုပ်ချုပ်ရေးအဖွဲ့က ချမှတ်ထားသည့်အခြေအနေများနှင့် အကာအကွယ်ပေးထားမှုများ[၆၆]အရ၊ အချို့ပြဋ္ဌာန်းချက်များ၊ အထူးသဖြင့် ယာယီဖယ်ရှားထားသည့် ပြဋ္ဌာန်းချက်များ[၆၇]အတွက် အစီရင်ခံစာများကို မတောင်းဆိုပါ။

## အသေးစိတ်ပြုစုထားသည့်အစီရင်ခံစာများ

၃၇။ အသေးစိတ်ပြုစုထားသည့် အစီရင်ခံစာတစ်ခုသည် ပြဋ္ဌာန်းချက်တိုင်းအတွက် အုပ်ချုပ်ရေးအဖွဲ့က သဘောတူခွင့်ပြုထားသည့်ပုံစံဖြင့် ဖြစ်သင့်သည်။ ပုံစံသည်ပြဋ္ဌာန်းချက်၏ အရေးပါသော သတ်မှတ်ချက်များ၊ ၎င်းနှင့်ပတ်သက်၍ပေးရမည့် သတင်းအချက်အလက်များအတွက် စီစဉ်ထားသည်။ ၎င်းတွင် ပြဋ္ဌာန်းချက်များကို မည်သည့်ပုံစံဖြင့်အသုံးချခဲ့သည်ကို ကြီးကြပ်ရေးအဖွဲ့များအနေဖြင့် သဘောပေါက်နိုင်စေရန်၊ ရည်ရွယ်၍ ပြုစုထားသော သတင်းအချက်အလက်များအတွက်၊ အချို့သော သတ်မှတ်ချက်များနှင့်ပတ်သက်၍ တိကျသည့်မေးခွန်းများ ပါဝင်သည်။ ပုံမှန်အစီရင်ခံစာပုံစံတစ်ခုတွင် အောက်ပါကိစ္စရပ်များအတွက် မေးခွန်းများလည်း ပါဝင်သည်။

(က) ***ဥပဒေများနှင့် နည်းဥပဒေများ စသည်တို့။*** သက်ဆိုင်ရာဥပဒေ သို့မဟုတ် အလားတူသတ်မှတ်ချက်များအားလုံးကို စာရင်းပြုစုထားသင့်ပြီး – ဤသို့ဆောင်ရွက်ထားရှိပြီးမှသာ – မိတ္တူများကို ထုတ်ပေးသင့်သည်။

(ခ) ***ခွင့်ပြုထားသောချန်လှပ်ထားမှုများ၊ ခြွင်းချက်များ သို့မဟုတ် အခြားအကန့်အသတ်များ။*** အချို့သော ပြဋ္ဌာန်းချက်များသည် လူပုဂ္ဂိုလ်အမျိုးအစားများ၊ စီးပွားရေးဆောင်ရွက်ချက်များ သို့မဟုတ် ပထဝီဒေသနယ်ပယ်များကို အသုံးချမှုမှ ကင်းလွတ်ခွင့်ပေးထားသည်၊ သို့သော် ယင်းကဲ့သို့သော အကန့်အသတ်များကို အသုံးချရန် ရည်ရွယ်ထားသောအတည်ပြုသည့် နိုင်ငံတစ်ခုသည် ၎င်း၏ ***ပထမဆုံး အပိုဒ်ခွဲ ၂၂ အစီရင်ခံစာ***တွင် ယင်းကို မည်သည့် အတိုင်းအတာအထိ ၎င်းတို့အပေါ် တောင်းဆိုနိုင်မှုရှိသည်ကို ဖော်ညွှန်းရန်လိုပါသည်။ ထို့ကြောင့် ဤကိစ္စနှင့်စပ်လျဉ်း၍ ပထမဆုံးအစီရင်ခံစာတွင် ဖော်ညွှန်းချက်များ ထည့်သွင်းရန် မရှိမဖြစ်လိုအပ်သည်၊ အကြောင်းမှာ၊ ထိုသို့မပြုခဲ့ပါက၊ အကန့်

[၆၆] ၁၉၉၆ ခုနှစ် မတ်လတွင် အုပ်ချုပ်ရေးအဖွဲ့က၊ ၎င်း၏ ၂၂၉ ကြိမ်မြောက် (ဖေဖော်ဝါရီလ – မတ်လ ၁၉၈၅ ခု) တွင် ဖော်ဆောင်ခဲ့သည့် သတ်မှတ်ချက်များနှင့် အကာအကွယ်များအရ၊ ခေတ်နှင့်တစ်ပြေးညီမဖြစ်တော့ဟု ယူဆရသော အချို့သောပြဋ္ဌာန်းချက်များနှင့်ပတ်သက်သည့် အစီရင်ခံစာများအား တောင်းခံမှုများကို ရပ်စဲရန်အတည်ပြုခဲ့သည်။ စာရွက်စာတမ်း GB.229/10/9 အပုဒ် ၄ က အောက်ပါအတိုင်းဆိုထားသည် –

“(က) အကယ်၍အခြေအနေများပြောင်းလဲပါက မည်သည့်သက်ဆိုင်ရာပြဋ္ဌာန်းချက်များအပေါ်သို့မဆို အသစ်ဖြစ်ပေါ်စေသည့် အရေးပါမှုရရှိစေရေးအတွက်၊ အုပ်ချုပ်ရေးအဖွဲ့က ၎င်းတို့၏ အသုံးချမှုအပေါ်တင်ပြရန် အသေးစိတ်ပြုစုထားသည့် အစီရင်ခံစာများကိုတစ်ဖန်လိုအပ်နိုင်သည်။

(ခ) လုပ်ငန်းရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသည် သက်ဆိုင်ရာပြဋ္ဌာန်းချက်များအရ လွှမ်းခြုံမှုရှိသည့် လက်တွေ့ကွင်းဆင်းရင်ဆိုင်ရသော အခက်အခဲများနှင့်ပတ်သက်သည့် သဘောထားမှတ်ချက်များကို လွတ်လပ်စွာတင်ပြနိုင်မှု ဆက်လက်ရှိနေမည်။ တည်ရှိနေသည့် လုပ်ထုံးလုပ်နည်းများအရ ၎င်းသဘောထားမှတ်ချက်များကို ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အသုံးချမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) က ဆင်ခြင်သုံးသပ်မည်ဖြစ်ပြီး၊ ၎င်းတို့က သင့်တော်သည်ဟုယူဆပါက ယင်းကဲ့သို့သော သတင်းအချက်အလက်များ (အသေးစိတ်ပြုစုထားသည့် အစီရင်ခံစာ အပါအဝင်) ကို တောင်းခံနိုင်သည်။

(ဂ) အထွေထွေအစီရင်စာများမှ ပေးအပ်သည့်သတင်းအချက်အလက်များ သို့မဟုတ် တစ်နည်းအားဖြင့်၎င်းအနေဖြင့် လွတ်လပ်စွာအသုံးပြုနိုင်သော (ဥပမာ – ဥပဒေပြဋ္ဌာန်းစာအုပ်များ) ပေါ်တွင်မူတည်၍၊ ကျွမ်းကျင်ပညာရှင်များ ကော်မတီသည် မည်သည့်အချိန်တွင်မဆို သဘောထားမှတ်ချက်များကို ပြုလုပ်နိုင်ပြီး သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့် ပတ်သက်၍ အသုံးချသည့်သတင်းအချက်အလက်များကို၊ အသေးစိတ်ပြုစုထားသည့် အစီရင်ခံစာကို တောင်းခံနိုင်သည့် အလားအလာအပါအဝင်၊ တောင်းခံနိုင်သည်။

(ဃ) သက်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ကိုယ်စားပြုခြင်းများနှင့် တိုင်တန်းချက်များ (အပိုဒ်ခွဲ ၂၄ နှင့် ၂၆) နှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာသတ်မှတ်ချက်များကို ဖော်ပြနိုင်သည့်အခွင့်အရေးသည် ထိခိုက်မှုမရှိဘဲဆက်လက်ရှိနေမည်။”

[၆၇] အောက်ပါပြဋ္ဌာန်းချက်များကို ယာယီဖယ်ရှားခဲ့ပြီး၎င်းတို့နှင့် သက်ဆိုင်သည့်အစီရင်ခံစာများကို ပုံမှန်အားဖြင့်တောင်းခံမှုမပြုတော့ပါ – ပြဋ္ဌာန်းချက်များအမှတ် ၂၀၊ ၂၈၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၃၊ ၄၄၊ ၄၈၊ ၄၉၊ ၆၀ နှင့် ၉၁။ ပြဋ္ဌာန်းချက်များကို ယာယီဖယ်ရှားထားခြင်းအားဖြင့် ၎င်းတို့ကို အတည်ပြုထားသည့်အဖွဲ့ဝင်နိုင်ငံများ၏ ဥပဒေစနစ်များအပေါ် ၎င်းတို့၏ အကျိုးသက်ရောက်မှုမည်သို့မျှမဖြစ်စေပါ။

အသတ်များဖြစ်နိုင်တော့မည် မဟုတ်သောကြောင့် ဖြစ်သည်။ ဤကဲ့သို့သောပြဋ္ဌာန်းချက်များအနေဖြင့် နောက်ပိုင်းပေးပို့မည့် အပိုဒ်ခွဲ ၂၂ အစီရင်ခံစာများတွင်လည်းမည်သို့ပင်ဖြစ်စေ ပြဋ္ဌာန်းချက်သည် ချန်လှပ်ထားသည့် လူပုဂ္ဂိုလ်များ၊ ဆောင်ရွက်ချက်များ သို့မဟုတ် နယ်ပယ်များနှင့် စပ်လျဉ်း၍ မည်မျှအကျိုးသက်ရောက်မှုရှိကြောင်းဖော်ညွှန်း၍ သတင်းအချက်အလက်များ၌ ထည့်သွင်းရန် တောင်းဆိုလာနိုင်ပါသည်။

(ဂ) ***ပြဋ္ဌာန်းချက်ကိုအကောင်အထည်ဖော်ခြင်း။*** ဥပဒေဆိုင်ရာသတ်မှတ်ချက်များ၏ အပိုဒ်ခွဲတစ်ခုချင်းအတွက် သို့မဟုတ် ယင်းကိုအသုံးချ၍ အခြားအရေးယူဆောင်ရွက်ချက်များအပေါ် အသေးစိတ် သတင်းအချက်အလက်များကို ပေးသင့်သည်။ အချို့ပြဋ္ဌာန်းချက်များသည် အစီရင်ခံစာများတွင် အထူးသတင်းအချက်အလက်များ ထည့်သွင်းရန်တောင်းဆိုကြသည် (ပြဋ္ဌာန်းချက် သို့မဟုတ် အပိုဒ်ခွဲအချို့၏ လက်တွေ့ကျင့်သုံးမှုနှင့်ပတ်သက်၍)။

(ဃ) ***အတည်ပြုခြင်း၏အကျိုးသက်ရောက်မှု။*** အတည်ပြုထားသည့်ပြဋ္ဌာန်းချက်အပေါ် နိုင်ငံတော်ဥပဒေ၏ အင်အားဖြစ်စေသည့် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သတ်မှတ်ချက်များအတွက်ကိုမဆိုနှင့် ပြဋ္ဌာန်းချက်ကို အကျိုးသက်ရောက်မှုဖြစ်စေသည့် မည်သည့်ထပ်ဆင့် အရေးယူဆောင်ရွက်မှုများအတွက်ကိုမဆို သတင်းအချက်အလက်များကို တောင်းဆိုသည်။

(င) ***ကြီးကြပ်သည့်အဖွဲ့ များမှပေးသည့် သဘောထားမှတ်ချက်များ။*** အစီရင်ခံစာတွင် ကျွမ်းကျင်ပညာရှင်များကော်မတီ (လေ့လာတွေ့ရှိချက်များ သို့မဟုတ် တိုက်ရိုက်တောင်းဆိုမှုများ) သို့မဟုတ် ညီလာခံကော်မတီ (၎င်း၏ ကောက်ချက်များတွင်) မှ ပြုလုပ်သည့် ပြဋ္ဌာန်းချက်ကို အသုံးချမှုနှင့် ပတ်သက်သည့် မည်သည့်သဘောထားမှတ်ချက်များကိုမဆို ပြန်လည်ဖြေကြားမှုများ ပါဝင်ရမည်။ ကျွမ်းကျင်ပညာရှင်များကော်မတီသို့ အခြားကြီးကြပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၂၄ နှင့် ၂၆၊ CFA) အား ဆက်လက်အရေးယူဆောင်ရွက်မှုကို ပေးပို့သည့်အခါ တောင်းဆိုထားသည့် သတင်းအချက်အလက်များကိုလည်း ပေးသင့်သည်။

(စ) ***လိုက်နာစေခြင်း။*** အစိုးရများအား သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ စသည်တို့အတွက် တာဝန်ရှိ သည့် အာဏာပိုင်များအား ဖော်ညွှန်းရန်နှင့် ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပေးပို့ရန်တောင်းဆိုသည်။ အာဏာပိုင်များ၏ ကိုယ်ပိုင်အစီရင်ခံစာများ၏ မိတ္တူများကို ပူးတွဲနိုင်သည် သို့မဟုတ် – ယင်းတို့အားပေးပို့ပြီးဖြစ်ပါက – ရည်ညွှန်းနိုင်သည်။

(ဆ) ***တရားရုံးရေးရာနှင့်ဆိုင်သော သို့မဟုတ် စီမံအုပ်ချုပ်မှုနှင့်ဆိုင်သော ဆုံးဖြတ်ချက်များ။*** အစိုးရများအား သက်ဆိုင်သည့်ဆုံးဖြတ်ချက်များ၏ မိတ္တူတစ်ခု သို့မဟုတ် အကျဉ်းချုပ်တစ်ခုကို ပေးပို့ရန်တောင်းဆိုသည်။

(ဇ) ***အထွေထွေအသိအမှတ်ပြုမှု။*** အစိုးရများအား ပြဋ္ဌာန်းချက်ကိုမည်ကဲ့သို့ လက်တွေ့အသုံးချသည်ဟူသည့် အထွေထွေဆန်းစစ်ချက်တစ်ခုကို၊ တရားဝင်ထုတ်ပြန်သည့် အစီရင်ခံစာများမှ ကောက်နုတ်ချက်များ၊ ဥပဒေ သို့မဟုတ် စုပေါင်းသဘောတူညီချက်များနှင့် လွှမ်းခြုံထားသည့် အလုပ်သမားများ၏ ကိန်းဂဏန်းအချက်အလက်များ၊ ဥပဒေကိုချိုးဖောက်မှုများ၏ တရားစွဲဆိုခြင်းများ စသဖြင့် အသေးစိတ်များနှင့် အတူတကွပေးရန် တောင်းဆိုသည်။

(ဈ) ***အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများမှ လေ့လာတွေ့ရှိချက်များ။*** ဤအဖွဲ့အစည်းများမှ ပြုလုပ်သည့် သို့မဟုတ် ရရှိသည့် မည်သည့်လေ့လာတွေ့ရှိချက်များကိုမဆို အစိုးရ၏ မည်သည့်တုန့်ပြန်မှုနှင့်မဆို တွဲ၍ပေးရမည်ဖြစ်သည်။

(ည) ***အစီရင်ခံစာများ၏ မိတ္တူများကို အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ ဆက်သွယ်ခြင်း။*** အစီရင်ခံစာ၏ မိတ္တူများကို ပေးပို့သည့်အဖွဲ့အစည်းများ၏ အမည်များကို ပေးရမည်ဖြစ်သည်။

## ရိုးရှင်းလွယ်ကူအောင်ပြုစုထားသည့် အစီရင်ခံစာများ

၃၈။ ၂၀၁၈ ခု နိုဝင်ဘာလတွင်၊ အုပ်ချုပ်သည့်အဖွဲ့မှ ရိုးရှင်းလွယ်ကူအောင်ပြုစုထားသည့် အစီရင်ခံစာများအတွက် အစီရင်ခံစာပုံစံ[၄၆] အသစ်တစ်ခုကို သဘောတူပြဋ္ဌာန်းခဲ့သည်။ ရိုးရှင်းလွယ်ကူအောင်ပြုစုထားသည့် အစီရင်ခံစာများတွင်အောက်ပါတို့သာပါဝင်မည်။

(က) ***ကြီးကြပ်သည့်ကော်မတီများ၏ သဘောထားမှတ်ချက်များကို ဖြေဆိုခြင်းများ။*** အစီရင်ခံစာတွင် ကျွမ်းကျင်ပညာရှင်များကော်မတီ (လေ့လာတွေ့ရှိချက်များ သို့မဟုတ် တိုက်ရိုက်တောင်းဆိုမှုများ) သို့မဟုတ် ညီလာခံကော်မတီ (၎င်း၏ ကောက်ချက်များတွင်) က ပြုလုပ်သည့် ပြဋ္ဌာန်းချက်ကို အသုံး ချမှုနှင့် ပတ်သက်သည့် မည်သည့်သဘောထားမှတ်ချက်များကိုမဆို ပြန်လည်ဖြေကြားမှုများ ပါဝင်ရမည်။ ကျွမ်းကျင်ပညာရှင်များကော်မတီသို့ အခြားကြီးကြပ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ ၂၄ နှင့် ၂၆၊ CFA) ကို ဆက်လက်အရေးယူဆောင်ရွက်သည့်အခါ တောင်းဆိုထားသည့် သတင်းအချက်အလက်များကိုလည်း ပေးအပ်ရမည်ဖြစ်သည်။

(ခ) ***ဥပဒေများနှင့် နည်းဥပဒေများ စသည်တို့။*** ဥပဒေနှင့် လက်တွေ့ကျင့်သုံးရာတွင် ဖြစ်ပေါ်လာသည့် ပြဋ္ဌာန်းချက်ကို အသုံးချမှုအပေါ်တွင်ထိခိုက်စေသည့် မည်သည့်ပြောင်းလဲမှုများကိုမဆိုနှင့် ယင်းကဲ့ သို့သောပြောင်းလဲမှုများ၏ သဘောသဘာဝနှင့် အကျိုးသက်ရောက်မှုများ၏ သတင်းအချက်အလက် များ။ (အကယ်၍ ပြောင်းလဲမှုသည်သိသာထင်ရှားပါက အသေးစိတ်ပြုစုထားသည့် အစီရင်ခံတစ်ခု ကို ပေးရမည် ဖြစ်သည်)

(ဂ) ***ပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ခြင်း။*** ကိန်းဂဏန်းဆိုင်ရာများ သို့မဟုတ် အခြားသတင်းအ ချက်အလက်များနှင့် သတ်မှတ်ထားသည့်အဆိုပါပြဋ္ဌာန်းချက်မှ ဆက်သွယ်မှုများ (မည်သည့်ခွင့်ပြု ထားသည့် ချန်လှပ်မှုများအပေါ်မဆို လိုအပ်သည့် သတင်းအချက်အလက်များ ပါဝင်မှုသာ)

(ဃ) ***အစီရင်ခံစာများ၏ မိတ္တူများကို အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ ဆက် သွယ်ခြင်း။*** ရှင်းလင်းလွယ်ကူအောင်ပြုစုထားသည့် အစီရင်ခံစာ၏ မိတ္တူများကို တင်ပြသည့် အဖွဲ့အ စည်းများ၏ အမည်များကို ပေးရမည်ဖြစ်သည်။

(င) ***အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများမှ လေ့လာတွေ့ရှိချက်များ။*** ဤအဖွဲ့အစည်း များမှပြုလုပ်သည့် သို့မဟုတ် ရရှိသည့် မည်သည့်လေ့လာတွေ့ရှိချက်များကိုမဆို အစိုးရ၏မည်သည့် တုန့်ပြန်မှုနှင့်မဆိုတွဲ၍ ပေးရမည်ဖြစ်သည်။

## အစီရင်ခံရန်ပျက်ကွက်မှုအပေါ်သတိပေးအကြောင်းကြားခြင်း

၃၉။ ကျွမ်းကျင်ပညာရှင်များကော်မတီနှင့် ညီလာခံကော်မတီနှစ်ခုလုံးသည် အဖွဲ့ဝင်နိုင်ငံများမှ ၎င်းတို့၏ အစီရင်ခံ ခြင်းအတွက် တာဝန်ဝတ္တရားများအား အလေးထားမှုကို ကြီးကြပ်သည်။

၄၀။ နှစ်စဉ်နှစ်တိုင်း၊ ကျွမ်းကျင်ပညာရှင်များကော်မတီ၏ အစီရင်ခံစာတွင်ပါဝင်သည့် သတင်းအချက်အလက်များ ပေါ်တွင်မူတည်၍၊ ညီလာခံဆောင်ရွက်သည့်အချိန်တွင် ပြန်လည်မွမ်းမံမှုအရ၊ ညီလာခံကော်မတီသည် အစီ ရင်ခံခြင်းအတွက် တာဝန်ဝတ္တရားများအား လိုက်နာရန်ပျက်ကွက်သည့် အမှုကိစ္စများကို စစ်ဆေးသည်၊ အထူး ရည်ညွှန်းချက်အနေဖြင့် –

– အတည်ပြုသည့်ပြဋ္ဌာန်းချက်များကို အသုံးချမှုအပေါ် အစီရင်ခံစာများပေးပို့ရန် လွန်ခဲ့သည့် နှစ်နှစ် သို့မဟုတ် ထို့ထက်မကအထိ ပျက်ကွက်ခြင်း၊

– အတည်ပြုသည့်ပြဋ္ဌာန်းချက်များကို အသုံးချမှုနှင့်ပတ်သက်သည့် ပထမဦးဆုံးအစီရင်ခံစာများ ပေးပို့ ရန် ပျက်ကွက်ခြင်း၊

[၄၆] နောက်ဆက်တွဲ ၃ တွင်ကြည့်ပါ။

- ကျွမ်းကျင်ပညာရှင်များကော်မတီ၏ သဘောထားမှတ်ချက်များကို ပြန်လည်ဖြေကြားရာတွင် သတင်းအချက်အလက်များ ပေးပို့ရန်ပျက်ကွက်ခြင်း၊
- အနည်းဆုံးအစည်းအဝေးခုနစ်ကြိမ်အတွင်း ညီလာခံကသဘောတူပြဋ္ဌာန်းထားသည့် စာချုပ်စာတမ်းများကို အခွင့်ရအာဏာပိုင်များထံ တင်သွင်းရန်ပျက်ကွက်ခြင်း၊
- အတည်မပြုရသေးသည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အစီရင်ခံစာများပေးပို့ရန် လွန်ခဲ့သောငါးနှစ်အတွက် ပျက်ကွက်ခြင်း။

၄၁။ ၎င်း၏ ၈၈ ကြိမ်မြောက် (၂၀၁၇) နှင့် ၈၉ ကြိမ်မြောက် (၂၀၁၈) အစည်းအဝေးများ ကျင်းပချိန်များအတွင်း၌ CEACR သည် အတည်ပြုထားသောပြဋ္ဌာန်းချက်များ၏ ကြီးကြပ်မှုကို ခိုင်ခံ့စေရန် ရည်ရွယ်၍ အစီရင်ခံရန် အကြီးအကျယ်ပျက်ကွက်မှုကို မည်သည့်နည်းလမ်းဖြင့် ရင်ဆိုင်မည်ဆိုသည့် မေးခွန်းကို စစ်ဆေးခဲ့သည်။ အစီရင်ခံစာများကို နှစ်ပေါင်းများစွာတိုင်အောင် ပေးပို့ခြင်းမရှိပါက အသစ်ကျင့်သုံးမှုတစ်ခုဖြစ်သည့် “အရေးပေါ် အယူခံဝင်မှုများ” ကို အကောင်အထည်ဖော်ရန် ကော်မတီကဆုံးဖြတ်ခဲ့သည်။ အပိုဒ်ခွဲ ၂၂ အစီရင်ခံစာများကို သုံးနှစ်ဆက်တိုက်မရရှိခဲ့သည့် ကိစ္စများအားလုံးတွင်၊ ကျွမ်းကျင်ပညာရှင်များကော်မတီသည် သက်ဆိုင်ရာအစိုးရများထံ အရေးပေါ်အယူခံဝင်မှုများကို ထုတ်ပြန်ပေးမည် ဖြစ်သည်။ ရလဒ်အနေဖြင့် ယခင်သဘောထားမှတ်ချက်များအား ထပ်မံပြုလုပ်မှုများကို အများဆုံးသုံးနှစ်အထိသာ ကန့်သတ်ထားမည်ဖြစ်ပြီး၊ နောက်ပိုင်းတွင် ကော်မတီသည် အစိုးရက အစီရင်ခံစာတစ်စောင်ပေးပို့ခြင်း မရှိသော်လည်း ပြဋ္ဌာန်းချက်၏ အသုံးချမှုကို လူထုအတွင်း သိရှိနိုင်သော သတင်းအချက်အလက်များအပေါ် အခြေခံ၍ အနှစ်သာရရှိစွာ စစ်ဆေးမည်ဖြစ်သည့်အတွက်၊ အတည်ပြုထားသည့် ပြဋ္ဌာန်းချက်၏ အသုံးချမှုကို ပုံမှန်အစီရင်ခံစာ လည်ပတ်မှုအတွင်း အနည်းဆုံးတစ်ကြိမ် ပြန်လည်သုံးသပ်မှုတစ်ခုကို ပြုလုပ်ရန် သေချာစေသည်[၆၇]။ ညီလာခံကော်မတီသည် ဇွန်လတွင် အစီရင်ခံရန် တာဝန်ဝတ္တရားများကို လိုက်နာမှုအား စစ်ဆေးသောအခါ အစီရင်ခံရန်အကြီးအကျယ်ပျက်ကွက်မှုနှင့် အရေးပေါ် အယူခံဝင်မှုများအပေါ်၌ ၎င်း၏ အာရုံကို စွဲဆောင်ထားခံရမည် ဖြစ်သည်။

## အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု

၄၂။ ပြဋ္ဌာန်းချက်အမှတ် ၁၄၄ ၏ အပိုဒ်ခွဲ ၅၊ အပုဒ် ၁(ဃ) နှင့် အကြံပြုတိုက်တွန်းချက်များအမှတ် ၁၅၂ ၏ အပုဒ် ၅(င) တွင် အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များအပေါ် ပြုစုရမည့်အစီရင်ခံစာများမှ ပေါ်ပေါက်လာသည့် မေးခွန်းများကို အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးတိုင်ပင်မှုအတွက် သတ်မှတ်ထားသည်။

## အလုပ်ရှင်များနှင့် အလုပ်သမားများ၏အဖွဲ့အစည်းများထံ အစီရင်ခံစာများကို ဆက်သွယ်ခြင်း

၄၃။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၂၃၊ အပုဒ် ၂ အရ အတည်ပြုထားသော ပြဋ္ဌာန်းချက်များအပေါ် အသုံးချမှုနှင့်ပတ်သက်သည့် အစီရင်ခံစာများအားလုံး၏ မိတ္တူများကို အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများသို့ ဆက်သွယ်ရမည်ဖြစ်သည်။ ၎င်းကို ထည့်သွင်းစဉ်းစားနိုင်သည့် သဘောထားမှတ်ချက်များအား ဖိတ်ခေါ်ပြီး၊ အစီရင်ခံစာကို အပြီးသတ်ပြုစုခြင်း မတိုင်မီတွင်လည်းကောင်း၊ အိုင်အယ်လ်အို (ILO) သို့ ၎င်းတို့၏ အစီရင်ခံစာများကိုပေးပို့သည့် တစ်ချိန်တည်းတွင်လည်းကောင်း ပြုလုပ်နိုင်သည်။ မည်သို့ပင်ဖြစ်စေ၊ အိုင်အယ်လ်အို (ILO) သို့ ၎င်းတို့၏ အစီရင်ခံစာများကို ဆက်လက်ပေးပို့သည့်အခါ၊ အစိုးရများသည် ဆက်သွယ်ပေးပို့ခဲ့သည့် အဖွဲ့အစည်းများ၏ အမည်ကို ရည်ညွှန်းဖော်ပြရမည်။ ထိုအဖွဲ့အစည်းများသည် အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များကို အသုံးချမှုအပေါ် ၎င်းတို့ဆန္ဒရှိသည့် မည်သည့်စူးစမ်းလေ့လာမှုများကိုမဆို ပြုလုပ်နိုင်သည်။

---

[၆၇] ပြဋ္ဌာန်းချက်များနှင့်အကြံပြုတိုက်တွန်းချက်များအပေါ် အသုံးချမှုဆိုင်ရာကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) ၏ အစီရင်ခံစာ၊ op. cit., အပုဒ် ၁၀

## အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ လေ့လာစူးစမ်းခြင်းများ

၄၄။ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများမှ အတည်ပြုထားသည့်ပြဋ္ဌာန်းချက်များကို အသုံးချမှု အပေါ် လေ့လာစူးစမ်းမှုများကို လက်ခံရရှိသည့်အခါ၊ အစိုးရသည် အသေးစိတ်အချက်အလက် အပြည့်အစုံ - ပုံမှန်အားဖြင့်၊ လေ့လာစူးစမ်းမှုများ၏ မိတ္တူတစ်ခု ပူးတွဲ၍ - အစိုးရ၏တုန့်ပြန်မှု၊ အကယ်၍ရှိပါက၊ နှင့်တကွ အစိုးရ၏ အစီရင်ခံစာတွင် ပေးပို့ရမည် ဖြစ်သည်။ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ ကလည်း လေ့လာတွေ့ရှိမှုများကို ကျွမ်းကျင်ပညာရှင်များ ကော်မတီသို့တင်သွင်းရန် ရုံးသို့ တိုက်ရိုက်ပေးပို့ နိုင်သည် - ဤကိစ္စတွင်၊ ရုံးသည်လက်ခံရရှိမှုကို အသိအမှတ်ပြုပြီးသည်နှင့်တပြိုင်နက် မိတ္တူတစ်စောင်ကို သက်ဆိုင်သည့်အစိုးရသို့၊ ၎င်းကို တုန့်ပြန်မှုပြုလုပ်လိုပါက တုန့်ပြန်နိုင်ရန်အတွက် ဆက်လက်ပေးပို့သည်။ ရုံးမှ တိုက်ရိုက်ရရှိသော အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ လေ့လာစူးစမ်းမှုများအ ပေါ် အရေးယူဆောင်ရွက်မှုအတွက် အသေးစိတ်အချက်အလက်များကို ကျွမ်းကျင်ပညာရှင်များ ကော်မတီ၏ အထွေထွေအစီရင်ခံစာတွင် တွေ့ရှိနိုင်သည်။[၆၈]

> အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသည် ၎င်းတို့၏ လေ့လာစူးစမ်းမှုများကို ရုံးသို့ တိုက်ရိုက်ပေးပို့ရန် ဆန္ဒရှိပါက ဖော်ပြပါအဆက်အသွယ် ORGS-CEACR@ilo.org. ကို အသုံးပြုနိုင်ပါသည်။

## အစီရင်ခံစာများတောင်းခံရန်ရုံးလုပ်ထုံးလုပ်နည်းများ

၄၅။ (က) နှစ်စဉ်နှစ်ဦးပိုင်း (ပုံမှန်အားဖြင့် ဖေဖော်ဝါရီ/မတ်တွင်)၊ ရုံးသည် အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များကို အသုံးချမှုနှင့်သက်ဆိုင်သည့် ပေးပို့ရန်ရှိသော အစီရင်ခံစာများကို အစိုးရအသီးသီးထံသို့ အကြောင်းကြားချက်တစ်ခုဖော်ပြ၍ ပေးရန်ရှိသောအစီရင်ခံစာများကို အသေးစိတ်ပြုစုထားသည့် သို့မဟုတ် ရိုးရှင်းလွယ်ကူသည့် အစီရင်ခံစာများဖြစ်သည်ကို ရှင်းလင်းစွာရည်ညွှန်း ဖော်ပြ၍ တောင်းဆိုသည်။ အစီရင်ခံစာများအတွက် တောင်းဆိုမှုများ၏ မိတ္တူများကိုလည်း နိုင်ငံဆိုင်ရာ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ ပေးပို့သည်။

> အသေးစိတ်ပြုစုထားသည့် အစီရင်ခံစာသည် သီးခြားပြဋ္ဌာန်းချက်တစ်ခုစီအတွက် သဘောတူပြဋ္ဌာန်းခဲ့သည့် အစီရင်ခံစာပုံစံအတိုင်း လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ ၂၀၁၈ ခု၊ နိုဝင်ဘာလတွင် အုပ်ချုပ်ရေးအဖွဲ့က ရိုးရှင်းလွယ်ကူအောင် ပြုစုထားသည့် အစီရင်ခံစာများအတွက် အစီရင်ခံစာပုံစံအသစ်တစ်ခုကို သဘောတူပြဋ္ဌာန်းခဲ့သည်။

(ခ) အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ၊ အစီရင်ခံစာများကို ရုံးသို့ ဇွန်လ (၁) ရက်မှ စက်တင်ဘာလ (၁) ရက်အတွင်း နောက်ဆုံးထား၍ နှစ်စဉ်ရောက်ရှိရန် တောင်းဆိုထားသည်[၆၉]။ ၎င်းတို့၏ အစီရင်ခံစာများကို အချိန်မီမပေးပို့သည့် အစိုးရများထံသို့ နှိုးဆော်စာများ ပေးပို့သည်။ အိုင်အယ်လ်အို (ILO) မြေပြင်ရုံးများနှင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်နေသော စံချိန်စံညွှန်းများဆိုင်ရာ ကျွမ်းကျင်

[၆၈] ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အသုံးချမှုဆိုင်ရာကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) ၏ အစီရင်ခံစာ၊ op. cit., အပုဒ် ၉၄-၁၀၄

[၆၉] အစိုးရများကို ၎င်းတို့၏ အစီရင်ခံစာများကို အားလုံးအတူတကွ သို့မဟုတ် အသုတ်များအလိုက်ပေးပို့နိုင်သည်။ အစီရင်ခံစာများသည် ၎င်းတို့ကိုပေးပို့သည့် အချိန်ကာလအထိ လွှမ်းခြုံမှုရှိစေရမည်။

ပညာရှင်များကိုလည်း သက်ဆိုင်သည့်အစိုးရများနှင့် ဆက်သွယ်စေခြင်းဖြင့် ကူညီရန်တောင်းဆိုနိုင်သည်။ အပိုဒ်ခွဲ ၂၂ အစီရင်ခံစာများကိုလက်ခံသည့် နောက်ဆုံးသတ်မှတ်ရက်ကို အင်အားဖြည့်ရန် ရည်ရွယ်၍၊ ကျွမ်းကျင်ပညာရှင်များကော်မတီသည် နောက်ဆုံးရက်အဖြစ် သတ်မှတ်ထားသည့် စက်တင်ဘာလ (၁) ရက်နောက်ပိုင်းလက်ခံရရှိခဲ့သောအပိုဒ်ခွဲ၂၂အစီရင်ခံစာများ၊နောက်ကျမှုကြောင့် ၎င်း၏ စစ်ဆေးမှုကို ရွှေ့ဆိုင်းနိုင်သည်၊ နှင့် နောက်ဆုံးသတ်မှတ်ရက်အမီ ရောက်လာသော အစီရင်ခံစာများ၊ ၎င်း၏စစ်ဆေးမှုကို အခြားအကြောင်းများကြောင့် ရွှေ့ဆိုင်းနိုင်သည်၊ (ဥပမာ - အိုင်အယ်လ်အို (ILO) ၏ လုပ်ငန်းသုံး စကားများသို့ ဘာသာပြန်ရန် လိုအပ်မှု)[၅၀] တို့အကြား ပိုမိုရှင်းလင်းစွာ ခွဲခြားနိုင်ရန် ကျွမ်းကျင်ပညာရှင်များ ကော်မတီမှ ဆုံးဖြတ်ချက်ချခဲ့သည်။

(ဂ) အစိုးရများ၏ အစီရင်ခံစာများကိုလက်ခံရရှိသောအခါ၊ ရုံးအနေဖြင့် အစီရင်ခံစာများသည် သက်ဆိုင်ရာ ဥပဒေ သို့မဟုတ် အခြားစာရွက်စာတမ်းများ၏ မိတ္တူများနှင့်တွဲဖက်ပါလာခြင်းရှိ၊ မရှိကို စစ်ဆေးပြီး၊ ထိုသို့မရှိလျှင်၊ ယင်းတို့ကို တနည်းအားဖြင့် မရနိုင်ပါက၊ ၎င်းတို့အား ထိုစာရွက်စာတမ်းများကို ပေးပို့ရန် တောင်းဆိုသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၂၃၊ အပုဒ် ၂ အရ ကိုင်တွယ်ခဲ့သည့် အစီရင်ခံစာမိတ္တူများကို ပေးပို့ရမည့် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ အမည်များကို ညွှန်ပြရန်ပျက်ကွက်သည့် ကိစ္စရပ်၌လည်း အလားတူသက်ဆိုင်သည်။ ကျွမ်းကျင်ပညာရှင်များ ကော်မတီက အစီရင်ခံစာ၏ အဓိကကျသည့်ပါဝင်မှုကို စစ်ဆေးသည်။

## အကျဉ်းချုပ်

၄၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၂၃၊ အပုဒ် ၁ အရ၊ အတည်ပြုထားသည့်ပြဋ္ဌာန်းချက်များကို အသုံးချမှုအပေါ် အစီရင်ခံစာများ၏ အကျဉ်းချုပ်တစ်ခုကို ညီလာခံ၏ နောက်တစ်ကြိမ်အစည်းအဝေးတွင် ချပြရမည်။ ယင်းအကျဉ်းချုပ်ကို အတိုကောက်၊ ဇယားပုံစံဖြင့် အစီရင်ခံစာ ၃ (အပိုင်း က) တွင် ဖော်ပြထားသည်။ ထို့အပြင် ရုံးသည် (စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာကော်မတီ (CAS) အတွင်းရေးမှူးမှတစ်ဆင့်) အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များ၏ အစီရင်ခံစာများကို ညီလာခံ၌ တိုင်ပင်ဆွေးနွေးမှုပြုရာတွင် အသင့်ရရှိနိုင်ရန်၊ မိတ္တူများကို၊ အကယ်၍ လိုအပ်ပါက၊ ကူးသည်။

[၅၀] ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ်အသုံးချမှုဆိုင်ရာကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) ၏ အစီရင်ခံစာ၊ op. cit., အပုဒ် ၁၁

## အကောင်အထည်ဖော်ခြင်းဆိုင်ရာပြက္ခဒိန် – အတည်ပြုထားသည့်ပြဋ္ဌာန်းချက်များအပေါ် အစီရင်ခံစာများ

| ကာလ | ILO ဆောင်ရွက်မှု | နိုင်ငံတော်စီမံအုပ်ချုပ်မှုများ၏ ဆောင်ရွက်မှု |
|---|---|---|
| ဖေဖော်ဝါရီလ/မတ်လ | ILO သည် ထိုနှစ်၏ ပေးရန်အချိန်စေ့သော အစီရင်ခံစာများအတွက် တောင်းဆိုချက်ကို ပေးပို့လိုက်သည်။ | |
| မတ်လမှ စတင်၍ | | အစီရင်ခံစာများကို ပြင်ဆင်သည်။ နိုင်ငံတော် ပါတီများအတွက် – C.144 – အစီရင်ခံစာများ မှ ပေါ်ထွက်လာသော မေးခွန်းများကို ပြုစုရန် အတွက် အလုပ်ရှင်များနှင့် အလုပ်သမားများ ၏ အဖွဲ့အစည်းများကို တိုင်ပင်ဆွေးနွေး သည်။ အစီရင်ခံစာများ၏ မိတ္တူများကို အလုပ် ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့ အစည်းများသို့ ပေးပို့သည်။ |
| ဇွန်လ ၁ ရက်နှင့် စက်တင်ဘာလ ၁ ရက်အတွင်း | | အစီရင်ခံစာများကို ILO သို့ ဇွန်လ ၁ ရက် နှင့် စက်တင်ဘာလ ၁ ရက်အတွင်း နောက်ဆုံး ထား၍ရောက်ရှိရန် ပေးပို့သည်။ |
| နိုဝင်ဘာလ – ဒီဇင်ဘာလ | ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ အပေါ် အသုံးချမှုဆိုင်ရာကျွမ်းကျင်ပညာရှင်များ ကော်မတီ (CEACR) တွေ့ဆုံသည်။ | |
| နောက်တစ်နှစ်၏ ဖေဖော်ဝါရီလ/မတ်လ | ကျွမ်းကျင်ပညာရှင်များ ကော်မတီ၏ အစီရင်ခံစာ ထုတ်ပြန်ခြင်း။ | လိုက်နာမှုကို သေချာစေရန်နှင့် ညီလာခံ ကော်မတီအတွက် ကြိုတင်ပြင်ဆင်မှု နှစ်ခု စလုံးကို ရည်ရွယ်၍ လိုအပ်သည့် ကနဦး အရေးယူဆောင်ရွက်မှုများကို လေ့လာသည်။ |
| ညီလာခံမတိုင်မီ ၃၀ ရက် | အမှုကိစ္စများ၏ ပဏာမစာရင်း ထုတ်ပြန်ခြင်း။ | သတင်းအချက်အလက်များကို (ဆီလျော် သလို) ညီလာခံကော်မတီအတွက် ပြင်ဆင် ခြင်း၊ စာအရေးအသားအားဖြင့် သို့မဟုတ် နှုတ်ဖြင့် ပြောဆိုရန်၊ |
| ဇွန်လ | စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာ ညီလာခံ ကော်မတီ (CAS) တွေ့ဆုံသည်။ | အမှုကိစ္စများဖြေရှင်းရာတွင် ပူးပေါင်းပါဝင် ခြင်းနှင့် ဆီလျော်သလို၊ စဉ်းစားဆင်ခြင်ရန် ရွေးချယ်ထားသည့် ကိုယ်ပိုင်နိုင်ငံနှင့် ပတ် သက်သည့် မည့်သည့်အမှုကိစ္စများကိုမဆို ဆွေးနွေးမှုတွင် ပါဝင်ခြင်း။ |
| CAS နောက်ပိုင်းတွင် | | အကယ်၍အမှုကိစ္စကို ညီလာခံကော်မတီမှ စစ်ဆေးပါက၊ လိုအပ်သည့်အရေးယူမှုကို ထည့်သွင်းစဉ်းစားရန် ရည်ရွယ်ချက်ဖြင့် ကောက်နှုတ်ချက်ကို၊ CEACR သို့ အစီရင်ခံ ခြင်း အပါအဝင်၊ ပြန်လည်သုံးသပ်သည်။ |

# ၅။ အတည်မပြုခဲ့သည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့် စပ်လျဉ်းသည့် အစီရင်ခံစာများ – အထွေထွေစစ်တမ်းများ

## အတည်မပြုခဲ့သည့် ပြဋ္ဌာန်းချက်များကို အစီရင်ခံရန် တာဝန်ဝတ္တရား

၄၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉၊ အပုဒ် ၅(စ) အရ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံသည် အတည်မပြုရသေးသည့် မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို၊ တာဝန်ယူသည် –

.....အုပ်ချုပ်ရေးအဖွဲ့မှ တောင်းဆိုသည့်အတိုင်း သင့်လျော်သည့်ကာလအပိုင်းအခြားများတွင်၊ ပြဋ္ဌာန်းချက်အပေါ် ကိုင်တွယ်ဖြေရှင်းခဲ့သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ၎င်း၏ ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှု၏ အနေအထား၊ ပြဋ္ဌာန်းချက်ပါ မည်သည့်သတ်မှတ်ချက်များအပေါ်မဆို မည်သည့်အတိုင်းအတာအထိ အကျိုးသက်ရောက်မှုပေးထားသည် သို့မဟုတ် ပေးရန်အဆိုပြုထားသည်ကို၊ ဥပဒေပြုခြင်း၊ အုပ်ချုပ်မှုဆိုင်ရာ အရေးယူဆောင်ရွက်ခြင်း၊ စုပေါင်းသဘောတူညီခြင်း သို့မဟုတ် အခြားအကြောင်းကြောင့်ဖြစ်စေ၊ ဖော်ပြ၍ ၎င်းပြဋ္ဌာန်းချက်အား အတည်ပြုခြင်းကို တားဆီးသည့် သို့မဟုတ် နှောင့်နှေးစေသည့် အခက်အခဲများကို ဖော်ထုတ်ရေးသားပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံသို့ အစီရင်ခံရန်။

## အကြံပြုတိုက်တွန်းချက်များကို အစီရင်ခံရန် တာဝန်ဝတ္တရား

၄၈။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉၊ အပုဒ် ၆(ဃ) အရ အဖွဲ့ဝင်နိုင်ငံများက တာဝန်ယူသည် –

..... အုပ်ချုပ်ရေးအဖွဲ့မှ တောင်းဆိုသည့်အတိုင်း သင့်လျော်သည့်ကာလအပိုင်း အခြားများတွင်၊ အကြံပြုတိုက်တွန်းချက်အပေါ် ကိုင်တွယ်ဖြေရှင်းခဲ့သောကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၎င်းတို့ နိုင်ငံ၏ ဥပဒေနှင့် လက်တွေ့ကျင့်သုံးမှု၏ အနေအထား၊ အကြံပြုတိုက်တွန်းချက်၏ သတ်မှတ်ချက်များအပေါ် မည်သည့်အတိုင်းအတာအထိ သက်ရောက်မှုကိုပေးထားခဲ့သည် သို့မဟုတ် ပေးရန်အဆိုပြုထားသည်ကို ဖော်ပြခြင်း၊ နှင့် ၎င်းတို့ကို သဘောတူပြဋ္ဌာန်းခြင်း သို့မဟုတ် အသုံးချရန်အတွက် သတ်မှတ်ချက်များအား ဤသို့သော မွမ်းမံပြင်ဆင်မှုများ ပြုလုပ်ရန်လိုအပ်မှုများကို တွေ့ရှိခဲ့ခြင်း သို့မဟုတ် တွေ့ရှိနိုင်ခြင်းကို၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံသို့အစီရင်ခံရန်။

## ဖက်ဒရယ်နိုင်ငံများ

၄၉။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၁၉၊ အပုဒ် ၇(ခ)(၄) နှင့် (၅) တွင် အတည်မပြုခဲ့သည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ်တွင် အစီရင်ခံရန် တာဝန်ဝတ္တရားကို ဖက်ဒရယ်နိုင်ငံများနှင့်စပ်လျဉ်း၍ အထူးသတ်မှတ်ချက်များ ချမှတ်ထားသည်။

## အပိုဒ်ခွဲ ၁၉ အရ အစီရင်ခံစာများအတွက် ရွေးချယ်ထားသည့် စာချုပ်စာတမ်းများ (အထွေထွေစစ်တမ်းများ)[၅၁]

၅၀။ အဖွဲ့ဝင်နိုင်ငံများက တင်သွင်းသော အပိုဒ်ခွဲ ၁၉ အစီရင်ခံစာများသည် နှစ်စဉ်အထွေထွေစစ်တမ်းများကို ကျွမ်းကျင်ပညာရှင်များကော်မတီမှ ပြုစုရန်အတွက်အခြေခံအကြောင်းရင်းများဖြစ်ပြီး၊ ထိုနောက်တွင် ၎င်းကို

[၅၁] လက်တွေ့တွင် ဤနေရာ၌ ဖော်ပြထားသည့် အပိုဒ်ခွဲ ၁၉ အစီရင်ခံသည့်လုပ်ထုံးလုပ်နည်းကို ပြဋ္ဌာန်းချက်များအားလုံး၏ နောက်ဆုံးသတ်မှတ်ချက်များတွင် ထည့်သွင်းထားသည့် သီးခြားအပိုဒ်ငယ်အစား အုပ်ချုပ်ရေးအဖွဲ့က အသုံးပြုခဲ့ခြင်းဖြစ်သည်၊ ထိုသို့အားဖြင့် အုပ်ချုပ်ရေးအဖွဲ့သည် ပြဋ္ဌာန်းချက်၏ လုပ်ဆောင်မှုအပေါ် အစီရင်ခံစာတစ်ခုကို ညီလာခံသို့ မည်သည့်အချိန်တွင်မဆို တင်ပြနိုင်ပြီး၊ ၎င်း၏ ပြန်လည်ပြင်ဆင်မှုမေးခွန်းအား တစ်ခုလုံးဖြစ်စေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းဖြစ်စေ ညီလာခံအစီအစဉ်တွင်ထည့်သွင်းရန် ဆန္ဒရှိမှုအပေါ် စစ်ဆေးသည်။

ညီလာခံကော်မတီမှ ဆွေးနွေးကြသည်။ အထွေထွေစစ်တမ်းများနှင့် ညီလာခံကော်မတီမှ ၎င်းတို့၏ စစ်ဆေးခဲ့သည့် ရလဒ်များသည်၊ အဖွဲ့အစည်း၏ ပြုလုပ်ရမည့်အစီအစဉ်၊ အထူးသဖြင့် အသစ် သို့မဟုတ် ပြန်လည်ပြင်ဆင်ထားသည့် မည်သည့်စံချိန်စံညွှန်းများကိုမဆို သဘောတူပြဌာန်းမှုကို ရေးဆွဲခြင်းနှင့် ပတ်သက်သည့်အခါတွင်၊ လေ့လာသုံးသပ်ရမည့် စာချုပ်စာတမ်းများ၏ သက်ရောက်မှုနှင့် ဆက်လက်အသုံးဝင်မှုကို ဆန်းစစ်ရာတွင်၊ နှင့် အစိုးရများနှင့် လူမှုရေးမိတ်ဖက်များအား မိမိတို့၏ မူဝါဒများကို ပြန်လည်သုံးသပ်ရန်နှင့် အဓိကစိတ်ပါဝင်စားမှုနယ်ပယ်များတွင် အခြားအရေးယူဆောင်ရွက်မှုများကို အကောင်အထည်ဖော်ရန် အခွင့်အလမ်းပေးခြင်းတို့အပြင်၊ သင့်လျော်ပါက၊ အတည်ပြုမှုအသစ်များအပေါ် အဆုံးအဖြတ်ပေးခြင်း အပါအဝင်ကဏ္ဍများစွာကို အထောက်အကူပြုသည်။ အုပ်ချုပ်ရေးအဖွဲ့သည် အစီရင်ခံရန် တောင်းဆိုရမည့်စာချုပ်စာတမ်းများကို နှစ်စဉ်ရွေးချယ်သည်။ မျှတသည့်ကမ္ဘာ့ဆက်စပ်မှုဖြစ်ခြင်းတစ်ခုအတွက် လူမှုရေးတရားမျှတမှုအပေါ် ၂၀၀၈ ခုနှစ် အိုင်အယ်လ်အို (ILO) ကြေငြာစာတမ်းချမှတ်ခြင်းနှင့် ညီလာခံ၏ အစီအစဉ်၌ အိုင်အယ်လ်အို (ILO) မဟာဗျူဟာမြောက်ရည်မှန်းချက်များကို အဖန်တလဲလဲကိစ္စရပ်ဆွေးနွေးမှုများကို ထူထောင်ပြီးနောက်၊ အုပ်ချုပ်ရေးအဖွဲ့သည် အထွေထွေစစ်တမ်းများ၏ အကြောင်းအရာနှင့် ၎င်းနှင့်လိုက်လျောညီထွေသည့် အဖန်တလဲလဲကိစ္စရပ်ဆွေးနွေးမှုကို တစ်တန်းတည်းရှိစေရန် ရည်ရွယ်ခြင်းအားဖြင့် အထွေထွေစစ်တမ်းများနှင့် စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာကော်မတီ (CAS) ၏ ဆက်စပ်သည့် ဆွေးနွေးမှုသည် အဖန်တလဲလဲ ဆွေးနွေးမှုများ၏ ဆီလျော်မှုရှိကြောင်း ပံ့ပိုးပေးမှုကို သေချာစေသည်။

၅၁။ စံချိန်စံညွှန်းများ ပဏာမခြေလှမ်း၏ မူဘောင်တွင် အုပ်ချုပ်ရေးအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၁၉၊ အပုဒ် ၅(င) နှင့် ၆(ဃ)တို့၏ အသုံးပြုမှုကို စစ်ဆေးနေလျက်ရှိသည်။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ၎င်းသည် အထွေထွေစစ်တမ်းများ၏ လုပ်ငန်းဆောင်တာများ တိုးမြှင့်စေရေးနှင့် ၎င်းတို့၏ ဆွေးနွေးမှုနှင့် နောက်ဆက်တွဲလုပ်ဆောင်မှုအရည်အသွေး တိုးတက်စေရေးရည်ရွယ်ချက် အပါအဝင်၊ ဤအသုံးပြုမှုကို တိုးတက်ကောင်းမွန်စေရန်အတွက် ခိုင်လုံ၍လက်တွေ့ကျသောဆောင်ရွက်မှုများကို ဆက်လက်ရှာဖွေဖော်ထုတ်ရန် ဆုံးဖြတ်ခဲ့သည်[၁၂]။

## အစီရင်ခံစာပုံစံများ

၅၂။ နှစ်စဉ်အထွေထွေစစ်တမ်းအတွက် အဓိကဆိုလိုရင်းအကြောင်းအရာကို ဆုံးဖြတ်သည့်အချိန်၌ အုပ်ချုပ်ရေးအဖွဲ့သည် ရွေးချယ်ထားသည့်စာချုပ်စာတမ်းများ၏ အစီရင်ခံစာများအတွက် တိကျသော စစ်တမ်းမေးခွန်းလွှာတစ်ခုကိုလည်း သဘောတူပြဌာန်းသည်။

## အစီရင်ခံစာများတောင်းခံရန် ရုံးလုပ်ထုံးလုပ်နည်းများ

၅၃။ အထွေထွေစစ်တမ်းနှင့်ပတ်သက်၍ အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် သက်ဆိုင်သော အစီရင်ခံစာပုံစံကို သဘောတူပြဌာန်းခြင်းတို့အပေါ်တွင်၊ ရုံးသည် ပေးပို့ရန်အချိန်စေ့သော အပိုဒ်ခွဲ ၁၉ ပါ အစီရင်ခံစာများကို တောင်းဆိုရန် အစိုးရများထံသို့ အကြောင်းကြားချက်တစ်ခုပေးပို့သည်။ တောင်းဆိုမှုများ၏ မိတ္တူများကို နိုင်ငံဆိုင်ရာ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ ပေးပို့သည်။ အုပ်ချုပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ၊ ကျွမ်းကျင်ပညာရှင်များကော်မတီက ၎င်းတို့၏ စစ်ဆေးမှုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းတွင် နောက်ဆုံးထား၍ အစီရင်ခံစာများကို ရုံးသို့ရောက်ရှိရန် တောင်းဆိုထားသည်။ ၎င်းတို့၏အစီရင်ခံစာများကို သတ်မှတ်သည့် ရက်စွဲ၌ မပေးပို့သည့်အစိုးရများထံသို့ နှိုးဆော်စာများ ပေးပို့သည်။

| |
|---|
| အစီရင်ခံစာများကိုဖော်ပြပါအဆက်အသွယ်သို့ပေးပို့ရမည်ဖြစ်သည်၊ NORM_REPORT@ilo.org. |

[၁၂] GB.334/INS/5 နှင့် GB.332/INS/5(Rev.) ၊ နှင့် GB.334/INS/PV၊ အပုဒ် ၂၈၈ ကိုလည်းကြည့်ပါ။

## အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု

၅၄။ အကြံပြုတိုက်တွန်းချက်အမှတ် ၁၅၂ ၏ အပုဒ် ၅(င) သည် အတည်မပြုရသေးသည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် ပြုစုရမည့်အစီရင်ခံစာများမှ ပေါ်ပေါက်လာသည့်မေးခွန်းများကို အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးတိုင်ပင်မှုအတွက် သတ်မှတ်ထားသည်။ ထို့အပြင်၊ ပြဋ္ဌာန်းချက်အမှတ် ၁၄၄ ၏ အပိုဒ်ခွဲ ၅၊ အပုဒ် ၁(ဂ) နှင့် အကြံပြုတိုက်တွန်းချက်အမှတ် ၁၅၂ ၏ အပုဒ် ၅(ဃ) တို့သည် အတည်မပြုရသေးသည့် ပြဋ္ဌာန်းချက်များနှင့် အကျိုးသက်ဝင်မှုမရှိသေးသည့် အကြံပြုတိုက်တွန်းချက်များအား အကောင်အထည်ဖော်ခြင်းနှင့် အတည်ပြုခြင်းကို မြှင့်တင်ရန်အတွက် သင့်လျော် မှုရှိသည့် မည်သည့်အရေးယူဆောင်ရွက်မှုများအား ပြုလုပ်သင့်ကြောင်းကို ဆင်ခြင်စဉ်းစားရန်အတွက်၊ သုံးပွင့်ဆိုင်တိုင်ပင်ဆွေးနွေးမှုများကို သင့်လျော်သည့်ကာလအပိုင်းအခြား၌ ပြုလုပ်ရန် ပြဋ္ဌာန်းထား သည်။

## အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ အစီရင်ခံစာများကို ဆက်သွယ်ခြင်း

၅၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၂၃၊ အပုဒ် ၂ အရ အစိုးရများသည် အတည်မပြုခဲ့သည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ၏ အစီရင်ခံစာများအားလုံး၏ မိတ္တူများကို အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများထံသို့ ပေးပို့ရမည်ဖြစ်ပြီး အိုင်အယ်လ်အို (ILO) သို့ ၎င်းတို့၏အစီရင်ခံစာများကို ဆက်လက်ပေးပို့သည့်အခါတွင် ဆက်သွယ်ပေးပို့ခဲ့သည့်အဖွဲ့အစည်းများကို ရည်ညွှန်းဖော်ပြရမည်ဖြစ်သည်။ ယင်းတို့ သို့မဟုတ် မည်သည့်အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများမဆိုသည် မေးခွန်းထုတ်ထားသည့် အကြောင်းအရာများပေါ်တွင် ၎င်းတို့ဆန္ဒရှိသည့် မည်သည့်စူးစမ်းလေ့လာမှုများကိုမဆို ပြုလုပ်နိုင်သည်။ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသည် လေ့လာစူးစမ်းမှုများကို ကျွမ်းကျင်ပညာရှင်များကော်မတီသို့ တင်သွင်းရန် ရုံးသို့တိုက်ရိုက်ပေးပို့နိုင်သည် – ဤကိစ္စတွင်၊ ရုံးသည် လက်ခံရရှိမှုကို အသိအမှတ်ပြုပြီးသည်နှင့်တစ်ပြိုင်နက် မိတ္တူတစ်စောင်ကိုသက်ဆိုင်သည့် အစိုးရထံသို့ ဆက်လက်ပေးပို့သည်။

## အကျဉ်းချုပ်

၅၆။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၂၃၊ အပုဒ် ၁ အရ၊ အတည်မပြုခဲ့သည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ၏ အစီရင်ခံစာများ အကျဉ်းချုပ်တစ်ခုကို ညီလာခံ၏ နောက်တစ်ကြိမ် အစည်းအဝေးတွင် ဆွေးနွေးရန် ချပြရမည်။ ယင်းအကျဉ်းချုပ်ကို အတိုကောက်၊ ဇယားပုံစံဖြင့် အစီရင်ခံစာ ၃ (အပိုင်း က) တွင် လက်ခံရရှိခဲ့သော အစီရင်ခံစာများစာရင်းတစ်ခုအနေဖြင့် ဖော်ပြထားသည်။ ထို့အပြင် ရုံးသည် (စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာကော်မတီ (CAS) အတွင်းရေးမှူးမှတစ်ဆင့်) ညီလာခံ၌ တိုင်ပင်ဆွေးနွေးမှုပြုရာတွင် အကယ်၍ လိုအပ်ပါက၊ အသင့်ရှိစေရန်၊ အစီရင်ခံစာများ၏ မိတ္တူများကို ကူးထားသည်။

## အကောင်အထည်ဖော်ခြင်းဆိုင်ရာ ပြက္ခဒိန် – အတည်မပြုခဲ့သည့် ပြဋ္ဌာန်းချက်များနှင့် အကြံပေးတိုက်တွန်းချက်များအပေါ် အစီရင်ခံစာများ

| ကာလ | ILO ဆောင်ရွက်မှု | နိုင်ငံတော်စီမံအုပ်ချုပ်မှုများ၏ ဆောင်ရွက်မှု |
|---|---|---|
| ဇူလိုင်လ | ILO သည် အစီရင်ခံစာများအတွက် တောင်းဆိုချက်ကို အစီရင်ခံစာပုံစံဖြင့်တကွ ပေးပို့လိုက်သည်။ | အစီရင်ခံစာများကို ပြင်ဆင်သည်။<br>အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ မိတ္တူများကို ပေးပို့သည်။ |
| နောက်နှစ်ဖေဖော်ဝါရီလ ကုန်ပိုင်း | | အစီရင်ခံစာကို ILO သို့ နောက်နှစ် ဖေဖော်ဝါရီလကုန်ပိုင်းအရောက် နောက်ဆုံး ထား၍ ပေးပို့သည်။ |
| နိုဝင်ဘာ – ဒီဇင်ဘာလ | ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ အပေါ် အသုံးချမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ကော်မတီ (CEACR) မှ အထွေထွေစစ်တမ်းကို ပြင်ဆင်သည်။ | |
| နောက်နှစ်ဖေဖော်ဝါရီ/ မတ်လကုန် ပိုင်း | ကျွမ်းကျင်ပညာရှင်များကော်မတီ၏ အထွေထွေစစ်တမ်းကို ပုံနှိပ်ထုတ်ဝေသည်။ | လေ့လာသည်၊ ညီလာခံကော်မတီတွင် ဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် ပြင်ဆင်ခြင်းနှင့် အထွေထွေကိစ္စရပ်များနှင့် မှတ်ချက်များအတွက် ဆင်ခြင်စဉ်းစားခြင်း။ |
| ဇွန်လ | စံချိန်စံညွှန်းများအပေါ် အသုံးချခြင်းဆိုင်ရာ ညီလာခံကော်မတီ (CAS) မှ အထွေထွေ စစ်တမ်းကို ဆွေးနွေးသည်။ | ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စများတွင် ပူးပေါင်းပါဝင်ခြင်း။ |

## ၆။ ၁၉၉၈ ကြေငြာစာတမ်း၏ နောက်ဆက်တွဲအရေးယူဆောင်ရွက်မှုအပေါ် အစီရင်ခံခြင်းများ

၅၇။ ၁၉၉၈ တွင် ဇွန်လတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံမှ သဘောတူပြဋ္ဌာန်းခဲ့သော အခြေခံစည်းမျဉ်းများနှင့် လုပ်ငန်းခွင်အခွင့်အရေးများဆိုင်ရာ အိုင်အယ်လ်အို (ILO) ကြေငြာစာတမ်း၏ နောက်ဆက်တွဲဆောင်ရွက်ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် ၁၉၊ အပုဒ် ၅(c) အရအဖွဲ့ဝင်နိုင်ငံများမှ တောင်းခံခဲ့သော အစီရင်ခံစာများအပေါ်တွင် အခြေခံထားသည်။ ဤအစီရင်ခံစာများအတွက် ပုံစံများသည် ၂၀၀၄ ခုနှစ် အဓမ္မအလုပ်ခိုင်းစေခြင်းပြဋ္ဌာန်းချက်ဆိုင်ရာ[၅၃] နောက်ဆက်တွဲစာချုပ်အပါအဝင်၊ အခြေခံပြဋ္ဌာန်းချက်များအနက် တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ အတည်မပြုခဲ့သည့် အစိုးရများထံမှ ၎င်းတို့၏ ဥပဒေပြောင်းလဲမှုများနှင့် ကျင့်သုံးမှုဆိုင်ရာများအပေါ် သတင်းအချက်အလက်များရယူရန် ပုံစံချထားသည်။ အလုပ်ရှင်များနှင့် အလုပ်သမားများအဖွဲ့အစည်းများအနေဖြင့် အစီရင်ခံစာများအပေါ် ၎င်းတို့၏ ထင်မြင်ယူဆချက်များကို ထုတ်ဖော်ပြောဆိုနိုင်ကြသည်။ လက်ခံရရှိသည့် သတင်းအချက်အလက်များကို အုပ်ချုပ်မှုအဖွဲ့မှစစ်ဆေးပြီး တိုးတက်မှုအသစ်များနှင့် ဦးတည်ရာလမ်းကြောင်းများအပေါ် အာရုံစိုက်၍ အစီရင်ခံစာများကို နှစ်ပတ်လည်ပြန်လည်သုံးသပ်ခြင်း၏ နိဒါန်းတွင်၊ ထုတ်ပြန်ကြေငြာခဲ့သည်။

၅၈။ စံချိန်စံညွှန်းများပဏာမခြေလှမ်း၏ မူဘောင်တွင်၊ အုပ်ချုပ်ရေးအဖွဲ့သည် အခြေခံစည်းမျဉ်းများနှင့် လုပ်ငန်းခွင်အခွင့်အရေးများဆိုင်ရာ အိုင်အယ်လ်အို (ILO) ကြေငြာချက်၏[၅၄] နောက်ဆက်တွဲအရ နှစ်စဉ်ပြန်လည်သုံးသပ်ခြင်းနှင့် ပတ်သက်သည်များ အပါအဝင်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အပိုဒ်ခွဲ ၁၉၊ အပုဒ် ၅(c) နှင့် ၆(ဃ) တို့၏ အသုံးပြုမှုကို စစ်ဆေးလျှက်ရှိသည်။

[၅၃] အခြေခံကျသော ပြဋ္ဌာန်းချက်များ ရှစ်ခုသည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းနိုင်မှု (ပြဋ္ဌာန်းချက်များအမှတ် ၈၇ နှင့် ၉၈)၊ အဓမ္မအလုပ်ခိုင်းစေခြင်းကို ဖျက်သိမ်းခြင်း (ပြဋ္ဌာန်းချက်အမှတ် ၂၉ နှင့် ယင်း၏ နောက်ဆက်တွဲစာချုပ်၊နှင့် ပြဋ္ဌာန်းချက်များအမှတ် ၁၀၅)၊ တန်းတူညီမျှအခွင့်အရေးနှင့် ဆက်ဆံရေး (ပြဋ္ဌာန်းချက်များအမှတ် ၁၀၀ နှင့် ၁၁၁)၊ နှင့်ကလေးအလုပ်သမား (ပြဋ္ဌာန်းချက်များအမှတ် ၁၃၈ နှင့် ၁၈၂) တို့နှင့်သက်ဆိုင်သည်။ အခြေခံပြဋ္ဌာန်းချက်များကို အတည်ပြုပြီးသည့် အဖွဲ့ဝင်နိုင်ငံများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၂၂ အရ ၎င်းတို့အပေါ် အသုံးချသည့်အစီရင်ခံစာများကို သုံးနှစ်လျှင်တစ်ကြိမ် ပေးရသည်။

[၅၄] GB.334/INS/5 နှင့် GB.332/INS/5(Rev.) ၊ နှင့် GB.334/INS/PV၊ အပုဒ် ၂၈၈ ကိုလည်း ကြည့်ပါ။

# ၇။ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များမှ သက်ဆင်းသည့် တာဝန်ဝတ္တရားများအား လိုက်နာစောင့်ထိန်းမှုကိုကြီးကြပ်သည့် ပုံမှန်ယန္တရား

## ပုံမှန်ကြီးကြပ်သည့် အဖွဲ့များ

၅၉။ ၁၉၂၆ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံ၏အဋ္ဌမအကြိမ်အစည်းအဝေးက သဘောတူပြဋ္ဌာန်းခဲ့သည့် သန္နိဋ္ဌာန်အပေါ်အခြေခံ၍ ပြဋ္ဌာန်းချက်များနှင့် အကြံပြုထောက်ခံချက်များအပေါ် အသုံးချခြင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) နှင့် စံချိန်စံညွှန်းများအပေါ် အသုံးချခြင်းဆိုင်ရာ ညီလာခံကော်မတီ (CAS) တို့သည်၊ အဖွဲ့ဝင်နိုင်ငံများက စံချိန်စံညွှန်းများနှင့် ဆက်နွယ်သည့် ၎င်းတို့၏ တာဝန်ဝတ္တရားများအား လိုက်နာစောင့်ထိန်းမှုကို အချိန်မှန်ကြီးကြပ်ရမည့် တာဝန်ကို အပ်နှင်းခြင်းခံခဲ့ရသည်။

## (က) ကျွမ်းကျင်ပညာရှင်များကော်မတီ

### ပေါင်းစပ်ဖွဲ့စည်းပုံနှင့် သတ်မှတ်တာဝန်နှင့် လုပ်ပိုင်ခွင့်[၅၅]

၆၀။ ကျွမ်းကျင်ပညာရှင်များကော်မတီသည် တစ်ကြိမ်လျှင်သုံးနှစ် သက်တမ်းတိုးနိုင်သည့် ကာလများအတွက် ညွှန်ကြားရေးမှူးချုပ်၏ အဆိုပြုမှုပေါ်တွင် အုပ်ချုပ်ရေးအဖွဲ့မှ ခန့်အပ်ထားသော အဖွဲ့ဝင် (၂၀) ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ နည်းပညာစွမ်းရည်နှင့် လွပ်လပ်စွာရပ်တည်သူများအကြားမှ ကိုယ်ပိုင်စွမ်းဆောင်ရည်ရှိသည့် လုံးဝသမာသမတ်ရှိသောပုဂ္ဂိုလ်များကို ခန့်အပ်ခြင်းများပြုလုပ်သည်။ ၎င်းတို့ကို ကမ္ဘာ့ဒေသအသီးသီး နေရာများမှ ရွေးထုတ်ခြင်းဖြင့် ကော်မတီသည် မတူညီသည့် ဥပဒေ၊ စီးပွားရေးနှင့် လူမှုရေးစနစ်များကို တိုက်ရိုက်တွေ့ကြုံခံစားနိုင်မည်ဖြစ်သည်။ ကော်မတီ၏ အခြေခံစည်းမျဉ်းများမှာ လွတ်လပ်မှု၊ သမာသမတ်ရှိမှုနှင့် တရားစီရင်ရေး၌ မှန်ကန်ခြင်းရှိမှုတို့ဖြစ်ပြီး နိုင်ငံတစ်ခုစီတွင် အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံဥပဒေအရ သဘောတူလက်ခံထားသည့် ပြဋ္ဌာန်းချက်များနှင့် တာဝန်ဝတ္တရားများပါ သတ်မှတ်ချက်များအပေါ် ကိုက်ညီမှုအဆင့် မည်သည့်အတိုင်းအတာရှိသည်ကို ဂရုပြုနေခြင်းဖြစ်သည်။ ဤစိတ်ဓါတ်ဖြင့် ကော်မတီသည် စစ်ဆေးရန် တောင်းဆိုထားသည် –

(၁) အဖွဲ့ဝင်များက ၎င်းတို့ပါဝင်ပတ်သက်နေသော ပြဋ္ဌာန်းချက်များ၏ သတ်မှတ်ချက်များကို အကျိုးသက်ရောက်မှုရှိစေရန် အရေးယူဆောင်ရွက်မှုများနှင့် အဖွဲ့ဝင်များမှ စစ်ဆေးခြင်း၏ ရလဒ်များနှင့် သက်ဆိုင်သည့် ပံ့ပိုးပေးသောသတင်းအချက်အလက်များအပေါ် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၂၂ အရ နှစ်စဉ်အစီရင်ခံစာများ။

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉ နှင့်အညီ အဖွဲ့ဝင်များမှ ဆက်သွယ်ထားသော ပြဋ္ဌာန်းချက် များနှင့် အကြံပြုထောက်ခံချက်များနှင့် စပ်လျဉ်းသည့်သတင်းအချက်အလက်များနှင့် အစီရင်ခံစာများ၊

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၃၅ နှင့်အညီ အဖွဲ့ဝင်များ၏ သတင်းအချက်အလက်များနှင့် အစီရင်ခံစာများအပေါ် အရေးယူဆောင်ရွက်ချက်များ။

### ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာစုဖွဲ့ပုံ

၆၁။ (က) ကော်မတီသည်အုပ်ချုပ်ရေးအဖွဲ့မှ အဆုံးအဖြတ်ပေးသည့်ရက်များတွင် တွေ့ဆုံသည်[၅၆]။

(ခ) ကော်မတီသည် သီးသန့်တွေ့ဆုံသည်။ ၎င်း၏ စာရွက်စာတမ်းများနှင့် စဉ်းစားဆင်ခြင်မှုများသည် လျှို့ဝှက်ကိစ္စဖြစ်သည်။

(ဂ) ကော်မတီသည် ပြဋ္ဌာန်းချက်များ သို့မဟုတ် အကြောင်းအရာများအစုလိုက်အတွက် ကနဦးတာဝန်ကို ၎င်း၏အဖွဲ့ဝင်တစ်ဦးစီအား သတ်မှတ်ပေးထားသည်။ ထို့နောက် ၎င်းတို့၏ပဏာမတွေ့ရှိချက်များကို

---

[၅၅] ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အသုံးချမှုဆိုင်ရာကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) ၏ အစီရင်ခံစာ၊ op. cit.

[၅၆] အစည်းအဝေးများကို နိုဝင်ဘာလကုန်ပိုင်းမှ ဒီဇင်ဘာလဆန်းပိုင်းအတွင်း နှစ်စဉ်ကျင်းပသည်။

လေ့လာစူးစမ်းမှု မူကြမ်းများနှင့် တိုက်ရိုက်တောင်းဆိုမှုပုံစံဖြင့် ကော်မတီသို့အလုံးစုံအနေဖြင့် တင်သွင်းသည်။

(ဃ) ကော်မတီသည် အထွေထွေ သို့မဟုတ် အထူးသဖြင့် အထွေထွေစစ်တမ်းများကဲ့သို့ ရှုပ်ထွေးသည့် မေးခွန်းများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့များကို ခန့်အပ်နိုင်သည်။ လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့များတွင် မတူညီသည့် ဥပဒေ၊ စီးပွားရေးနှင့် လူမှုရေးစနစ်များကို သိရှိနားလည်သော အဖွဲ့ဝင်များပါဝင်သည်။ ၎င်းတို့၏ ပဏာမတွေ့ရှိချက်များကို ကော်မတီသို့ အလုံးစုံအနေဖြင့် တင်သွင်းသည်။

(င) ကော်မတီမှရရှိနိုင်သည့် စာရွက်စာတမ်းများမှာ အစိုးရများမှ ၎င်းတို့၏အစီရင်ခံစာများတွင် သို့မဟုတ် စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာညီလာခံကော်မတီမှ ပေးပို့သောသတင်းအချက်အလက်များ ပါဝင်သည် – သက်ဆိုင်ရာဥပဒေ၊ စုပေါင်းသဘောတူညီချက်များနှင့် တရားရုံးဆုံးဖြတ်ချက်များ၊ စစ်ဆေးမှုများ၏ ရလဒ်များနှင့် ပတ်သက်၍နိုင်ငံများမှ ပေးပို့ထားသည့် သတင်းအချက်အလက်များ – အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ လေ့လာစူးစမ်းမှုများ – အခြားအိုင်အယ်လ်အို (ILO) အဖွဲ့များမှ အစီရင်ခံစာများ (စုံစမ်းစစ်ဆေးရေးကော်မရှင်များ သို့မဟုတ် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းစသည်တို့) နှင့် နည်းပညာဆိုင်ရာ အကူအညီဆောင်ရွက်မှုများ၏ အစီရင်ခံစာများ။

(စ) ကော်မတီ၏မှတ်ချက်များကို အစဉ်အလာအရအများဆန္ဒဖြင့် သဘောတူပြဋ္ဌာန်းသည်။

(ဆ) ကော်မတီလုပ်ငန်းအတွက် လိုအပ်သလိုအသုံးပြုနိုင်ရန် အုပ်ချုပ်ရေးရုံးအထွေထွေ အတွင်းရေးမှူးကို အိုင်အယ်လ်အို (ILO) ၏ ဦးဆောင်ညွှန်ကြားရေးမှူးမှ ပေးထားသည်။

**ကော်မတီ၏ အစီရင်ခံစာ**

၆၂။ ကျွမ်းကျင်သူပညာရှင်များကော်မတီ၏ လုပ်ဆောင်မှုရလဒ်များကို အိုင်အယ်လ်အို (ILO) ၏ ဝက်ဘ်ဆိုက်တွင် ဖေဖော်ဝါရီလ/မတ်လ၌ ထုတ်ဝေသည်။ နောက်ဆုံးတွေ့ရှိချက်များ၏ ပုံစံမှာ[၁၇]

– ***အထွေထွေအစီရင်ခံစာတစ်စောင်*** (ကော်မတီ၏လုပ်ငန်းကို ခြုံငုံသုံးသပ်ချက်ကိုပေးခြင်းနှင့်အုပ်ချုပ်ရေးအဖွဲ့၊ ညီလာခံနှင့် အဖွဲ့ဝင်နိုင်ငံများ၏ အာရုံစိုက်မှုကို ယေဘုယျစိတ်ဝင်စားစေသည့် သို့မဟုတ် အထူးစိုးရိမ်ပူပန်မှု ဖြစ်စေသည့် ကိစ္စများဘက်သို့ ဆွဲဆောင်ခြင်း) –

– ***တစ်ဦးချင်းလေ့လာစူးစမ်းမှုများ***အပေါ်တွင်[၁၈] (၁) အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များအား အဖွဲ့ဝင်နိုင်ငံများ၌အသုံးချမှု (၂) အစီရင်ခံသည့်တာဝန်ဝတ္တရားများကိုဖြည့်ဆည်းမှုနှင့် (၃) ပြဋ္ဌာန်းချက်များနှင့် အကြံပြုထောက်ခံချက်များကို အခွင့်ရအာဏာပိုင်များထံသို့ တင်သွင်းမှု –

– ***စီးရီးလိုက်တိုက်ရိုက်တောင်းဆိုမှုများ***[၁၉] – ကျွမ်းကျင်ပညာရှင်များကော်မတီမှအစိုးရများထံသို့ သီးခြားထပ်မံအကြောင်းကြားသည့်မှတ်ချက်များ –

[၁၇] အထွေထွေအစီရင်ခံစာ (အပိုင်း ၁) နှင့် တစ်ဦးချင်းလေ့လာစူးစမ်းမှုများ (အပိုင်း ၂) ကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ၏ နောက်ပိုင်းတွင် ကျင်းပသည့်အစည်းအဝေးသို့ တင်သွင်းသည့် အစီရင်ခံစာ (၃) (အပိုင်း က) တွင် သီးခြားအတွဲတစ်ခုအနေဖြင့် မြင်တွေ့နိုင်သည်။

[၁၈] စူးစမ်းလေ့လာမှုများသည်ယေဘုယျအားဖြင့် ပိုမိုအရေးကြီးသော သို့မဟုတ် တာဝန်ဝတ္တရားများကို ဖြည့်ဆည်းရန် ပျက်ကွက်မှု ကြာမြင့်နေသောအမှုကိစ္စရပ်များတွင် အသုံးပြုသည်။ (ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ်အသုံးချမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) ၏ အစီရင်ခံစာ အပုဒ် ၇၀၊ op. cit. တွင် ကြည့်ပါ။)

[၁၉] *တိုက်ရိုက်တောင်းဆိုမှုများ*ကို NORMLEX တွင် ရရှိနိုင်ပါသည်။ ၎င်းတို့ကို ပြဋ္ဌာန်းချက်များ၏ အစုတစ်ခုစီအတွက် သီးခြားလေ့လာစူးစမ်းမှုများ ပြုလုပ်ပြီးနောက်၊ ကော်မတီ၏အစီရင်ခံစာတွင်လည်း စာရင်းပြုစုထားသည်၊ သို့သော် ကျွမ်းကျင်ပညာရှင်များကော်မတီ၏ ညီလာခံသို့ တင်သွင်းသည့် အစီရင်ခံစာတွင် စာသားအပြည့်အစုံကို မတွေ့ရှိနိုင်ပါ။ မေးသည့်မေးခွန်းများသည် နည်းပညာဆိုင်ရာသဘောအဓိကသက်ရောက်နေပါက၊ ၎င်းတို့က ကော်မတီအား၊ အစိုးရများနှင့် အဆက်မပြတ်စကားပြောဆိုမှုကို အကြိမ်ကြိမ်ဆောင်ရွက်ကြရန် ခွင့်ပြုထားသည်။ ရရှိနိုင်သည့် သတင်းအချက်အလက်များသည် တာဝန်ဝတ္တရားများကို မည်သည့်အတိုင်းအတာအထိ ဖြည့်ဆည်းထားသည်ကို အပြည့်အဝသဘောပေါက်ရန် မဖြစ်နိုင်သည့်အခါ အချက်အလက်အချို့ကို ရှင်းလင်းမှုရှိအောင် ရှင်းပြရန်အတွက်လည်း ၎င်းတို့ကို အသုံးပြုနိုင်ပါသည်။ ပြဋ္ဌာန်းချက်များကို အသုံးချမှုအပေါ် အစိုးရများက ပေးပို့သည့် ပထမဆုံးအစီရင်ခံစာများကို စစ်ဆေးရန်အတွက် တိုက်ရိုက်တောင်းဆိုမှုများကိုလည်း အသုံးပြုနိုင်ပါသည်။ (ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အသုံးချမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) ၏ အစီရင်ခံစာ အပုဒ် ၇၀၊ op. cit. တွင် ကြည့်ပါ။)

- *လက်ခံရရှိခဲ့သော တိုက်ရိုက်တောင်းဆိုမှုတစ်ခုတွင် ပေါ်ပေါက်ခဲ့သောကိစ္စရပ်များအတွက် ထပ်မံမှတ်ချက်များပေးရန်မလိုအပ်သည့် စီးရီးလိုက်အကြောင်းပြန်ကြားမှု*[၆၀] – အစိုးရတစ်ရပ်သည် တိုက်ရိုက် တောင်းဆိုမှုကို ပြန်လည်ဖြေကြားပြီး မှတ်ချက်များ ထပ်မံပေးရန်မလိုအပ်တော့သည့်အခါ –
- ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉ အရ အတည်မပြုခဲ့သည့်ပြဋ္ဌာန်းချက်များနှင့် အကြံပြုထောက်ခံချက်များအပေါ် အစီရင်ခံစာများပေးပို့ခဲ့ရသည့် စာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဥပဒေနှင့် ကျင့်သုံးမှုဆိုင်ရာ ***အထွေထွေစစ်တမ်းတစ်ခု***[၆၁] –

၆၃။ ကျွမ်းကျင်ပညာရှင်များကော်မတီ၏ အစီရင်ခံစာသည် သတင်းအချက်များအတွက် အုပ်ချုပ်ရေးအဖွဲ့သို့ ပထမဦးဆုံးတင်သွင်းရမည်ဖြစ်သည် (၎င်း၏ မတ်လအစည်းအဝေးကျင်းပချိန်၌)။ ထို့နောက် ၎င်းကိုညီလာခံသို့ တင်သွင်းသည်[၆၂] (၎င်းသည် ပုံမှန်အားဖြင့် နှစ်စဉ်ဇွန်လတွင် တွေ့ဆုံသည်)။

## (ခ) စံချိန်စံညွှန်းများအပေါ် ကျင့်သုံးမှုဆိုင်ရာညီလာခံကော်မတီ

### ပေါင်းစပ်ဖွဲ့စည်းပုံနှင့်အရာရှိများ

၆၄။ ကော်မတီသည်ညီလာခံ၏ တည်ဆဲအမိန့်များ၏ အပိုဒ်ခွဲ ၇ အရ ဖွဲ့စည်းတည်ထောင်ထားသည်။ ယင်းသည် သုံးဦးသုံးဖလှယ်ဖြစ်သော အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်များပါဝင်သည်[၆၃]။ ကော်မတီသည် အုပ်စုသုံးစုအနက် တစ်ခုစီမှ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးနှင့် အစီရင်ခံစာရေးအထိ[၆၄] ရွေးကောက်ပွဲကျင်းပသည်။

### သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်[၆၅]

၆၅။ (၁)။ ကော်မတီအနေဖြင့်စဉ်းစားရန်လိုအပ်သည်မှာ –

(က) အဖွဲ့ဝင်များက ၎င်းတို့ပါဝင်ပတ်သက်နေသော ပြဋ္ဌာန်းချက်များ၏ သတ်မှတ်ချက်များကို အကျိုးသက်ရောက်မှုရှိစေရန် အရေးယူဆောင်ရွက်ချက်များနှင့် အဖွဲ့ဝင်များမှ စစ်ဆေးခြင်း၏ ရလဒ်များနှင့်သက်ဆိုင်သည့် ပံ့ပိုးပေးသော သတင်းအချက်အလက်များ၊

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၁၉ နှင့်အညီ အဖွဲ့ဝင်များမှ ဆက်သွယ်ထားသော ပြဋ္ဌာန်းချက်များနှင့် အကြံပြုထောက်ခံချက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များနှင့် အစီရင်ခံစာများ၊

(ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၃၅ နှင့်အညီ အဖွဲ့ဝင်များ၏အရေးယူဆောင်ရွက်ချက်များ။

(၂) ကော်မတီသည်အစီရင်ခံစာတစ်စောင်ကိုညီလာခံသို့ တင်သွင်းရန်လိုအပ်သည်။

---

[၆၀] ပေါ်ပေါက်ခဲ့သော ကိစ္စရပ်များအတွက် တိုက်ရိုက်တောင်းဆိုမှုတစ်ခုတွင် မှတ်ချက်များကိုထပ်မံမပေးတော့သည့် လက်ခံရရှိခဲ့သော ဖြေဆိုမှုများသည် NORMLEX တွင်မှတ်ပုံတင်ထားသည်။ ၎င်းတို့ကို ပြဋ္ဌာန်းချက်များ၏ အဖွဲ့တစ်ဖွဲ့စီအလိုက် လေ့လာစူးစမ်းမှုများ ပြုလုပ်ပြီးနောက်၊ ကော်မတီ၏ အစီရင်ခံစာတွင် လည်း စာရင်းပြုစုထားသည်၊

[၆၁] ယင်းသည် သီးခြားအတွဲတစ်ခုပုံစံဖြစ်သည်၊ အစီရင်ခံစာ ၃ (အပိုင်း ခ)။ အထွေထွေစစ်တမ်းသည် ဆွေးနွေးထားသည့် ပြဋ္ဌာန်းချက်များကို အတည်ပြုခဲ့သည့် နိုင်ငံများ၏ အပုဒ်ခွဲ ၂၂ ပါ သတင်းအချက်အလက်များကို ခြုံငုံဖော်ပြထားသည်။ အထွေထွေစစ်တမ်းသည်၊ အဖွဲ့ဝင်နိုင်ငံများတွင် နိုင်ငံတော်ဥပဒေနှင့် ကျင့်သုံးမှုကို သုံးသပ်ခြင်းသာမက၊ စာချုပ်စာတမ်းများကို အသုံးချမှုလမ်းကြောင်းတွင်ရပ်တည်နေသော အစိုးရများကဖော်ပြသည့် အခက်အခဲများကို စစ်ဆေးရန်၊ ၎င်းတို့၏ အတိုင်းအတာကို ရှင်းရှင်းလင်းလင်းရှိစေရန်နှင့် ၎င်းတို့၏ အကောင်အထည်ဖော်ဆောင်မှုတွင် အတားအဆီးများကို ကျော်လွှားနိုင်မည့် ဖြစ်နိုင်ခြေရှိသည့်နည်းလမ်းများကို ညွှန်ပြရန်၊ ကော်မတီအားခွင့်ပြုထားသည်။

[၆၂] ရုံးသည် ကျွမ်းကျင်ပညာရှင်များကော်မတီ၏ အထွေထွေအစီရင်ခံစာနှင့် ပြဋ္ဌာန်းချက်များကိုအသုံးချမှုအပေါ် ၎င်း၏ စူးစမ်းလေ့လာမှုများကို အိုင်အယ်လ်အို (ILO) ဝက်ဘ်ဆိုက်တွင်တင်သည်။ ကျွမ်းကျင်ပညာရှင်များကော်မတီ၏ အလုံးစုံတွေ့ရှိချက်များ၊ တိုက်ရိုက်တောင်းခံမှုများအပါအဝင်ကို အိုင်အယ်လ်အို (ILO) ဝက်ဘ်ဆိုက် (NORMLEX အခြေခံအချက်အလက်များ) တွင် လက်လှမ်းမီရရှိနိုင်ပါသည်။

[၆၃] မည်သည့်မဲပေးမှုမဆို အုပ်စုတစ်စုစီအတွက်တူညီသောအင်အားဖြစ်ထွန်းရန်ကို အလေးထားသည်။ (SO, အပိုဒ်ခွဲ ၆၅ ၊ နှင့် ညီလာခံ၏ တည်ဆဲအလေ့အထ)

[၆၄] SO, အပိုဒ်ခွဲ ၅၇။

[၆၅] SO, အပိုဒ်ခွဲ ၇။

## ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာစုဖွဲ့ပုံ[၆၆]

၆၆။ ကျွမ်းကျင်ပညာရှင်များကော်မတီက အထောက်အထားစာရွက်စာတမ်းများကို လွတ်လပ်စွာဖြင့် နည်းပညာဆိုင်ရာစစ်ဆေးမှုကို ဆောင်ရွက်ပြီးစီးသည့်နောက်တွင်၊ ညီလာခံကော်မတီ၏ အစီရင်ခံစာ ထုတ်ပြန်ချက်သည် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအရသော်လည်းကောင်း၊ စပ်လျဉ်း၍သော်လည်းကောင်း မည်သည့်နိုင်ငံများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို မည်ကဲ့သို့ဆောင်ရွက်နေသည်ကို တွေ့ဆုံဆွေးနွေးရန်နှင့် ပြန်လည်သုံးသပ်ရန်အတွက် အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်များအတွက် အခွင့်အလမ်းတစ်ခုကိုပေးသည်။ အစိုးရများသည် ယခင်ကပေးပို့ခဲ့သော သတင်းအချက်အလက်များကို အကျယ်ချဲ့နိုင်သည်၊ အဆိုပြုထားသည့် ထပ်မံအရေးယူဆောင်ရွက်မှုများကို ညွှန်ပြနိုင်သည်၊ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ကြုံတွေ့ခဲ့ရသည့်အခက်အခဲများကို အလေးပေးရန် ဆွဲဆောင်နိုင်သည်၊ နှင့် ယင်းကဲ့သို့အခက်အခဲများကို မည်သို့ကျော်လွှားမည်ဟူသည့် လမ်းညွှန်မှုကို တောင်းခံနိုင်သည်။

(က) ***ကော်မတီရှေ့မှောက်ရှိ စာရွက်စာတမ်းများ။*** ကော်မတီသည် ကျွမ်းကျင်ပညာရှင်များ ကော်မတီ၏ အစီရင်ခံစာဖြစ်သည့် အစီရင်ခံစာ ၃ (အပိုင်း က နှင့် ခ) ကို စဉ်းစားဆင်ခြင်ရန်လိုအပ်သည်။ ၎င်းသည် စစ်ဆေးရန်အတွက် ရွေးချယ်သည့်အမှုကိစ္စများ စာရင်းထဲမှ အစိုးရများထံမှ စာဖြင့် ရေးသားပေးပို့သည့် သတင်းအချက်အလက်များကိုလည်း လက်ခံရရှိနိုင်သည်။ ၎င်းသည် ကျွမ်းကျင်ပညာရှင်များ ကော်မတီ၏ အစည်းအဝေးပြုလုပ်စဉ်ကတည်းကပင် ရုံးမှရရှိခဲ့သည့် သတင်းအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားသည်[၆၇]။

(ခ) ***အထွေထွေဆွေးနွေးခြင်း။*** အဖွင့်အထွေထွေဆွေးနွေးပွဲတစ်ခုတွင်၊ ကျွမ်းကျင်ပညာရှင်များ ကော်မတီ၏ အထွေထွေအစီရင်ခံစာတွင်ပါဝင်သော ကိစ္စရပ်များကို ကော်မတီက ပြန်လည်သုံးသပ်သည်။ ထို့နောက် ၎င်းသည် အစီရင်ခံစာ ၃ (အပိုင်း ခ) တွင် ထုတ်ဝေခဲ့သော ***အထွေထွေစစ်တမ်း***ကို ဆွေးနွေးသည်။[၆၈]

(ဂ) ကိစ္စများရပ် တစ်ခုစီဆိုင်ရာ ဆင်ခြင်စဉ်းစားခြင်း

(၁) ကော်မတီသို့ သတင်းအချက်အလက်များပေးရန် အစိုးရများအားဖိတ်ခေါ်လိုသည်ဟု ယူဆချက်ဖြင့် ကော်မတီ၏အရာရှိများသည် ကျွမ်းကျင်ပညာရှင်များကော်မတီ၏ အစီရင်ခံစာတွင် ပါရှိသည့် လေ့လာတွေ့ရှိချက်များ၏ စာရင်းတစ်ခုကို ပြင်ဆင်သည်။ ထိုစာရင်းကို သဘောတူပြဋ္ဌာန်းရန် ကော်မတီသို့ တင်သွင်းသည်။[၆၉]

(၂) သက်ဆိုင်ရာအစိုးရများသည် ကော်မတီသို့ သတင်းအချက်အလက်များကို စာဖြင့် ရေးသားတင်သွင်းရန် အခွင့်အလမ်းရှိသည်။

(၃) ကော်မတီသည် မေးခွန်းထုတ်ထားသည့် လေ့လာတွေ့ရှိချက်များကို ဆွေးနွေးရန်အတွက် အစည်းအဝေးတွင်နေရာတစ်ခုပေး၍ သက်ဆိုင်သည့် အစိုးရများ၏ ကိုယ်စားလှယ်များအား တက်ရောက်ရန် ဖိတ်ကြားသည်။ ကော်မတီ၏အဖွဲ့ဝင်မဟုတ်သော အစိုးရများကို ၎င်း၏ အစည်းအဝေးအစီအစဉ်နှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ၏ ထုတ်ပြန်ချက်များကို ကြားနာစေလိုသည့်နေ့စွဲကို ညီလာခံ၏ နေ့စဉ်ထုတ်ဝေသည့်သတင်းလွှာမှတစ်ဆင့် အသိပေးထားသည်။

---

[၆၆] အသေးစိတ်သတင်းအချက်အလက်များအတွက် နောက်ဆက်တွဲ (၁) တွင် ဖန်တီးထားသည့် စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာညီလာခံကော်မတီ (CAS) ၏ အစီရင်ခံစာ (၁၀၇ ကြိမ်မြောက်ညီလာခံ၊ ၂၀၁၈) စာရွက်စာတမ်း C.App./D.1 (ကော်မတီ၏အလုပ်) တွင်ကြည့်ပါ။

[၆၇] ထို့အပြင်၊ အုပ်ချုပ်ရေးအဖွဲ့နှင့်ညီလာခံ၏ ဆုံးဖြတ်ချက်အရ ကော်မတီသည်၊ ၎င်း၏ရှေ့မှောက်တွင် ပူးတွဲ ILO–UNESCO ကျွမ်းကျင်ပညာရှင်များကော်မတီမှ ဆရာများ၏ အဆင့်အတန်းနှင့်စပ်လျဉ်း၍ အကြံပြုတိုက်တွန်းချက်ကိုအသုံးချမှုအပေါ် အစီရင်ခံစာတစ်ခုရရှိနိုင်သည်။

[၆၈] နှင့်၊ ကိစ္စရပ်ဖြစ်နိုင်သည့်အတိုင်း၊ ပူးတွဲ ILO–UNESCO ကော်မတီ၏ အစီရင်ခံစာ။

[၆၉] ၂၀၀၆ ခုနှစ်မှစ၍၊ အတည်ပြုထားသောပြဋ္ဌာန်းချက်များကိုအသုံးချခြင်းနှင့်ပတ်သက်၍ ကော်မတီ၏ဖြစ်နိုင်ခြေရှိသည့် ဆွေးနွေးမှုအတွက် အမှုတစ်ခုချင်းစီ၏ ပဏာမစာရင်းကို အစိုးရများထံ အစပိုင်းအကြောင်းကြားမှုကို ပြုလုပ်ခဲ့သည်။ ၂၀၁၅ ခုနှစ်မှစ၍၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံ မဖွင့်လှစ်မီ ရက် ၃၀ အလိုတွင် အမှုကိစ္စများ၏ ပဏာမစာရင်းကို ရရှိနိုင်ခဲ့သည်။

(၄) အစိုးရကိုယ်စားလှယ်များ၏ ထုတ်ပြန်ချက်များ ထုတ်ပြန်ပြီးသည့်နောက်၊ ကော်မတီအဖွဲ့ဝင်များသည် မေးခွန်းများမေးနိုင်ခြင်း သို့မဟုတ် မှတ်ချက်များပေးခြင်းပြုလုပ်နိုင်ပြီး ကော်မတီအနေဖြင့် အမှုကိစ္စရပ်အပေါ်၌ ကောက်ချက်များကိုချနိုင်သည်။

(ဃ) ***အဖွဲ့ဝင်နိုင်ငံများက မိမိတို့၏ အစီရင်ခံခြင်းနှင့် အခြားစံချိန်စံညွှန်းများနှင့် စပ်လျဉ်းသည့် တာဝန်ဝတ္တရားများကိုလေးစားရန် အပြင်းအထန်ပျက်ကွက်မှုများ*** – ကော်မတီသည် အစီရင်ခံခြင်း သို့မဟုတ် အခြားစံချိန်စံညွှန်းများနှင့်စပ်လျဉ်းသည့် တာဝန်ဝတ္တရားများကိုလေးစားရန် အပြင်းအထန်ပျက်ကွက်မှု ကိစ္စများကိုလည်း စစ်ဆေးသည်။ သက်ဆိုင်ရာအစိုးရများက ပေးပို့နိုင်သည့် အခက်အခဲများ၏ မည်သည့်ရှင်းပြချက်များမဆိုအပါအဝင်၊ ကော်မတီ၏ဆွေးနွေးချက်နှင့် သတ်မှတ်ချက်တစ်ခုစီအောက်ရှိ ကော်မတီက သဘောတူပြဋ္ဌာန်းထားသည့် ကောက်ချက်များကို အစီရင်ခံစာတွင် ပေါ်လွင်ထင်ဟပ်စေသည်။

(င) ***ညီလာခံကော်မတီ၏အစီရင်ခံစာ။***[70] ကော်မတီ၏အစီရင်ခံစာကို ညီလာခံသို့ တင်သွင်းခဲ့ပြီး မျက်နှာစုံညီ ဆွေးနွေးခဲ့ခြင်းကြောင့်၊ ကိုယ်စားလှယ်များအား ကော်မတီ၏လုပ်ငန်း၏ သီးခြားကဏ္ဍများကို အာရုံစိုက်မိစေရန် ထပ်မံ၍အခွင့်အလမ်းတစ်ခုပေးထားသည်။ အဆိုပါ အစီရင်ခံစာကို ညီလာခံ၏ ***အစီရင်ခံစာထုတ်ပြန်ချက်မှတ်တမ်း***နှင့် သီးခြားထုတ်ဝေမှုတစ်ခု အဖြစ်ထုတ်ဝေခဲ့သည်။

---

[70] ကော်မတီ၏အစီရင်ခံစာ၏ အကြောင်းအရာနှင့်ဖွဲ့စည်းပုံကို စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာကော်မတီ၏ အလုပ်လုပ်နည်းများနှင့်ပတ်သက်၍ သုံးပွင့်ဆိုင် အလွတ်သဘောတိုင်ပင်ဆွေးနွေးမှုများ၏ ဆက်စပ်အနေအထားအရ စစ်ဆေးလျက်ရှိသည်။ (၂၀၁၈၊ နိုဝင်ဘာလတွင် ကျင်းပခဲ့သော အစည်းအဝေး၏ ဆွေးနွေးမှုများနှင့်ဆုံးဖြတ်ချက်များ၏ အကျဉ်းချုပ်ကို GB.334/INS/12(Rev.12) နောက်ဆက်တွဲ) တွင် ကြည့်ပါ။

# ၈။ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ

## အလုပ်ရှင်များနှင့်အလုပ်သမားများ၏ အဖွဲ့အစည်းများသို့ အစီရင်ခံစာများနှင့် သတင်းအချက်အလက်များအား ဆက်သွယ်ခြင်း

၆၇။ အဖွဲ့ဝင်နိုင်ငံအားလုံးတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတာဝန်ဝတ္တရားများကို အကြောင်းပြု၍ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများသည် မိတ္တူများကို ရရှိရန် လိုအပ်သည် –

(က) အခွင့်ရအာဏာပိုင်များထံသို့ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို တင်ပြရာ၌ အရေးယူဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ရုံးသို့အကြောင်းကြားသည့် သတင်းအချက်အလက်များ –

(ခ) အတည်ပြုထားသည့်ပြဋ္ဌာန်းချက်များ၏ အသုံးချမှုဆိုင်ရာအစီရင်ခံစာများ –

(ဂ) အတည်မပြုရသေးသည့် ပြဋ္ဌာန်းချက်များနှင့်အကြံပြုတိုက်တွန်းချက်များအပေါ် အစီရင်ခံစာများ –

ထို့အပြင်၊ အဆိုပါတာဝန်ဝတ္တရားများနှင့် ပတ်သက်သည့် ရုံးလုပ်ထုံးလုပ်နည်းများသည်၊ နိုင်ငံဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ကြီးကြပ်ရေးအဖွဲ့များ၏ သက်ဆိုင်ရာသဘောထား မှတ်ချက်များနှင့် အစီရင်ခံစာများ ပေးပို့ရန်တောင်းဆိုချက်များ၏ မိတ္တူများအား လက်ခံရရှိမှုကို သေချာစေရေးအတွက် ကြိုးပမ်းမှုဖြစ်သည်။

## ကိုယ်စားပြုအဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးခြင်း

၆၈။ ပြဋ္ဌာန်းချက်အမှတ် ၁၄၄ နှင့် အကြံပြုတိုက်တွန်းချက်အမှတ် ၁၅၂ သည် သတ်မှတ်ချက်အဖြစ် သုံးပွင့်ဆိုင် တိုင်ပင်ဆွေးနွေးခြင်းများအပေါ် –

(က) ညီလာခံတွင်ဆွေးနွေးရန်အဆိုပြုသည့်အသစ်စာချုပ်စာတမ်းများအပေါ်စစ်တမ်းမေးခွန်းလွှာများနှင့် သဘောထားမှတ်ချက်များအား အစိုးရများမှ ပြန်လည်ဖြေကြားချက်များ –

(ခ) ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို အခွင့်ရအာဏာပိုင်များသို့ တင်ပြသည့်အခါ ၎င်းတို့ထံပြုလုပ်ရမည့် အဆိုပြုချက်များ –

(ဂ) အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များအပေါ် အစီရင်ခံစာများမှပေါ်ပေါက်လာသည့် မေးခွန်းများ[၇၁]

(ဃ) အတည်မပြုခဲ့သည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များနှင့် ပတ်သက်သည့် အရေးယူဆောင်ရွက်မှုများ[၇၂]

(င) ပြဋ္ဌာန်းချက်များကို ရုပ်သိမ်းခြင်း။

## အလုပ်ရှင်များနှင့် အလုပ်သမားများ၏အဖွဲ့အစည်းများ၏ လေ့လာစူးစမ်းမှုများကို ပေးပို့ခြင်း

၆၉။ မည်သည့်အလုပ်ရှင်များ၏ သို့မဟုတ် အလုပ်သမားများ၏ အဖွဲ့အစည်းမဆို၊ အစိုးရများ၏ အစီရင်ခံစာမိတ္တူများကို ရရှိခဲ့သည်ဖြစ်စေ သို့မဟုတ် မရရှိခဲ့သည်ဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းများကို အကောင်အထည်ဖော်မှုနှင့်ဆက်စပ်မှုရှိသည့် မည်သည့်ကိစ္စရပ်များအပေါ်မဆို ပေါ်ပေါက်လာပါက ၎င်း၏လေ့လာ စူးစမ်းချက်များကို မည်သည့်အချိန်၌မဆို ပေးပို့နိုင်ပါသည်။ ကျွမ်းကျင်ပညာရှင်များကော်မတီနှင့် ညီလာခံကော်မတီက ယင်းကဲ့သို့ ပါဝင်မှု၏တန်ဘိုးကို၊ အထူးသဖြင့်၊ အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များကို အကျိုးရှိစွာအသုံးချမှုကိုဆန်းစစ်ခြင်း၌ ၎င်းတို့ကိုအထောက်အပံ့ပေးသည့် နည်းလမ်းတစ်ခုအဖြစ် အလေးပေးခဲ့ပါသည်။

[၇၁] အကြံပြုတိုက်တွန်းချက်များအမှတ် ၁၅၂ အရ၊ အပိုဒ်ခွဲ ၁၉ အစီရင်ခံစာပါပေါ်ပေါက်လာသည့် မေးခွန်းများ (အခွင့်ရ အာဏာပိုင် များသို့ တင်သွင်းခြင်းအပေါ်တွင် နှင့် သို့မဟုတ် အတည်မပြုခဲ့သည့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ်တွင်)၊ နှင့်၊ နိုင်ငံ၏ ကျင့်သုံးမှုဆိုင်ရာအကြောင်းကိစ္စနှင့် ပတ်သက်၍၊ ပြဋ္ဌာန်းချက်များ (အထူးသဖြင့် အတည်ပြုသည့်အခါ) နှင့် အကြံပြုတိုက်တွန်းချက်များကို အကျိုးသက်ရောက်မှုရှိစေရန် ဥပဒေပြုမှုဆိုင်ရာ မေးခွန်းများအတွက်၊ တိုင်ပင်ဆွေးနွေးမှုများကိုလည်း ပြုလုပ်သင့်ပါသည်။

[၇၂] ဤမေးခွန်းကို "သင့်လျော်သည့်ကြားဖြတ်အချိန်များ" ပြန်လည်စစ်ဆေးရမည်။

## ညီလာခံတွင်တက်ရောက်ပါဝင်ခြင်း

၇၀။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ၊ နှင့် အထူးသဖြင့် စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာကော်မတီတွင် ၎င်းတို့တက်ရောက်ခြင်းအားဖြင့်၊ အလုပ်ရှင်များ သို့မဟုတ် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များသည် စံချိန်စံညွှန်းများနှင့်ဆက်နွယ်သော တာဝန်ဝတ္တရားများကိုဆောင်ရွက်မှုနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဖော်ထုတ်တင်ပြနိုင်သည်။

# ၉။ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို အနက်အဓိပ္ပါယ်ဖွင့်ခြင်း

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာပြဋ္ဌာန်းချက်များ

၇၁။ အပြည်ပြည်ဆိုင်ရာတရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၃၇၊ အပုဒ် ၁ ကို အကြောင်းပြု၍ အိုင်အယ်လ်အို (ILO)၏ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ယုံကြည်လောက်သော အနက်အဓိပ္ပါယ်ကောက်ယူချက်များကို ကျွမ်းကျင်စွာပြုလုပ်ပေးသည့် တစ်ခုတည်းသောအဖွဲ့ဟု ယူဆသည်။ အောက်ပါအတိုင်းဖတ်ရှုရသည်။

> ဤဖွဲ့စည်းပုံအခြေခံဥပဒေအား အဓိပ္ပါယ်ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ မည်သည့်မေးခွန်း သို့မဟုတ် အငြင်းပွားမှုကိုမဆို သို့မဟုတ် ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် အဖွဲ့ဝင်များမှကောက်ချက်ချခဲ့သော မည်သည့်နောက်ဆက်တွဲပြဋ္ဌာန်းချက်ကိုမဆို အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ဆုံးဖြတ်ချက်ချမှတ်ရန် လွှဲပြောင်းပေးရမည်။

၇၂။ ထို့အပြင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၃၇၊ အပုဒ် ၂ နှင့်အညီ၊ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့်၊ ညီလာခံမှ သဘောတူခွင့်ပြုချက်ရရှိပြီးသည့်အခါ၊ ပြဋ္ဌာန်းချက်တစ်ခု၏ အနက်အဓိပ္ပါယ်ကောက်ယူမှုနှင့်ပတ်သက်သည့် အငြင်းပွားမှုတစ်ခုကို ဖြေရှင်းနိုင်ရန် ခုံသမာဓိအဖွဲ့တစ်ခုကို ဖွဲ့စည်းနိုင်သည်။

> ဤအပိုဒ်ခွဲ၏ အပုဒ် ၁ ပါ သတ်မှတ်ချက်များရှိလင့်ကစား အုပ်ချုပ်ရေးအဖွဲ့သည်၊ ပြဋ္ဌာန်းချက်အဓိပ္ပါယ်ကောက်ယူမှုနှင့် ဆက်နွယ်နေသည့် အငြင်းပွားမှု သို့မဟုတ် မေးခွန်းများကို အလျင်မြန်ဆုံးဖြေရှင်းပေးရန်အတွက် ခုံသမာဓိအဖွဲ့တစ်ခုကိုခန့်အပ်ရန်အလို့ငှာစည်းမျဉ်းများကိုသတ်မှတ်ပေးရန် သဘောတူခွင့်ပြုချက်အတွက်ပြုစုပြီး၊ ညီလာခံသို့တင်ပြ၍၊ ၎င်းကိုဆက်လက်၍ အုပ်ချုပ်ရေးအဖွဲ့မှ သို့မဟုတ် ပြဋ္ဌာန်းချက်၏ သတ်မှတ်ချက်များနှင့်အညီ လွှဲပြောင်းနိုင်သည်။ အပြည်ပြည်ဆိုင်ရာတရားရုံး၏ မည်သည့်အသုံးချနိုင်သော စီရင်ချက် သို့မဟုတ် အကြံပြုသဘောထားပေးချက်မဆိုသည်၊ ဤအပုဒ်တွင် အကြောင်းပြု၍ဖွဲ့စည်းထားသော ခုံသမာဓိအဖွဲ့အပေါ် တရားဝင်ဝန်ခံမှု ရှိစေရမည်ဖြစ်သည်။ ယင်းကဲ့သို့သော ခုံသမာဓိအဖွဲ့တစ်ခုမှ ပြုလုပ်ထားသည့်မည်သည့် ချီးမြှင့်မှုကိုမဆို အဖွဲ့အစည်း၏ အဖွဲ့ဝင်များသို့ ဖြန့်ဝေပေးရမည်ဖြစ်ပြီး ၎င်းတို့မှ ဆက်လက်၍ ပြုလုပ်နိုင်သော မည်သည့်စူးစမ်းလေ့လာမှုများကိုမဆို ညီလာခံရှေ့မှောက်သို့ ယူဆောင်လာရမည် ဖြစ်သည်။

၇၃။ ယင်းကဲ့သို့ ခုံသမာဓိအဖွဲ့ကို တစ်ခါမျှဖွဲ့စည်းခဲ့ဘူးခြင်းမရှိသေးသည့်ကာလတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ ၃၇၊ အပုဒ် ၂ ၏ ဖြစ်နိုင်ခြေရှိသည့် အကောင်အထည်ဖော်မှုသည် စံချိန်စံညွှန်းများ ပဏာမခြေလှမ်း၏ မူဘောင်အတွင်း၌အုပ်ချုပ်ရေးအဖွဲ့၏ဆွေးနွေးချက်များ၏တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်းသတိပြုသင့်သည်[၇၃]။

## အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ အလွတ်သဘောထင်မြင်ချက်

၇၄။ အိုင်အယ်လ်အို (ILO) ပြဋ္ဌာန်းချက်တစ်ခု သို့မဟုတ် အကြံပြုတိုက်တွန်းချက်တစ်ခု၏ သီးခြားသတ်မှတ်ချက်များ၏ အနက်အဓိပ္ပါယ်ကိုသံသယရှိသော အစိုးရများသည် ရုံးသို့ အလွတ်သဘော ထင်မြင်ချက်တစ်ခုပေးရန် တောင်းခံနိုင်သည်။ ရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များ၏ အနက်အဓိပ္ပါယ်ကောက်ရန် အထူးအခွင့်အာဏာမရှိကြောင်း အမြဲတမ်းပင်ကန့်သတ်ဖော်ပြလျှက် အစိုးရများ

[၇၃] GB.334/INS/5 နှင့် GB.332/INS/5(Rev.) ၊ GB.334/INS/PV အပုဒ် 288(7)(a) တွင်လည်းကြည့်ပါ။

က ထင်မြင်ချက်တောင်းခံသည့်အခါ အကူအညီပေးခဲ့သည်[၇၄]။ အဆိုပါတောင်းဆိုချက်သည် နည်းလမ်းတကျဖြစ်သော သို့မဟုတ် တရားဝင်ထင်မြင်ချက်တစ်ခုအတွက် သို့မဟုတ် စဉ်းစားရမည့်ကိစ္စရပ်သည် ယေဘုယျ စိတ်ဝင်စားမှုအတွက်သာဖြစ်နိုင်ဖွယ်ရှိပါက၊ ***အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံး၏ စာချွန်လွှာ***တစ်ခုကို ရုံး၏ ထင်မြင်ချက်ပါဝင်သော၊ ***တရားဝင်ပြန်တမ်း***တွင် ထုတ်ပြန်မည်ဖြစ်သည်။ နည်းလမ်းတကျဖြစ်သော သို့မဟုတ် တရားဝင်ထင်မြင်ချက်တစ်ခုကို တိတိကျကျတောင်းဆိုခြင်းမရှိသော ကိစ္စရပ်များတွင် ပုံမှန်အားဖြင့် ရုံးမှ သာမန်တုံ့ပြန်စာတစ်စောင်ကို ပေးပို့သည်။

## ကြီးကြပ်သည့်အဖွဲ့များ၏ ထင်မြင်ချက်များနှင့် အကြံပြုတိုက်တွန်းချက်များ

၇၅။ အပြည်ပြည်ဆိုင်ရာ အလုပ်သမားစံချိန်စံညွှန်းများကို အသုံးချမှုကို စစ်ဆေးခြင်းများပြုလုပ်သည့်အခါ၊ ကြီးကြပ်သည့်အဖွဲ့များ (ကျွမ်းကျင်ပညာရှင်များကော်မတီ[၇၅]၊ စံချိန်စံညွှန်းများကိုအသုံးချမှုဆိုင်ရာ ညီလာခံကော်မတီ (CAS)၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၂၆ အရ ခန့်အပ်ထားသည့် စုံစမ်းစစ်ဆေးရေးကော်မရှင်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၂၄ အရ ဖွဲ့စည်းထားသည့် ကော်မတီများဖြစ်သည့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းမှုကော်မတီ၊ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းမှုအပေါ်အဖြစ်မှန်ဖော်ထုတ်ခြင်းနှင့်ညှိနှိုင်းဖျန်ဖြေရေးဆိုင်ရာကော်မရှင်) တို့ထံမှ အိုင်အယ်လ်အို (ILO) စံချိန်စံညွှန်းများ၏ အတိုင်းအတာနှင့် အနက်အဓိပ္ပါယ်အပေါ် ထင်မြင်ယူဆချက်များကို ဖော်ပြရန်တောင်းဆိုနိုင်ပါသည်။ ထို့ကြောင့်၎င်းတို့၏ အစီရင်ခံစာများတွင် ဤကိစ္စအတွက် အရေးကြီးသောလမ်းညွှန်မှုပါဝင်သည်။

[၇၄] လက်တွေ့တွင် ရုံးသည် အလုပ်ရှင်များနှင့်အလုပ်သမားများ၏ အဖွဲ့အစည်းများကိုလည်း အလားတူအကူအညီပေးရန် ကြိုးပမ်းသည်။

[၇၅] ကျွမ်းကျင်ပညာရှင်များကော်မတီ၏ လုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ ၎င်း၏ *ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အသုံးချမှုဆိုင်ရာကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR)*၊ op.cit., အပုဒ် ၃၂၊ ကိုကြည့်ပါ။

# ၁၀။ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို ပြန်လည်ပြင်ဆင်ခြင်း

## ပြဋ္ဌာန်းချက်များကို ပြန်လည်ပြင်ဆင်သည့် သဘောသဘာဝ

၇၆။ ပြဋ္ဌာန်းချက်တစ်ခု သို့မဟုတ် တစ်ခါတစ်ရံ တစ်ခုထက်ပိုသော ပြဋ္ဌာန်းချက်များကို တရားဝင်ပြန်လည်ပြင်ဆင်ခြင်း (***"တစ်စိတ်တစ်ပိုင်း"*** ပြန်လည်ပြင်ဆင်ခြင်းအပါအဝင်) သည် ကိစ္စရပ်အားလုံးနီးပါးကို ပြဋ္ဌာန်းချက်အသစ်တစ်ခုအတွက် သဘောတူလက်ခံမှုကို ဖြစ်ပေါ်စေသည်။ ညီလာခံသည် နောက်ဆက်တွဲသဘောတူစာချုပ်တစ်ခု သို့မဟုတ် အသစ်ပြဋ္ဌာန်းချက်တစ်ခု၏ သတ်မှတ်ချက်များကို သဘောတူပြဋ္ဌာန်းခြင်းအားဖြင့် ပြဋ္ဌာန်းချက်တစ်ခုအား ***တစ်စိတ်တစ်ပိုင်း***ပြန်လည်ပြင်ဆင်ခြင်းကိုလည်းဆောင်ရွက်နိုင်ပြီး၊ ၎င်းကိုလက်ခံခြင်းအားဖြင့် အစောပိုင်း ပြဋ္ဌာန်းချက်တစ်ခု၏ သတ်မှတ်ချက်များနှင့် သက်ဆိုင်သည့် တာဝန်ဝတ္တရားများအားအဆုံးသတ်မှုတစ်ခုကို ရောက်ရှိစေသည်။[၇၆] အချို့ပြဋ္ဌာန်းချက်များသည် နောက်ဆက်တွဲများအား ပြုပြင်မွမ်းမံရန်အတွက် တိကျသောလုပ်ထုံးလုပ်နည်းများကိုလည်း သတ်မှတ်ထားသည်[၇၇]။ နောက်ဆုံးအနေဖြင့်၊ တရားဝင်ပြန်လည်ပြင်ဆင်ခြင်းကို ပြုလုပ်ခြင်းမရှိဘဲ၊ ဘာသာရပ်အကြောင်းအရာအပေါ် အလွန်အမင်း မကြာသေးမီကာလကထုတ်ပြန်ထားသည့် အချက်အလက်များကို ရည်ညွှန်းသည့်နည်းလမ်းဖြင့်၊ အချို့သောနည်းပညာဆိုင်ရာ သို့မဟုတ် သိပ္ပံပညာရပ်ဆိုင်ရာအချက်အလက်များအား ခေတ်နှင့်အမီဖြစ်စေခြင်းကို အချို့သောပြဋ္ဌာန်းချက်များတွင် မျှော်မှန်းနိုင်သည်[၇၈]။

## ပြဋ္ဌာန်းချက်များကို ပြန်လည်ပြင်ဆင်သည့် နည်းလမ်းနှင့် အကျိုးသက်ရောက်မှု

၇၇။ ပြန်လည်ပြင်ဆင်မည့်ရည်ရွယ်ချက်ကို နောက်ပိုင်းပြဋ္ဌာန်းချက်များ၏ ခေါင်းစဉ်၊ နိဒါန်း သို့မဟုတ် လုပ်ဆောင်မှုဆိုင်ရာသတ်မှတ်ချက်များတွင် အတိအလင်း သို့မဟုတ် သွယ်ဝိုက်၍ ဖော်ပြထားမှသာလျှင်၊ အစောပိုင်းစာချုပ်စာတမ်းတစ်ခုကို ပြင်ဆင်တည်းဖြတ်ခြင်းဟု ပြဋ္ဌာန်းချက်တစ်ခုကို၊ သတ်မှတ်၍ရသည်။

(က) ***ပြဋ္ဌာန်းချက်အမှတ်များ ၁ – ၂၆။*** ၎င်းတို့တွင် ပြန်လည်ပြင်ဆင်နေသော ပြဋ္ဌာန်းချက်တစ်ခုကို သဘောတူ လက်ခံခြင်း သို့မဟုတ် အတည်ပြုခြင်း၏ အကျိုးဆက်များနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များ မပါရှိပါ။ ထို့ကြောင့် ညီလာခံမှ ပြန်လည်ပြင်ဆင်နေသောပြဋ္ဌာန်းချက်တစ်ခုကို သဘောတူလက်ခံခြင်း သက်သက်အားဖြင့်၊ အစောပိုင်းတစ်ခုအား နောက်ထပ်အတည်ပြုခြင်းများကို မပိတ်သိမ်းနိုင်သကဲ့သို့၊ ၎င်းကို အလိုအလျောက်ရုတ်သိမ်းခြင်း၌လည်း ပါဝင်သက်ဆိုင်မှုမရှိပါ။[၇၉]

(ခ) ***ပြဋ္ဌာန်းချက်အမှတ်များ ၂၇ နှင့် နောက်ပိုင်း။ ယင်းတို့တွင် "အသစ်ပြန်လည်ပြင်ဆင်နေသည့် ပြဋ္ဌာန်းချက်သည် တနည်းအားဖြင့်သတ်မှတ်ချက်ကိုပေးမှသာ"*** ဟု အတိအကျဖော်ပြထားသည့် နောက်ဆုံးအပိုဒ်ခွဲတစ်ခုပါဝင်သည်။ အောက်ဖော်ပြပါတို့သည်၊ နောက်ပိုင်းတွင် ပြန်လည်ပြင်ဆင်သည့် ပြဋ္ဌာန်းချက်တစ်ခု၏ အတည်ပြုခြင်းနှင့် အာဏာသက်ဝင်ခြင်း၏ အကျိုးဆက်များဖြစ်သည် –

---

[၇၆] ဥပမာ၊ ပြဋ္ဌာန်းချက်များအမှတ် ၁၂၁၊ ၁၂၈ နှင့် ၁၃၀ ကိုအတည်ပြုပြီးသည့်နောက်၊ နှင့် သင့်လျော်သည့်အခါတွင် ထိုပြဋ္ဌာန်းချက်များ၏ အချို့သောအပိုင်းများကို လက်ခံခြင်း၊ ပြဋ္ဌာန်းချက်အမှတ် ၁၀၂ ၏ အလားတူသတ်မှတ်ချက်များကို အသုံးချရန်ရပ်တံ့သွားစေခြင်း – သို့ရာတွင် "ပြန်လည်ပြင်ဆင်ခြင်း" ဟူသည့် ဝေါဟာရများကို ယခုအအကြောင်းအရာတွင် အတိအလင်းအသုံးမပြုပါ။ နောက်ဆုံးအပိုဒ်ခွဲများပြန်လည်ပြင်ဆင်သည့် ပြဋ္ဌာန်းချက်များ (အမှတ် ၈၀ နှင့် ၁၁၆) သည် "တစ်စိတ်တစ်ပိုင်းပြန်လည်ပြင်ဆင်ခြင်း" ၏ အခြားသီးသန့်ဥပမာများဖြစ်သည်။

[၇၇] ပြဋ္ဌာန်းချက်များအမှတ် ၈၃၊ ၉၇၊ ၁၂၁ နှင့် ၁၈၅ ကိုကြည့်ပါ။ ပြဋ္ဌာန်းချက်အမှတ် ၁၈၅ တွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းသည် အခြားပြဋ္ဌာန်းချက်များ၏ လုပ်ထုံးလုပ်နည်းနှင့်ကွဲပြားသည်။

[၇၈] ဥပမာ၊ ကုလသမဂ္ဂ၏ စီးပွားရေးနှင့် လူမှုရေးကောင်စီမှ သဘောတူပြဋ္ဌာန်းထားသည့် စီးပွားရေးလုပ်ဆောင်မှုများ၏ အပြည်ပြည်ဆိုင်ရာစံချိန်စံညွှန်းစက်မှုအဆင့်သတ်မှတ်ခြင်း "မည်သည့်အချိန်၌မဆို ထပ်မံပြင်ဆင်မွမ်းမံသည်အတိုင်း" ကို ရည်ညွှန်းသည့် ပြဋ္ဌာန်းချက်များအမှတ် ၁၀၂၊ ၁၂၁၊ ၁၂၈ နှင့် ၁၃၀၊ နှင့် ပြဋ္ဌာန်းချက်အမှတ် ၁၃၉၊ နှင့် "အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံးမှ ထုတ်ထောင်နိုင်သည့် ကျင့်သုံးမှု သို့မဟုတ် လမ်းညွှန်မှုများ၏ စည်းမျဉ်းများတွင် ပါဝင်သော နောက်ဆုံးရသတင်းအချက်အလက်များ" ကို ရည်ညွှန်းသည့် ပြဋ္ဌာန်းချက်များအမှတ် ၁၃၉၊ တို့ကို ကြည့်ပါ။

[၇၉] ပြန်လည်ပြင်ဆင်နေသည့် ပြဋ္ဌာန်းချက်တစ်ခုသည် ပေးထားသည့်အခြေအနေတစ်ခုတွင်၊ အစောပိုင်းပြဋ္ဌာန်းချက်၏ ရုပ်သိမ်းမှုအတွက် အက်ဥပဒေတစ်ခု ပါဝင်ရန် သတ်မှတ်နိုင်သည်။ (ဥပမာ – ပြဋ္ဌာန်းချက်များအမှတ် ၅၊ ၇၊ ၁၀ နှင့် ၁၅ နှင့် ပတ်သက်၍ ပြဋ္ဌာန်းချက်အမှတ် ၁၃၈ (အပိုဒ်ခွဲ ၁၀၊ အပုဒ် ၅)၊ နှင့် ပြဋ္ဌာန်းချက်အမှတ် ၉ နှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်အမှတ် ၁၇၉ (အပိုဒ်ခွဲ ၉))

(၁) ပြန်လည်ပြင်ဆင်နေသည့် ပြဋ္ဌာန်းချက်ကို အဖွဲ့ဝင်တစ်ဦးမှ အတည်ပြုခြင်းသည် ပြန်လည်ပြင်ဆင်နေသည့် ပြဋ္ဌာန်းချက်သက်ဝင်လာသည့်နေ့မှစ၍ အစောပိုင်း ပြဋ္ဌာန်းချက်၏ အလိုအလျောက်ရုပ်စဲမှုအဖြစ် ၎င်းမှပါဝင်လိမ့်မည်။

(၂) အသစ်ပြန်လည်ပြင်ဆင်နေသည့်ပြဋ္ဌာန်းချက် သက်ဝင်လာသည့်နေ့မှစ၍၊ အစောပိုင်း ပြဋ္ဌာန်းချက်အား ထပ်မံအတည်ပြုခြင်းကို ပိတ်သိမ်းပါလိမ့်မည်။

(၃) အစောပိုင်းပြဋ္ဌာန်းချက်သည် ၎င်းသက်ဝင်လာပြီးနောက် တစ်ပြိုင်နက်၊ ယင်းကို အတည်ပြုခဲ့သည့်အဖွဲ့ဝင်နိုင်ငံများအတွက် ရပ်တည်သည်ဖြစ်၍ သက်ဝင်မှုရှိနေမည် ဖြစ်သော်လည်း၊ နောက်ပိုင်းပြန်လည်ပြင်ဆင်သည့် ပြဋ္ဌာန်းချက်အတွက်ကိုမူ မဟုတ်ပါ။

(ဂ) ***အခြားသောသတ်မှတ်ချက်များ။*** အထက်ပါသတ်မှတ်ချက်များသည် သက်ဆိုင်မှုရှိ၊ မရှိ အဆုံးအဖြတ်ပေးရန်အတွက် ပြဋ္ဌာန်းချက်တစ်ခုစီ၏ နောက်ဆုံးအပိုဒ်ခွဲများကို ရည်ညွှန်းရမည်ဖြစ်သည်။

## အကြံပြုတိုက်တွန်းချက်များကို ပြန်လည်ပြင်ဆင်ခြင်း

၇၈။ အကြံပြုတိုက်တွန်းချက်တစ်ခုသို့မဟုတ် ရုံဖန်ရံခါတစ်ခုထက်ပိုသော အကြံပြုတိုက်တွန်းချက်များကိုပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးခြင်း (စကားရပ်နှစ်ခုသည် အဓိပ္ပါယ်တူညီ၍ တွဲဖက်အသုံးပြုလေ့ရှိသည်) သည် ကိစ္စရပ်အားလုံးနီးပါးကို အကြံပြုတိုက်တွန်းချက်အသစ်တစ်ခုအတွက် သဘောတူလက်ခံမှုကို ဖြစ်ပေါ်စေသည်။ ထို့အပြင်အချို့သော အကြံပြုတိုက်တွန်းချက်များသည် နောက်ဆက်တွဲများအား ပြုပြင်မွမ်းမံရန်အတွက် တိကျသောလုပ်ထုံးလုပ်နည်းများကို မျှော်မှန်းသည်။ အကြံပြုတိုက်တွန်းချက်များတွင် ပြဋ္ဌာန်းချက်များကဲ့သို့ တရားဝင်မှုမရှိသည့်အတွက်၊ ၎င်းတို့ကို ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးခြင်းသည် အကျိုးဆက်ဖြစ်မှုများ လျော့နည်းသည်။ မည်သို့ပင်ဖြစ်စေ တစ်ခု သို့မဟုတ် ထိုထက်ပိုသော အစောပိုင်းအကြံပြုတိုက်တွန်းချက်များကို ပြန်လည်ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးခြင်းသည် အစောပိုင်းစာချုပ်စာတမ်း(များ) ကို အစားထိုးပေးသည်။ ထိုသို့သောကိစ္စများတွင် အကြံပြုတိုက်တွန်းချက်အသစ်ကိုသာ ရည်ညွှန်းပေးရမည်ဖြစ်သည်။

# ၁၁။ ပြဋ္ဌာန်းချက်များကို ရပ်စဲခြင်း

## ရပ်စဲရန်အခြေအနေများ

၇၉။ ပြဋ္ဌာန်းချက်တစ်ခုစီတိုင်း[၈၀]၌ ၎င်းကိုအတည်ပြုထားသည့်နိုင်ငံများသည် ၎င်းကိုရပ်စဲနိုင်ရန်အတွက်[၈၁] (ဆိုလိုသည်မှာ ၎င်းတို့၏တာဝန်ဝတ္တရားများကိုရပ်စဲသည်) အခြေအနေများကို အဆုံးအဖြတ်ပေးသည့် အပိုဒ်ခွဲတစ်ခု ပါဝင်သည်။ ပြဋ္ဌာန်းချက်တစ်ခုစီ၏ တိကျသောသက်တမ်းများကို ရည်ညွှန်းရမည်ဖြစ်သော်လည်း၊ ယေဘုယျအားဖြင့် –

(က) *ပြဋ္ဌာန်းချက်အမှတ် ၁ – ၂၅။* ပြဋ္ဌာန်းချက်၏ ပထမဆုံးသက်ဝင်သည့် ကနဦးကာလ ငါးနှစ် သို့မဟုတ် ၁၀ နှစ် (ဖော်ပြချက်အရ) ကျော်လွန်ပြီးသည့်နောက် မည်သည့်အချိန်၌မဆို ရပ်စဲခြင်းကို ပြုလုပ်နိုင်သည်။

(ခ) *ပြဋ္ဌာန်းချက်အမှတ် ၂၆ နှင့် နောက်ပိုင်း၊* ပြဋ္ဌာန်းချက်၏ ပထမဆုံးသက်ဝင်သည့် ကနဦးကာလ ငါးနှစ် သို့မဟုတ် (ပို၍မကြာခဏ) ၁၀ နှစ် (ဖော်ပြချက်အရ) ကျော်လွန်ပြီးသည့်နောက်၊ သို့ရာတွင် တစ်နှစ်တာကာလအတွင်း၌သာ၊ ရပ်စဲခြင်းကို ပြုလုပ်နိုင်သည်။ ငါးနှစ် သို့မဟုတ် ဆယ်နှစ်ကာလကြာပြီးသည့် နောက်ထပ်ကာလများတွင်လည်း ဖော်ပြထားသည့်အတိုင်းအလားတူရပ်စဲခြင်းကို ပြုလုပ်နိုင်သည်။

## အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှု

၈၀။ (က) အုပ်ချုပ်ရေးအဖွဲ့သည် ယေဘုယျစည်းကမ်းတစ်ခုအနေဖြင့် ဖော်ပြထားသည်မှာ၊

အတည်ပြုထားသည့် ပြဋ္ဌာန်းချက်တစ်ခုကိုရပ်စဲခြင်းအတွက် စဉ်းစားသုံးသပ်သည့် မည်သည့်ကိစ္စရပ်တွင်မဆို၊ ဆုံးဖြတ်ချက်မချမီ၊ တွေ့ကြုံရသည့်ပြဿနာများနှင့် မည်သည့်အရေးယူဆောင်ရွက်မှုများဖြင့် ဖြေရှင်းနိုင်သည်ကို အစိုးရသည် အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများထံ အပြည့်အဝဆွေးနွေးတိုင်ပင်ခြင်းပြုရန်[၈၂]၊ သင့်လျော်ကောင်းမွန်ပေသည်။

(ခ) ပြဋ္ဌာန်းချက်အမှတ် ၁၄၄ ၏ အပိုဒ်ခွဲ ၅၊ အပုဒ် ၁(င) အရ အတည်ပြုထားသည့် ပြဋ္ဌာန်းချက်များအား ရပ်စဲရန် မည်သည့်အဆိုပြုချက်များအပေါ်မဆို အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများ၏ တိုင်ပင်ဆွေးနွေးမှုကိုလိုအပ်သည်[၈၃]။

## ရပ်စဲခြင်းကို ဆက်သွယ်သောပုံစံ

၈၁။ ပြဋ္ဌာန်းချက်တစ်ခုစီတွင် သက်ဆိုင်သည့်အပိုဒ်ခွဲအရ၊ ရပ်စဲခြင်းကို၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်သို့ မှတ်ပုံတင်ရန်အတွက် ဆက်သွယ်ခဲ့သည့်ဥပဒေတစ်ခုအားဖြင့် သက်ရောက်မှုရှိသည်။ ရပ်စဲခြင်း၏ စာချုပ်စာတမ်းသည် –

(က) ရပ်စဲမည့်ပြဋ္ဌာန်းချက်ကို ရှင်းလင်းစွာဖော်ပြရမည် –

---

[၈၀] ပြဋ္ဌာန်းချက်များ အမှတ် ၈၀ နှင့် ၁၁၆ ပြန်လည်ပြင်ဆင်ခြင်း နောက်ဆုံးအပိုဒ်ခွဲများမှလွဲ၍၊

[၈၁] ဤကဲ့သို့သောအပိုဒ်ခွဲသည် ပြန်လည်ပြင်ဆင်ထားသောပြဋ္ဌာန်းချက်တစ်ခု၏ အတည်ပြုချက်ဖြင့် အလိုအလျောက်ရပ်စဲရန်သတ်မှတ်ပေးသည့်အပိုဒ်ခွဲတစ်ခုကို ဖြည့်စွက်ဖော်ပြထားခြင်းဖြစ်သည်။ ကိစ္စရပ်များ သုံးခု (ပြဋ္ဌာန်းချက်များ အမှတ် ၁၀၂၊ ၁၂၈ နှင့် ၁၄၈) တွင် သီးခြားအပိုင်းလိုက် ရပ်စဲခြင်းကိုလည်း ပြုလုပ်နိုင်သည်။

[၈၂] အုပ်ချုပ်ရေးအဖွဲ့၏ ၁၈၄ ကြိမ်မြောက်အစည်းအဝေးမှတ်တမ်း၊ (နိုဝင်ဘာ ၁၉၇၁)၊ pp ၆၅ နှင့် ၂၁၀။

[၈၃] ပြဋ္ဌာန်းချက်အမှတ် ၁၄၄ ကိုအတည်မပြုရသေးသည့်နိုင်ငံများအနေဖြင့်၊ သုံးပွင့်ဆိုင်တိုင်ပင်ဆွေးနွေးခြင်း၏ အပုဒ် ၅ (အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ ဆောင်ရွက်ချက်များ) အကြံပြုတိုက်တွန်းချက်၊ ၁၉၇၆ (အမှတ် ၁၅၂) ကို ကြည့်ပါ။

(ခ) နိုင်ငံကိုစေ့စပ်ညှိနှိုင်းရန် အခွင့်အာဏာရှိသည့်ပုဂ္ဂိုလ် (နိုင်ငံခေါင်းဆောင်၊ ဝန်ကြီးချုပ်၊ နိုင်ငံခြားရေးရာ သို့မဟုတ် အလုပ်သမားရေးရာဝန်ကြီး) မှ လက်မှတ်ရေး ထိုးထားသည့် မူရင်းစာရွက်စာတမ်းတစ်ခု (စာရွက်ပေါ်တွင်၊ ဖက်စ် သို့မဟုတ် ခါတ်ပုံမိတ္တူမဟုတ်သော) ဖြစ်ရမည်။

(ဂ) ၎င်းသည် သက်ဆိုင်သည့်ပြဋ္ဌာန်းချက်ကို တရားဝင်ရပ်စဲမှုတစ်ခုဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြရမည်။

## ရုံးလုပ်ထုံးလုပ်နည်းများ

၈၂။ (က) ပြဋ္ဌာန်းချက်၏ရပ်စဲမှုကို ချင့်ချိန်စဉ်းစားသည့်မည်သည့်ကိစ္စကိုမဆို သိရှိသည့်အခါ၊ ရုံးသည် အထက်ပါစာပုဒ် ၇၀ (က) တွင် ရည်ညွှန်းထားသည့် ဆွေးနွေးတိုင်ပင်မှုအတွက် အထွေထွေစည်းမျဉ်းကို အလေးထားရန် သက်ဆိုင်ရာအစိုးရအား ထောက်ပြပါလိမ့်မည်။

(ခ) နိုင်ငံတစ်ခု၏ အစိုးရသည် ပြဋ္ဌာန်းချက်တစ်ခု၏ရပ်စဲမှု၏ မည်သည့်ကိစ္စတွင်မဆို ၎င်း၏ ဆုံးဖြတ်ချက်များကို ရရှိစေသည့် မည်သည့်အကြောင်းပြချက်ကိုမျှဖော်ပြခြင်းမရှိဘဲ ဆက်သွယ်လာပါက၊ အုပ်ချုပ်ရေးအဖွဲ့၏ သတင်းအချက်အလက်ဖြစ်စေရေးအတွက် ယင်းအကြောင်းပြချက်များအား ပေးရန် ရုံးသည်၊ သက်ဆိုင်ရာအစိုးရထံ တောင်းဆိုရမည်။ ပြဋ္ဌာန်းချက်အမှတ် ၁၄၄ ကို အတည်ပြုပြီးသည့်နိုင်ငံများသည် ရပ်စဲခြင်းမပြုမီ ပြုလုပ်ထားသည့် သုံးပွင့်ဆိုင်တိုင်ပင်ဆွေးနွေးမှုများ၏ သတင်းအချက်အလက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ ၂၂ အရ သတ်မှတ်ခဲ့သည့် အစီရင်ခံစာများတွင် ထည့်သွင်းရန် တာဝန်ဝတ္တရားရှိသည်။

(ဂ) ရပ်စဲခြင်းများကိုမှတ်ပုံတင်ခြင်း။ ညွှန်ကြားရေးမှူးချုပ်မှ မှတ်ပုံတင်ထားသည့် ရပ်စဲမှုတိုင်းကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးထံသို့ အကြောင်းကြားခြင်း၊ အုပ်ချုပ်ရေးအဖွဲ့သို့ အစီရင်ခံခြင်းနှင့် တရားဝင်ပြန်တမ်း ထုတ်ပြန်ခြင်းကိုပြုလုပ်ရသည်။

## ရပ်စဲခြင်း၏ အကျိုးသက်ရောက်မှုများ

၈၃။ ပြဋ္ဌာန်းချက်တစ်ခုစီ၏ နောက်ဆုံးအပိုဒ်ခွဲများနှင့်အညီ ရပ်စဲခြင်းများသည် အကျိုးသက်ရောက်မှုရှိသည်။ (ထုံးစံအတိုင်း ၎င်းတို့ကို ညွှန်ကြားရေးမှူးချုပ်မှ မှတ်ပုံတင်ပြီးနောက် တစ်နှစ်ကျော်သည့်အခါ)

## ၁၂။ အထူးလုပ်ထုံးလုပ်နည်းများ

### (က) အတည်ပြုသည့်ပြဋ္ဌာန်းချက်များကို လေ့လာတွေ့ရှိချက်အားဖြင့် ကိုယ်စားပြုတင်ပြတောင်းဆိုခြင်းများ

### ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာသတ်မှတ်ချက်များ

၈၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပိုဒ်ခွဲ ၂၄ နှင့် ၂၅ သည် အောက်ပါအတိုင်းနားလည်သဘောပေါက်ရန်ဖြစ်သည်။

**အပိုဒ်ခွဲ ၂၄**

မည်သည့်အဖွဲ့ဝင်မှဖြစ်စေ၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ၊ ၎င်းပါဝင်ပတ်သက်သော မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို၊ ၎င်း၏ စီရင်ပိုင်ခွင့်အတွင်း အကျိုးသက်ရောက်မှုရှိသည့် လေ့လာတွေ့ရှိချက်ကိုရယူရန် ပျက်ကွက်ခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီး လုပ်ငန်းရှင်များ သို့မဟုတ် အလုပ်သမားများ၏ လုပ်ငန်းအဖွဲ့အစည်းတစ်ခုက အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးသို့ ကိုယ်စားပြုတင်ပြတောင်းဆိုချက်ရှိပါက၊ အုပ်ချုပ်ရေးအဖွဲ့သည် ဤတင်ပြတောင်းဆိုချက်ကို ပြုလုပ်ခံရသည့်အစိုးရထံသို့ ဆက်သွယ်နိုင်ပြီး၊ ၎င်းအစိုးရအား အကြောင်းအရာအပေါ် ၎င်းအနေဖြင့်သင့်တော်သည်ဟု ထင်မြင်သည့်ထုတ်ပြန်ချက်ကိုပေးရန်ကမ်းလှမ်းနိုင်သည်။

**အပိုဒ်ခွဲ ၂၅**

အကယ်၍ သင့်တင့်လျောက်ပတ်သောအချိန်အတွင်း မေးခွန်းထုတ်ထားသည့်အစိုးရထံမှ ထုတ်ပြန်ချက် တစ်စုံတစ်ရာ မရရှိပါက၊ သို့မဟုတ် ထုတ်ပြန်ချက်ရရှိသောအခါ အုပ်ချုပ်ရေးအဖွဲ့မှ ကျေနပ်ဖွယ်မရှိဟု ယူဆပါက၊ ကိုယ်စားပြုတင်ပြတောင်းဆိုချက်နှင့် ထုတ်ပြန်ချက်၊ အကယ်၍ရှိခဲ့လျှင်၊ ၎င်းအား ဖြေကြားချက်ကို အုပ်ချုပ်ရေးအဖွဲ့အနေနှင့် ထုတ်ပြန်ကြေညာပိုင်ခွင့်ရှိရမည်။

### ကိုယ်စားပြုတင်ပြတောင်းဆိုချက်များကို စစ်ဆေးခြင်းလုပ်ထုံးလုပ်နည်း

၈၅။ **အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ် (၂၄) နှင့် (၂၅) အရကိုယ်စားပြုတင်ပြချက်များကို စစ်ဆေးခြင်းအတွက် လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်းသော တည်ဆဲအမိန့်များအား** ပြင်ဆင်ဖြည့်စွက်ခြင်းများကို ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ၌ သဘောတူလက်ခံသည့်အခါတွင်၊ အုပ်ချုပ်ရေးအဖွဲ့က၊ တည်ဆဲအမိန့်များမထုတ်ပြန်မီ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်များကို အတိုချုံးမှတ်စုဖြင့် ပဏာမမိတ်ဆက်ရန်နှင့် အဆင့်တိုင်းတွင် အုပ်ချုပ်ရေးအဖွဲ့မှ ရွေးချယ်ပိုင်ခွင့်ရှိသည်များကို ဖော်ပြရမည်ဖြစ်ကြောင်းဆုံးဖြတ်ခဲ့သည်[၈၄]–

(က) ရုံးအနေဖြင့်ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ (၂၄) အရဆက်သွယ်များခြင်းများကို လက်ခံရရှိကြောင်း အသိအမှတ်ပြုပြီး သက်ဆိုင်သည့်အစိုးရထံသို့ အကြောင်းကြားသည်။

(ခ) အုပ်ချုပ်ရေးအဖွဲ့၏ အရာရှိများရှေ့မှောက်သို့ ဤကိစ္စကိုတင်သွင်းသည်။

(ဂ) အရာရှိများသည်အုပ်ချုပ်ရေးအဖွဲ့သို့ ကိုယ်စားပြုတင်ပြချက်အား လက်ခံရရှိမှုနှင့် ပတ်သက်၍ အစီရင်ခံသည်။ တည်ဆဲအမိန့်များ၏ အပိုဒ်ခွဲ (၂) တွင် ပါဝင်သည့်အတိုင်း၊ လက်ခံရရှိမှုအတွက် ဆုံးဖြတ်သည့်မူအရ သတ်မှတ်ထားသည်မှာ၊ တင်ပြတောင်းဆိုချက်သည် –

(၁) အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့သို့ စာဖြင့် ဆက်သွယ်ခြင်းဖြစ်ရမည်။

[၈၄] စာရွက်စာတမ်း GB.291/9(Rev.) ၌အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏အခြေခံဥပဒေအပိုဒ်ခွဲ (၂၄) နှင့် (၂၅) တွင် တင်ပြ တောင်းဆိုချက်များကိုစစ်ဆေးခြင်းအတွက်လုပ်ထုံးလုပ်နည်းနှင့်နှင့်စပ်လျဉ်းသော တည်ဆဲအမိန့်များ၏ အကြောင်းအရာနှင့် အထက် တွင်ရည်ညွှန်းခဲ့သည့်ပဏာမမှတ်စုတို့ပါဝင်သည်။ တည်ဆဲအမိန့်များနှင့်ပဏာမမှတ်စုများကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ ဝက်ဘ်ဆိုက်မှရရှိနိုင်သည်။ စာစောင်၏တစ်စိတ်တစ်ဒေသဖြစ်သောပုံနှိပ်စာစောင်များကိုလည်းရရှိနိုင်သည်။

(၂) လုပ်ငန်းရှင်များ သို့မဟုတ် အလုပ်သမားများ၏ လုပ်ငန်းအဖွဲ့အစည်းတစ်ခုမှ ပေးပို့ခြင်းဖြစ်ရမည်။

(၃) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ (၂၄) ကို တိကျစွာရည်ညွှန်းရမည်။

(၄) အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံနှင့် ပတ်သက်ရမည်။[၅၅]

(၅) အဆိုပါမေးခွန်းထုတ်ထားသည့်အဖွဲ့ဝင်နိုင်ငံ ပါဝင်ပတ်သက်နေသော ပြဋ္ဌာန်းချက်တစ်ခုကို ရည်ညွှန်းရမည်။

(၆) ၎င်းအဖွဲ့ဝင်နိုင်ငံသည် ၎င်း၏စီရင်ပိုင်ခွင့်အတွင်းရှိသည့် ထိုပြဋ္ဌာန်းချက်ကို အကျိုးသက်ရောက်မှုရှိသည့် လေ့လာတွေ့ရှိချက်ကိုရယူရန် မည်သည့်အချက်၌ ပျက်ကွက်ခဲ့ကြောင်း စွပ်စွဲခဲ့သည်ကို ဖော်ပြရမည်။

(ဃ) အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် အကြောင်းအရာ၏အနှစ်သာရကိုမဆွေးနွေးဘဲ လက်ခံရရှိမှုနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်တစ်ခုကိုရောက်ရှိသည်။

(င) အကယ်၍ တင်ပြတောင်းဆိုချက်ကို လက်ခံရရှိနိုင်ဖွယ်ရာရှိပါက၊ အုပ်ချုပ်ရေးအဖွဲ့သည် တည်ဆဲအမိန့်များတွင် ချမှတ်ထားသည့် စည်းမျဉ်းများနှင့်အညီ၊ အကြောင်းအရာကို စစ်ဆေးမည့်သုံးပွင့်ဆိုင်ကော်မတီကိုဖွဲ့စည်းမည်၊ သို့မဟုတ်၊ အကယ်၍အကြောင်းအရာသည် အလုပ်သမားသမဂ္ဂ၏ အခွင့်အရေးများကို ကိုင်တွယ်ဖြေရှင်းသည့် ပြဋ္ဌာန်းချက်တစ်ခုနှင့်သက်ဆိုင်သောကိစ္စဖြစ်ပါက၊ ၎င်းအနေဖြင့် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း ကော်မတီသို့လွှဲပြောင်းပေးနိုင်သည် – အကယ်၍ တင်ပြတောင်းဆိုချက်သည် ယခင်တင်ပြတောင်းဆိုခဲ့သော အကြောင်းအရာဖြစ်သည့် ကိစ္စရပ်များနှင့် စွပ်စွဲချက်များနှင့် ဆင်တူယိုးမှားဖြစ်သော ဆက်နွယ်မှုရှိပါက၊ ယခင်တင် ပြတောင်းဆိုချက်နှင့် ပတ်သက်၍ အုပ်ချုပ်ရေးအဖွဲ့မှသဘောတူလက်ခံထားသည့် အကြံပြုတိုက်တွန်းချက်များ၏ နောက်ဆက်တွဲဆောင်ရွက်မှုကို ကျွမ်းကျင်ပညာရှင်များကော်မတီမှ စစ်ဆေးနိုင်သည့် အချိန်ထိတိုင်၊ အသစ်တင်ပြတောင်းဆိုခြင်းကို စစ်ဆေးမည့်ကော်မတီခန့်အပ်မှုကို ရွှေ့ဆိုင်းရန် အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် ဆုံးဖြတ်နိုင်သည်။

(စ) ကော်မတီသည်၊ တင်ပြတောင်းဆိုချက်အား စစ်ဆေးရန် လုပ်ဆောင်ခဲ့သည့်အဆင့်များကို ဖော်ပြပြီး အုပ်ချုပ်ရေးအဖွဲ့မှ ဆုံးဖြတ်ချက်များချမှတ်ရန်အတွက် ၎င်း၏ ကောက်ချက်များနှင့် အကြံပြုထောက်ခံချက်များကိုပေး၍ အုပ်ချုပ်ရေးအဖွဲ့သို့ အစီရင်ခံသည်။

(ဆ) အုပ်ချုပ်ရေးအဖွဲ့၏ ထိုကိစ္စရပ်အားစဉ်းစားမှုတွင် ကိုယ်စားပြုရန်အတွက် သက်ဆိုင်ရာအစိုးရသည် ဖိတ်ခေါ်ခံရသည်။

(ဇ) အုပ်ချုပ်ရေးအဖွဲ့သည် တင်ပြတောင်းဆိုချက်နှင့် ပြန်လည်ဖြေကြားသည့် အစိုးရ၏ မည်သည့်ထုတ်ပြန်ချက်ကိုမဆို ကြေညာသင့်မသင့်ဆုံးဖြတ်၍ တိုင်ကြားသည့်အဖွဲ့အစည်းနှင့် သက်ဆိုင်ရာအစိုးရထံသို့ အကြောင်းကြားသည်။

၈၆။ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင်၊ အုပ်ချုပ်ရေးအဖွဲ့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ (၂၄) အရ[၅၆]၊ တင်ပြတောင်းဆိုချက်များ လုပ်ထုံးလုပ်နည်း၏ လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်သည့် အရေးယူဆောင်ရွက်ချက်များ အတော်များများ၊ နိုင်ငံအဆင့်တွင်ရွေးချယ်ပိုင်ခွင့်ရှိသည့် မိမိဆန္ဒအလျောက်ညှိနှိုင်းဖျန်ဖြေရေး သို့မဟုတ် အခြားအရေး ယူဆောင်ရွက်မှုများအတွက် ခွင့်ပြုရန်အစီအစဉ်များအပါအဝင်ကို အတည်ပြုပေးခဲ့ခြင်းဖြင့်၊ အထူးကိစ္စ အတွက် ဖွဲ့စည်းထားသော (ad hoc) ကော်မတီမှ တင်ပြတောင်းဆိုချက်တစ်ခု၏ ကောင်းကျိုးများအား စစ်ဆေးခြင်းကို အများဆုံး (၆) လကာလအထိ ယာယီဆိုင်းငံ့ခြင်းတစ်ခုသို့ ဦးတည်စေသည်။ ဆိုင်းငံ့ခြင်း

[၅၅] သို့မဟုတ် မေးခွန်းထုတ်ထားသောပြဋ္ဌာန်းချက်၏စည်းမျဉ်းများကိုကိုလိုက်နာဆဲရှိသောအဖွဲ့ဝင်နိုင်ငံဟောင်းတစ်ခု

[၅၆] GB-334/INS/PV, အပုဒ် ၂၈၈ (၁)

သည် တိုင်ကြားချက်ပုံစံ[၈၇]တွင် ဖော်ပြထားသည့်အတိုင်း တိုင်ကြားသူ၏ သဘောတူညီမှုနှင့် အစိုးရ၏ သဘောတူညီမှု အပေါ်၌ မူတည်သည်။ အုပ်ချုပ်ရေးအဖွဲ့သည် (၂) နှစ် အစမ်းကာလကျော်လွန်ပြီးလျှင် ဤအစီအစဉ်များကို ပြန်လည်စိစစ်သုံးသပ်မည်ဖြစ်သည်။

## (ခ) အတည်ပြုခဲ့သည့် ပြဋ္ဌာန်းချက်များအပေါ် လေ့လာတွေ့ရှိချက်နှင့်ပတ်သက်၍ တိုင်ကြားခြင်းများ

## အဓိကဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာသတ်မှတ်ချက်များ

၈၇။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အပိုဒ်ခွဲ (၂၆) သည် အောက်ပါအတိုင်း နားလည်သဘောပေါက်ရန် ဖြစ်သည်။

၁။ အဖွဲ့ဝင်များမှ မည်သူမဆို၊ ရှေ့တွင်ဖော်ပြခဲ့သော အပိုဒ်ခွဲများနှင့်အညီ နှစ်ဘက်စလုံးမှ အတည်ပြုခဲ့သည့် မည်သည့်ပြဋ္ဌာန်းချက်ကိုမဆို၊ အခြားအဖွဲ့ဝင်တစ်ဦးမှ အကျိုးသက်ရောက်မှုရှိသည့် လိုက်နာဆောင်ရွက်မှုကို ရယူနိုင်ခြင်းမရှိခဲ့လျှင်၊ အကယ်၍ ၎င်းအနေဖြင့် ကျေနပ်မှုမရှိပါက၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့သို့ တိုင်ကြားချက်ဖွင့်ခွင့်ရှိရမည်။

၂။ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့်၊ သင့်လျော်သည်ဟု ထင်မြင်ယူဆပါက၊ ယင်းကဲ့သို့သော တိုင်ကြားမှုတစ်ခုကို စုံစမ်းစစ်ဆေးရေးကော်မရှင်သို့ မလွှဲမီ၊ ဤအချက်၏ နောက်ပိုင်းတွင် ပုံဖိုးထားသကဲ့သို့၊ အပိုဒ်ခွဲ (၂၄) တွင် ဖော်ပြထားသည့်နည်းအတိုင်း အဆိုပါအစိုးရနှင့် ဆက်သွယ်နိုင်သည်။

၃။ အကယ်၍ အုပ်ချုပ်ရေးအဖွဲ့က တိုင်ကြားချက်ကို အဆိုပါအစိုးရနှင့် ဆက်သွယ်ရန် မလိုအပ်ဟု ထင်မြင်ယူဆပါက၊ သို့မဟုတ်၊ အကယ်၍ ယင်းကဲ့သို့သော ဆက်သွယ်မှုကို ပြုလုပ်ပြီးသည့်အခါ၊ သင့်တင့်လျောက်ပတ်သောအချိန်တစ်ခု၌ အုပ်ချုပ်ရေးအဖွဲ့မှ ကျေနပ်ဖွယ်ရာရှိသည်ဟု ယူဆသည့်ထုတ်ပြန်ချက် ပြန်ကြားချက်ကို မရရှိခဲ့ပါက၊ အုပ်ချုပ်ရေးအဖွဲ့သည် တိုင်ကြားမှုကို သုံးသပ်ဆင်ခြင်ရန်နှင့် ထိုအပေါ်တွင် အစီရင်ခံရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကို ခန့်အပ် နိုင်သည်။

၄။ အုပ်ချုပ်ရေးအဖွဲ့အနေဖြင့်၊ မိမိဆန္ဒသက်သက်ဖြင့်သော်လည်းကောင်း၊ ညီလာခံကိုယ်စားလှယ်တစ်ဦးထံမှ တိုင်ကြားချက်တစ်ခုကို လက်ခံရရှိခြင်းကြောင့်သော်လည်းကောင်း တူညီသော လုပ်ထုံးလုပ်နည်းကို သဘောတူပြဋ္ဌာန်းနိုင်သည်။

၅။ အပိုဒ်ခွဲ (၂၅) သို့မဟုတ် (၂၆) အရ ပေါ်ပေါက်လာသည့် မည်သည့်ကိစ္စရပ်မဆို အုပ်ချုပ်ရေးအဖွဲ့မှ ဆင်ခြင်သုံးသပ်သည့်အခါ၊ အဆိုပါအစိုးရသည်၊ အကယ်၍ထိုနေရာတွင် ကိုယ်စားမပြုရသေးပါက၊ အုပ်ချုပ်ရေးအဖွဲ့မှ ထိုကိစ္စရပ်ကို စဉ်းစားဆင်ခြင်မှုပြုလုပ်စဉ်အတွင်း ပါဝင်နိုင်ရန်အတွက် ကိုယ်စားလှယ်တစ်ဦးကို စေလွှတ်ပိုင်ခွင့်ရှိရမည်။ အဆိုပါအစိုးရထံသို့ ထိုကိစ္စကို စဉ်းစားဆင်ခြင်မည့်ရက်စွဲကို လုံလောက်သောကြိုတင်အကြောင်းကြားမှုပေးရမည် ဖြစ်သည်။

## အခြားဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဆိုင်ရာသတ်မှတ်ချက်များ

၈၈။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အောက်ပါအပိုဒ်ခွဲများသည် တိုင်ကြားမှုများလုပ်ထုံးလုပ်နည်း၏ အခြားရှုထောင့်များနှင့် ပတ်သက်သည်။

အပိုဒ်ခွဲ ၂၇။ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုနှင့်အဖွဲ့ဝင်များ၏ ပူးပေါင်းဆောင်ရွက်မှု–

အပိုဒ်ခွဲ ၂၈။ ၎င်း၏တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များ ပါဝင်ဖွဲ့စည်းထားသည့်၊ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာ –

[၈၇] နောက်ဆက်တွဲ (၄) ကိုကြည့်ပါ။

အပိုဒ်ခွဲ ၂၉။ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခု၏အစီရင်ခံစာကိုဆက်သွယ်ခြင်းနှင့် ပုံနှိပ်ထုတ်ဝေခြင်း၊ သက်ဆိုင်ရာအစိုးရများမှ ၎င်း၏အကြံပြုတိုက်တွန်းချက်များကို လက်ခံခြင်းရှိ၊ မရှိ ညွှန်ပြမှု၊ နှင့် အပြည်ပြည်ဆိုင်ရာတရားရုံးချုပ် (ICJ) သို့ လွှဲပြောင်းပေးနိုင်ခြေရှိမှု –

အပိုဒ်ခွဲ ၃၁။ အပြည်ပြည်ဆိုင်ရာတရားရုံးချုပ် (ICJ) ၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရန် –

အပိုဒ်ခွဲ ၃၂။ စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခု၏ တွေ့ရှိချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အပြည်ပြည်ဆိုင်ရာတရားရုံးချုပ် (ICJ) ၏ အာဏာစက် –

အပိုဒ်ခွဲ ၃၃။ စုံစမ်းစစ်ဆေးရေးကော်မရှင် သို့မဟုတ် အပြည်ပြည်ဆိုင်ရာတရားရုံးချုပ် (ICJ) ၏ အကြံပြုတိုက်တွန်းချက်များကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်ဖြစ်ရပ်အတွက်၊ ညီလာခံ၏ အရေးယူဆောင်ရွက်မှုကို အုပ်ချုပ်ရေးအဖွဲ့မှ အကြံပြုတိုက်တွန်းမှု –

အပိုဒ်ခွဲ ၃၄။ စုံစမ်းစစ်ဆေးရေးကော်မရှင် သို့မဟုတ် အပြည်ပြည်ဆိုင်ရာတရားရုံးချုပ် (ICJ) မှ အကြံပြုတိုက်တွန်းချက်များအား လိုက်နာဆောင်ရွက်မှုကို အတည်ပြုခြင်းနှင့် ညီလာခံ၏ အရေးယူဆောင်ရွက်မှုကို ဆက်လက်ဆောင်ရွက်ခြင်း မပြုတော့ရန်အတွက် အုပ်ချုပ်ရေးအဖွဲ့မှ နောက်ပိုင်းအကြံပြုတိုက်တွန်းခြင်း။

## စုံစမ်းစစ်ဆေးသည့်ကော်မရှင်လုပ်ထုံးလုပ်နည်း

၈၉။ လက်ရှိတွင်၊ စုံစမ်းစစ်ဆေးရေးကော်မရှင်များ၏ လုပ်ထုံးလုပ်နည်းအတွက် တည်ဆဲအမိန့်များမရှိပေ – အုပ်ချုပ်ရေးအဖွဲ့သည် ကိစ္စတိုင်းကို စုံစမ်းစစ်ဆေးရေးကော်မရှင်ကိုယ်တိုင်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ၎င်း၏ ကိုယ်ပိုင် အထွေထွေလမ်းညွှန်မှုအပေါ် မူတည်၍သာ၊ ဆောင်ရွက်တာဝန်ယူစေခဲ့သည်။ သက်ဆိုင်သည့် စုံစမ်းစစ်ဆေးရေးကော်မရှင်များ၏ အစီရင်ခံစာများသည် အဖွဲ့များနှင့် အခြားစိတ်ပါဝင်စားသူများ သို့မဟုတ် အဖွဲ့အစည်းများထံမှ ဆက်သွယ်မှုများကို လက်ခံရရှိရန်အတွက် လုပ်ထုံးလုပ်နည်းအပါအဝင်၊ တိုင်ကြားချက်များကို စစ်ဆေးရာတွင် လိုက်နာခဲ့သည့်လုပ်ထုံးလုပ်နည်းနှင့် ကြားနာစစ်ဆေးခြင်းများ[၈၈]ကို ဖော်ပြထားသည်။

၉၀။ သို့ရာတွင်၊ စံချိန်စံညွှန်းများပမာဏမူဘောင်တွင်၊ အပိုဒ်ခွဲ (၂၆) လုပ်ထုံးလုပ်နည်း[၈၉]၏ စနစ်တကျစီစဉ်ပေါင်းစုရန်ဖြစ်နိုင်ခြေရှိမှုကို ထည့်သွင်းစဉ်းစားပေးနေကြောင်းသတိပြုရမည် ဖြစ်သည်။

## (ဂ) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းမှုကို ချိုးဖောက်မှုနှင့်ပတ်သက်၍တိုင်ကြားခြင်းများ

### (၁) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာအုပ်ချုပ်မှုအဖွဲ့ကော်မတီ[၉၀]

**ပေါင်းစပ်ဖွဲ့စည်းပုံနှင့် သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့်။**

၉၁။ ကော်မတီသည်၊ ၎င်းတွင်သီးခြားတစ်ဦးချင်းအနေဖြင့် ရုံးထိုင်သည့် အဖွဲ့ဝင်ကိုးဦးနှင့် လက်ထောက်အဖွဲ့ဝင်ကိုးဦးအပြင် သီးခြားဥက္ကဋ္ဌတစ်ဦးဖြင့် ဖွဲ့စည်းထားသော အုပ်ချုပ်ရေးအဖွဲ့၏ သုံးပွင့်ဆိုင်ယန္တရားတစ်ခုဖြစ်သည်။ ၎င်းအဖွဲ့၏ ရုံးထိုင်ခြင်းများမှာ သီးသန့်ဖြစ်၍၊ ၎င်းတို့၏ လုပ်ငန်းစာရွက်စာတမ်းများမှာ အတွင်းရေးလျှို့ဝှက်အဆင့်သတ်မှတ်ထားပြီး၊ ကျင့်သုံးမှုတွင်၊ ၎င်းတို့၏ ဆုံးဖြတ်ချက်များကို အများဆန္ဒဖြင့် ရယူလေ့

[၈၈] ဥပမာ။ တရားဝင်ပြန်တမ်းထုတ်ပြန်ချက်၊ Vol.LXXIV (၁၉၉၁)၊ အကြောင်းအရာအစဉ် (ခ)၊ ဖြည့်စွက်ချက်များ (၂) နှင့် (၃) ကိုကြည့်ပါ။

[၈၉] GB.334/INS/5 နှင့် GB.332/INS/5 (Rev) နှင့် GB.334/INS/PV တို့ကိုလည်းကြည့်ပါ။

[၉၀] လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းကော်မတီ၏ လုပ်ထုံးလုပ်နည်း – ၎င်း၏ ၃၀၆ ကြိမ်မြောက်အစည်းအဝေး (၂၀၀၉) ၌ အုပ်ချုပ်ရေးအဖွဲ့မှ အတည်ပြုထားသည့် ၎င်းတို့၏ နောက်အကျဆုံးတင်ဆက်မှု – များကို အိုင်အယ်လ်အို (ILO) ၏ အုပ်ချုပ်ရေးအဖွဲ့အတွက် အသုံးချနိုင်သည့် စည်းမျဉ်းဥပဒေများ သုတပေါင်းချုပ်၏ နောက်ဆက်တွဲ (၂) တွင် စီစဉ်တင်ပြထားသည် ("လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းကို ချိုးဖောက်မှုများကို စွပ်စွဲထားသည့် တိုင်ကြားမှုများ၏ အိုင်အယ်လ်အို (ILO) တွင် စစ်ဆေးမှုအတွက် အထူးလုပ်ထုံးလုပ်နည်းများ")။ ဤလုပ်ထုံးလုပ်နည်းကို လွပ်လပ်စွာအသင်းအပင်း ဖွဲ့စည်းခြင်းဆိုင်ရာကော်မတီ၏ ဆုံးဖြတ်ချက်များကို စုစည်းထားခြင်း၏ နောက်ဆက်တွဲ (၁) အဖြစ်လည်း ထုတ်ဝေခဲ့သည်။ ထို့အပြင် ကော်မတီသည် အလုပ်လုပ်နည်းများနှင့် အုပ်ချုပ်ရေးအဖွဲ့သို့ အစီရင်ခံစာများနှင့် စပ်လျဉ်းသည့်ဆုံးဖြတ်ချက်များကို မှန်မှန်သဘောတူလက်ခံသည်။

ရှိသည်။ ကော်မတီသည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ စည်းမျဉ်းများကို ချိုးဖေါက်သည့် တိုင်ကြားချက်များကို စစ်ဆေးခြင်းပြုလုပ်ပြီး ရရှိသောကောက်ချက်များနှင့် အကြံပြုတိုက်တွန်းချက်များကို အုပ်ချုပ်ရေးအဖွဲ့သို့ တင်ပြသည်။ လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း နယ်ပယ်၌ သက်ဆိုင်ရာနိုင်ငံသည် မည်သည့်ပြဋ္ဌာန်းချက်များကိုမှ အတည်ပြုထားခြင်းမရှိသော်လည်း၊ တိုင်ကြားမှုများကို လက်သင့်ခံနိုင်သည်။[၉၀]

## တိုင်ကြားမှုများကိုလက်ခံရရှိမှု။

၉၂။ (က) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ စည်းမျဉ်းများကို တိကျသော ချိုးဖောက်မှုများနှင့် ပတ်သက်သည့်တိုင်ကြားမှုများသည် စာဖြင့်ရေးသားပြီး၊ လက်မှတ်ရေးထိုးကာ၊ စွပ်စွဲမှုများအတွက် သက်သေအထောက်အထားများဖြင့် ထောက်ပံ့ပေးရမည်။

(ခ) တိုင်ကြားမှုများသည် အလုပ်ရှင်များ သို့မဟုတ် အလုပ်သမားများအဖွဲ့အစည်းများ[၉၁] သို့မဟုတ် အစိုးရများမှဖြစ်ရမည်။ ဖြစ်နိုင်သည့်အဖွဲ့အစည်းတစ်ခုသည် –

(၁) ကိစ္စရပ်တွင်တိုက်ရိုက်စိတ်ဝင်စားမှုရှိသည့် နိုင်ငံတော်၏ အဖွဲ့အစည်းတစ်ခု

(၂) အိုင်အယ်လ်အို (ILO) နှင့် ညှိနှိုင်းတိုင်ပင်ခံသည့် အဆင့်အတန်းရှိသော အလုပ်ရှင်များ သို့မဟုတ် အလုပ်သမားများ၏ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတစ်ခု[၉၂]

(၃) စွပ်စွဲချက်များသည် အသင်းဝင်ထားသော အဖွဲ့အစည်းများနှင့် တိုက်ရိုက်ပတ်သက်မှုရှိသည့် ကိစ္စရပ်များနှင့်ဆက်စပ်နေသော အလုပ်ရှင်များ သို့မဟုတ် အလုပ်သမားများ၏ အခြား အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခု။

၉၃။ ကော်မတီအနေဖြင့် တိုင်ကြားချက်လက်ခံရရှိနိုင်မှုကို ဆုံးဖြတ်မှုအပေါ် လျှောက်ထားသူနှင့် ပတ်သက်၍ ဝေဖန်ဆန်းစစ်ခွင့်အပြည့်ရှိသည်။ အမှန်အားဖြင့်၊ လွတ်လပ်စွာအသင်းအပင်း ဖွဲ့စည်းမှုနှင့်ပတ်သက်၍ ချိုးဖောက်ခြင်းဟု စွပ်စွဲမှုကိုတိုင်ကြားခြင်းအား စစ်ဆေးခြင်းဆိုင်ရာ အထူးလုပ်ထုံးလုပ်နည်းများအရ၊ ကော်မတီတွင် အဖွဲ့အစည်းတစ်ခုသည် အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနက်အဓိပ္ပာယ်အတွင်း အလုပ်ရှင်များ၏ သို့မဟုတ် အလုပ်သမားများ၏ အဖွဲ့အစည်းဟု ယူဆနိုင်မှုကို ဆုံးဖြတ်ရန် လွတ်လပ်မှုအပြည့်အဝရှိပြီး၊ ၎င်းအနေဖြင့် စကားရပ်၏ မည်သည့်အမျိုးသားအဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်မျှ ၎င်းအား ချုပ်နှောင်မှုရှိသည်ဟု မယူဆပါ။ အလုပ်သမားသမဂ္ဂတစ်ခုသည် အမျိုးသားဥပဒေများမှ လိုအပ်ချက်ရှိနိုင်သော ၎င်း၏ သမဂ္ဂဆိုင်ရာ စည်းမျဉ်းများကို ကြိုတင်ပေးထားခဲ့ခြင်းမရှိသည့်အချက်သည်၊ လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ စည်းမျဉ်းများတွင် အလုပ်သမားများသည် ယခင်ခွင့်ပြုမိန့်မရှိသော်လည်း၊ ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်မှုအရ အဖွဲ့အစည်းများကို တည်ထောင်နိုင်ရမည်ဟု၊ တိကျစွာသတ်မှတ်ထားသည့်အတွက် ၎င်း၏ တိုင်ကြားမှုကို လက်ခံနိုင်မှုမရှိကြောင်းပြုရန်အတွက် မလုံလောက်ပါ။ နောက်ဆုံးအနေဖြင့်၊ အဖွဲ့အစည်းတစ်ခုကို တရားဝင် အသိအမှတ်မပြုရသေးဟူသောအချက်သည်၊ ဤအဖွဲ့အစည်းအနေဖြင့် အနည်းဆုံးလက်တွေ့တွင် အသက်ဝင်တည်ရှိနေကြောင်း တိုင်ကြားချက်များအရ ရှင်းရှင်းလင်းလင်းဖြစ်နေသည့်အခါ၊ စွပ်စွဲချက်များကို ငြင်းပယ်ခြင်းသည် ခိုင်လုံမှုမရှိပါ။[၉၃]

[၉၀] အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အိုင်အယ်လ်အို (ILO) ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလိုက်နာသည့်အနေနှင့် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်း၏မူများကို အသိအမှတ်ပြုရန်တာဝန်ဝတ္တရားရှိသောကြောင့်ဖြစ်ပါသည်။

[၉၁] တိုင်ကြားသူကို ဤရည်ရွယ်ချက်အတွက် အဖွဲ့အစည်းတစ်ခုအနေဖြင့်သတ်မှတ်ရန်ကော်မတီကိုယ်တိုင်က ဆုံးဖြတ်မည်ဖြစ်သည်။ တိုင်ကြားမှု၏ အကြောင်းချင်းရာများကို တိကျစွာသိရှိနိုင်ရန် တိုင်ကြားသောအဖွဲ့အစည်းထံမှ သတင်းအချက်အလက်များကို ထပ်မံတောင်းဆိုခွင့်အာဏာကို ရုံးအဖွဲ့သို့ အပ်နှင်းထားသည်။

[၉၂] ပုံနှိပ်စဉ်အခါက၊ အပြည်ပြည်ဆိုင်ရာအလုပ်ရှင်များအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားသမဂ္ဂမဟာမိတ်အဖွဲ့၊ အာဖရိက အလုပ်သမားသမဂ္ဂ စည်းလုံးညီညွတ်ရေးအဖွဲ့အစည်းနှင့် ကမ္ဘာ့အလုပ်သမားသမဂ္ဂများမဟာမိတ်အဖွဲ့။

[၉၃] လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းအပေါ် ချိုးဖောက်သည်ဟုစွပ်စွဲသောတိုင်ကြားချက်များကိုအပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့အတွင်းစစ်ဆေးရန်အတွက်ချမှတ်ထားသောသီးသန့်လုပ်ထုံးလုပ်နည်းများ

## ကော်မတီ၏လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာစုဖွဲ့ပုံ

၉၄။ (က) ကော်မတီသည် တစ်နှစ်လျှင်သုံးကြိမ်ဆုံတွေ့သည်။

(ခ) ရုံးသည် တိုင်ကြားသူတစ်ဦးအား မည်သည့်အချိန်၌မဆို မည်သို့သောချိုးဖောက်မှုများကို တိုင်ကြားသည်ကို၊ တိုင်ကြားချက်တစ်ခုသည် လုံလောက်စွာအသေးစိတ် ဖော်ပြမှုမရှိသည့်အခါ၊ တိကျစွာဖော်ပြရန်တောင်းဆိုနိုင်သည်။

(ဂ) ရုံးသည်တိုင်ကြားသူများအား၊ ၎င်းတို့အနေဖြင့် ၎င်းတို့၏တိုင်ကြားချက်များ အထောက်အထားခိုင်လုံမှုရှိစေရန် ရည်ရွယ်၍ ထပ်မံဖြည့်စွက်လိုသည့်မည်သည့် သတင်းအချက်အလက်ကိုမဆို တစ်လအတွင်းပေးပို့သင့်ကြောင်း အကြောင်းကြားသည်။[၈၅]

(ဃ) စွပ်စွဲချက်များကို ရုံးသည် သက်ဆိုင်ရာအစိုးရထံသို့ သတ်မှတ်ချိန်အတွင်း ပြန်ကြားချက်ပေးနိုင်ရန်အတွက် ပေးပို့သည်။

(င) စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်သည့် ကိစ္စများတွင်၊ ရုံးသည် ကိုယ်စားပြုသည့် သက်ဆိုင်ရာအလုပ်ရှင်များ၏ အဖွဲ့အစည်းထံမှ သတင်းအချက်အလက်များကို ရှာဖွေရန် အစိုးရများကို တောင်းဆိုသည်။

(စ) ကော်မတီသည် တိုင်ကြားချက်ကိုစစ်ဆေး၍ ကောက်ချက်တစ်ခုချမည် သို့မဟုတ် နောက်ထပ်သတင်းအချက်အလက်အတွက် သက်ဆိုင်ရာအစိုးရကိုတောင်းမည်ကို ဆုံးဖြတ်သည်။

(ဆ) ကော်မတီသည် ကော်မတီ၏အကြံပြုတိုက်တွန်းချက်များထံသို့ သက်ဆိုင်ရာအစိုးရ၏အာရုံစိုက်မှုကို ဆွဲဆောင်ရန် အုပ်ချုပ်ရေးအဖွဲ့ကို ဖိတ်ခေါ်နိုင်၍၊ ယင်းတွင် ကုစားမှုအတွက် အရေးယူဆောင်ရွက်ချက်များ ရယူရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်သည့် အသိပေးအကြောင်းကြားမှုရှိနေစေရန် တောင်းဆိုမှုများပါဝင်နိုင်သည်။

(ဇ) ကော်မတီသည်၊ အကြောင်းအရာများသည် ထပ်မံစစ်ဆေးရန်မလိုခြင်းနှင့် ထိရောက်စွာပိတ်သိမ်းပြီးသည်ဟု သတိပြုသည့်အခါ "အပြီးသတ်" အစီအရင်ခံစာများ၊ တိုင်ကြားခံရသည့်အဖွဲ့များထံမှ နောက်ထပ်သတင်းအချက်အလက်များ လိုအပ်သည့်အခါတွင် "ကြားဖြတ်" အစီရင်ခံစာများနှင့် ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်သည့် သတင်းအချက်အလက်ကို တောင်းခံသည့်အခါ၌ "နောက်ဆက်တွဲ" အစီအရင်ခံစာများကို ထုတ်ပေးသည်။ အကြောင်းကိစ္စများကို ဖြေရှင်းပြီးသည့် နောက်တွင် သို့မဟုတ် ကော်မတီမှ၎င်းတို့ကို ထပ်မံစစ်ဆေးရန်မလိုဟု ထင်မြင်သည့်အခါ နောက်ဆက်တွဲအမှုတွဲများကို "ပိတ်သိမ်းသည်"။

(ဈ) ကော်မတီအနေဖြင့် အချက်အလက်ရှာဖွေခြင်းနှင့် ညှိနှိုင်းဖျန်ဖြေရေးကော်မရှင်သို့ လွှဲ ပြောင်းပေးရန် အကြံပြုထောက်ခံနိုင်သည်။

(ည) ကော်မတီ၏ အစီရင်ခံစာကို *တရားဝင်ပြန်တမ်း*တွင် ပုံနှိပ်ထုတ်ဝေသည်။

(ဋ) ကော်မတီသည် အစိုးရ၏ ကိုယ်စားလှယ်များနှင့် တိုင်ပင်ညှိနှိုင်းမှုများပြုလုပ်၍၊ ပြဿနာအချို့၏ အရေးကြီးမှုကို အာရုံစွဲဆောင်ရန်နှင့် ၎င်းတို့ကိုဖြေရှင်းမှုပြုလုပ်နိုင်စေမည့် နည်းလမ်းမျိုးစုံကို ဆွေးနွေးရန် ၎င်း၏ ဥက္ကဋ္ဌကို ဖိတ်ကြားနိုင်သည်။

(ဌ) အကယ်၍ နိုင်ငံတစ်နိုင်ငံသည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အတည်ပြုပြီးပါက၊ ကော်မတီအနေဖြင့် ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အသုံးချမှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များကော်မတီ (CEACR) ၏ ဂရုပြုမှုရရှိစေရန် အမှုကိစ္စနှင့် ပတ်သက်သည့် ဥပဒေပြုမှုဆိုင်ရာ သက်ရောက်ချက်များကို ညွှန်းဆိုမှုပြုနိုင်သည်။

---

[၈၅] ထိုလအတွင်းမဖြည့်ဆည်းနိုင်သည့် အထောက်အထားအသစ်ကိုသာ နောက်ပိုင်းတွင် လက်ခံနိုင်ပါမည်။

(ဃ) လုပ်ထုံးလုပ်နည်းလုပ်ငန်းစဉ်တစ်လျှောက်လုံး၌၊ သက်ဆိုင်ရာအစိုးရ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းတာဝန်အမျိုးမျိုး (တိုက်ရိုက်အဆက်အသွယ်များ၊ နည်းပညာအထောက်အပံ့၊ စသည်များ) ကို ဆောင်ရွက်နိုင်သည်။

(ဃ) အုပ်ချုပ်ရေးအဖွဲ့သည် ၎င်းထံသို့ လွှဲပြောင်းပေးခဲ့သည့် တင်ပြတောင်းဆိုချက်များကို တည်ဆဲအမိန့်များတွင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ စစ်ဆေးခဲ့မှုကို သေချာစေရန်၊ အပုဒ်ခွဲ (၂၄) တင်ပြတောင်းဆိုချက်များကိုစစ်ဆေးရန်အတွက် တည်ဆဲအမိန့်များတွင်ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ၊ ၎င်းထံသို့ လွှဲပြောင်းပေးခဲ့သည့် တင်ပြတောင်းဆိုချက်များကို စစ်ဆေးရန် လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာကော်မတီအား ညွှန်ကြားခဲ့သည်။[၉၆]

## (၂) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ အချက်အလက်ရှာဖွေခြင်းနှင့် ညှိနှိုင်းဖျန်ဖြေရေးကော်မရှင်

**ပေါင်းစပ်ဖွဲ့စည်းမှု၊ သတ်မှတ်တာဝန်နှင့်လုပ်ပိုင်ခွင့် နှင့် လုပ်ထုံးလုပ်နည်း**

၉၅။ ကော်မရှင်သည် အုပ်ချုပ်မှုအဖွဲ့မှ ခန့်အပ်ထားသော၊ ပုံမှန်အားဖြင့် သုံးဦးအဖွဲ့ဖြင့် လုပ်ငန်းဆောင်ရွက်သည့်၊ သီးခြားလွတ်လပ်သည့်ပုဂ္ဂိုလ် (၉) ဦးဖြင့်ဖွဲ့စည်းထားသည်။ ၎င်းသည် အုပ်ချုပ်မှုအဖွဲ့မှ ၎င်းထံသို့ လွှဲပေးသော လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းကို ချိုးဖောက်မှုများအပေါ် တိုင်ကြားချက်များ၊ စွပ်စွဲခြင်းပြုခံရသည့် အစိုးရ၏ မေတ္တာရပ်ခံချက်အပါအဝင်ကို စစ်ဆေးရသည်။[၉၇] ကော်မရှင်၏ လုပ်ထုံးလုပ်နည်းသည် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ လုပ်ထုံးလုပ်နည်းနှင့်နှိုင်းယှဉ်နိုင်ပြီး၊ ၎င်း၏ အစီရင်ခံစာများကို ပုံနှိပ်ထုတ်ဝေသည်။

---

[၉၆] GB.334/INS/PV ကိုကြည့်ပါ။

[၉၇] ဤသည်တို့နှင့်ဆက်နွှယ်မှုရှိနိုင်သည် – (၁) လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို အတည်ပြုထားသည့်အဖွဲ့ဝင်များ (၂) သက်ဆိုင်ရာပြဋ္ဌာန်းချက်များကို အတည်မပြုခဲ့သည့်အဖွဲ့ဝင်များနှင့် ရည်ညွှန်းချက်ကို သဘောတူသည့်အဖွဲ့ဝင်များ (၃) ကုလသမဂ္ဂ၏ စီးပွားရေးနှင့်လူမှုရေးကောင်စီမှ ကိစ္စရပ်ကို အိုင်အယ်လ်အို (ILO) သို့ အကြောင်းကြားထားပြီး ရည်ညွှန်းချက်ကိုသဘောတူထားသော နိုင်ငံများဖြစ်သည့် အိုင်အယ်လ်အို (ILO) အဖွဲ့ဝင်မဟုတ်သော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ။

## ၁၃။ နိုင်ငံတကာအလုပ်သမားရေးရာ စံချိန်စံညွှန်းများနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာရုံးမှရရှိနိုင်သည့်အထောက်အပံ့များ

### အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ စံချိန်စံညွှန်းများနှင့် ပညာရပ်ဆိုင်ရာအထောက်အပံ့

၉၆။ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးသည် အစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများကို စံချိန်စံညွှန်းများသတ်မှတ်ခြင်းနှင့် ကြီးကြပ်သည့်စနစ်တွင် ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် အခန်းကဏ္ဍကို ဖြည့်ဆည်းရာ၌ ကူညီပံ့ပိုးရန်ရည်ရွယ်ထားသည့် အမျိုးမျိုးသောလုပ်ငန်းဆောင်ရွက်မှုများကို လက်ခံဆောင်ရွက်သည်။

### အလွတ်သဘောအကြံပေးသည့်ဝန်ဆောင်မှုများ

၉၇။ ဂျီနီဗာမြို့ရှိ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ အပြည်ပြည်ဆိုင်ရာအလုပ်သမား စံချိန်စံညွှန်းများဌာနသည် ဒေသရုံးများနှင့် ဒေသလက်အောက်ခံရုံးများနှင့် အတူတကွလုပ်ကိုင်ကြပြီး၊ အထူးသဖြင့် ထိုရုံးများတွင်ရှိသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမား စံချိန်စံညွှန်းများဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအား၊ မြေပြင်တွင်၊ သင်တန်းအမျိုးအစားများအားလုံး၊ ရှင်းပြချက်များ၊ အကြံဉာဏ်များနှင့် ဉာလက်စွဲစာအုပ်တွင် ကိုင်တွယ်ဖြေရှင်းခဲ့သော ကိစ္စရပ်များနှင့်ပတ်သက်၍ ကူညီပံ့ပိုးမှုများကိုပေးသည်။ အဆိုပါဝန်ဆောင်မှုများကို၊ အစိုးရများသို့မဟုတ် အလုပ်ရှင်များ သို့မဟုတ် အလုပ်သမားများ၏ အဖွဲ့အစည်းများမှရရှိသော တိကျသော တောင်းဆိုချက်များနှင့်ပုံမှန်အကြံပေးခြင်းဆိုင်ရာလုပ်ငန်းတာဝန်များ (missions) နှင့်ရုံးမှအစပြုခဲ့သည့်အလွတ်သဘောဆွေးနွေးမှုများမှတစ်ဆင့်၊ နှစ်ခုစလုံးကိုတုံ့ပြန်ရာတွင်၊ ကမ်းလှမ်းထားသည်။ ကိုင်တွယ်ဖြေရှင်းနိုင်သည့် ကိစ္စများတွင်၊ ဖြစ်နိုင်ခြေရှိသည့် စံချိန်စံညွှန်းအသစ်များအတွက် ညီလာခံအစီအစဉ်၏ အကြောင်းအရာများအပေါ် စစ်တမ်းမေးခွန်းလွှာများ၊ ကြီးကြပ်ရေးအဖွဲ့များ၏ မှတ်ချက်များနှင့် ၎င်းတို့လိုအပ်နိုင်သည့် အရေးယူဆောင်ရွက်ချက်များ၊ ဥပဒေအသစ်ပြဋ္ဌာန်းမှု၊ မူကြမ်းပြုစုရမည့် အစိုးရအစီရင်ခံစာများ၊ အခွင့်ရအာဏာပိုင်များထံ တင်သွင်းရန်အတွက် ပြင်ဆင်ထားသည့် စာရွက်စာတမ်းများ၊ အလုပ်သမားစံချိန်စံညွှန်းများနှင့်အိုင်အယ်လ်အို (ILO) ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် အစိုးရများနှင့် အလုပ်ရှင်များနှင့် အလုပ်သမားများ၏အဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်းမှုများအတွက် အစီအစဉ်များ၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၏အဖွဲ့အစည်းများအနေဖြင့် စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် ကြီးကြပ်သည့် လုပ်ထုံးလုပ်နည်းတွင် အပြည့်အဝပါဝင်လာနိုင်သည့် နည်းလမ်းများ ပါဝင်သည်။

### တိုက်ရိုက်ဆက်သွယ်မှုများ

၉၈။ တိုက်ရိုက်ဆက်သွယ်မှုများ လုပ်ငန်းတာဝန်များ (missions) သည် ကြီးကြပ်သည့်အဖွဲ့များ၏ လုပ်ထုံးလုပ်နည်းများကို အထောက်အကူဖြစ်ရန်အတွက် လက်ခံဆောင်ရွက်သည်။ (ကျွမ်းကျင်ပညာရှင်များကော်မတီ၊ စံချိန်စံညွှန်းများကို အသုံးချမှုဆိုင်ရာကော်မတီ (CAS)၊ လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းဆိုင်ရာ ကော်မတီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ (၂၄) အရ ဖွဲ့စည်းထားသော အထူး (ad hoc) ကော်မတီများ)

၉၉။ ၎င်းတို့တွင်၊ အတည်ပြုထားသည့်ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ရင်ဆိုင်ရသည့်အခက်အခဲများ သို့မဟုတ် ကြီးကြပ်သည့်အဖွဲ့များ၏ အကြံပြုတိုက်တွန်းချက်များကို လိုက်နာမှုနှင့်ပတ်သက်၍ အဖြေတစ်ခုကို ရှာဖွေရန် ရည်ရွယ်၍ကြီးကြပ်သည့်လုပ်ထုံးလုပ်နည်းတွင် ပါဝင်ပတ်သက်သည့် နိုင်ငံတစ်ခုသို့ အိုင်အယ်လ်အို (ILO) ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်စားလှယ်အား စေလွှတ်ခြင်းပါဝင်သည်။ ပေါ်ပေါက်လာသော ကိစ္စရပ်များသည် လက်

တွေ့ကျင့်သုံးမှုနှင့်ပတ်သက်သည့် မေးခွန်းများဖြစ်ပါက၊ တိုက်ရိုက်ဆက်သွယ်မှုများ လုပ်ငန်းတာဝန် (mission) ကို လက်တွေ့ကျင့်သုံးမှုအခြေအနေအပေါ်မူတည်၍ ဆုံးဖြတ်ခြင်းကို အထူးသဖြင့်အာရုံစိုက်၍ ဆောင်ရွက်သည်။ တိုက်ရိုက်ဆက်သွယ်မှုများကို၊ နိုင်ငံများကို အရေးယူဆောင်ရွက်မှုပြုရမည့် အမျိုးအစားအပေါ် အကြံဉာဏ်ပေးသည့်ပုံစံဖြင့် နည်းပညာဆိုင်ရာ အထောက်အကူပေးခြင်းနှင့် အမျိုးသားဥပဒေကို ပြင်ဆင်ဖြည့်စွက်သည့် မူကြမ်းများပြုစုရာတွင် ကူညီပံ့ပိုးခြင်းတို့အပြင် အိုင်အယ်အို (ILO) ၏ စံချိန်စံညွှန်းများနှင့်ပတ်သက်သည့် လုပ်ဆောင်ချက်များမှ ထွက်ပေါ်လာသည့် တာဝန်ဝတ္တရားများအား လေးစားလိုက်နာမှုဖြစ်မြောက်စေသည့် လုပ်ထုံးလုပ်နည်းများကို ပေါ်ပေါက်စေခြင်းစသည့် ကိစ္စအကြောင်းအရာ အများအပြား၌လည်း အသုံးပြုသည်။

၁၀၀။ ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်စားလှယ်သည် အိုင်အယ်လ်အို (ILO) အရာရှိတစ်ဦး သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်မှ ခန့်အပ်သည့် သီးခြားလွတ်လပ်သည့် ပုဂ္ဂိုလ်တစ်ဦး (တရားရုံးချုပ်၏ တရားသူကြီး၊ ပါမောက္ခများ၊ ကျွမ်းကျင်ပညာရှင်များ ကော်မတီ၏အဖွဲ့ဝင်တစ်ဦး စသည်ဖြင့်) ဖြစ်နိုင်ပြီး၊ သူမ သို့မဟုတ် သူ၏ လုပ်ငန်းတာဝန် (mission) တွင် အချက်အလက်များကို သေချာအောင်လေ့လာစီစစ်ခြင်းအပြင်၊ မေးခွန်းထုတ်ဖွယ်ရာဖြစ်နေသည့် ပြဿနာများကို ပြေလည်အောင်ဖြေရှင်းရန် ဖြစ်နိုင်ခြေရှိမှုများကို ချက်ချင်းစစ်ဆေးခြင်းတို့ ပါဝင်သည်။

၁၀၁။ ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်စားလှယ်နှင့် လုပ်ငန်းအဖွဲ့ (mission) ဖွဲ့စည်းပုံသည် ဓမ္မဓိဋ္ဌာန်ကျမှုနှင့် သမာသမတ်ကျမှုတို့၏ လိုအပ်သောအာမခံချက်အားလုံးကို ပေးရမည်ဖြစ်ပြီး၊ လုပ်ငန်းတာဝန် (mission) ပြီးဆုံးပြီးနောက်ပိုင်းတွင်၊ အစီရင်ခံစာတစ်စောင်ကို သက်ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်ဖြစ်သည်။

၁၀၂။ တိုက်ရိုက်ဆက်သွယ်မှုများကို သက်ဆိုင်ရာအစိုးရ၏ ဖိတ်ခေါ်ချက်၊ သို့မဟုတ် အနည်းဆုံး ၎င်း၏ သဘောတူညီမှုဖြင့်သာ စတင်နိုင်သည်။ အစိုးရသည် ၎င်းတို့ကို တိုက်ရိုက်တောင်းဆိုနိုင်ခြင်း၊ သို့မဟုတ် ၎င်းတို့ကို ကြီးကြပ်သည့်ကော်မတီက အဆိုပြုခြင်းဖြစ်နိုင်သည်။ ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်စားလှယ်သည်၊ သက်ဆိုင်သည့်အဖွဲ့များကို လွတ်လပ်စွာတွေ့ဆုံမေးမြန်းမှုကို ပြုလုပ်နိုင်သည်ဖြစ်ရာ၊ အမှုကိစ္စ၏ ရှုထောင့်အားလုံး သို့မဟုတ် မေးခွန်းထုတ်ဖွယ်ရာ အခြေအနေအားလုံး၏ သတင်းကို ပြည့်ဝစွာနှင့် ဓမ္မဓိဋ္ဌာန်ကျစွာ ရရှိနိုင်မည်ဖြစ်သည်။ လုပ်ငန်းတာဝန်အဖွဲ့ (mission) ၏ အခြားတစ်ဖက်မှ အဓိကအဆင့်တူပုဂ္ဂိုလ်သည် သာမန်အားဖြင့် အလုပ်သမားဝန်ကြီးဌာနနှင့် အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အဖွဲ့အစည်းများ၊ ပုံမှန်တစ်ခုအနေဖြင့်ဖြစ်သော်လည်း၊ ပေါ်ပေါက်လာသည့်ပြဿနာများ၏သဘောသဘာဝအပေါ်တွင်မူတည်၍လုပ်ငန်းတာဝန်အဖွဲ့ (mission) သည်၊ ဥပဒေပြုမှုအာဏာပိုင်များ၊ တရားရေးအာဏာပိုင်များ သို့မဟုတ် နိုင်ငံ၏ ခေါင်းဆောင်ကိုပင်လျှင် တွေ့ဆုံမေးမြန်းမှုပြုလုပ်နိုင်သည်။ နိုင်ငံဆိုင်ရာ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများသည်လည်း လုပ်ငန်းတာဝန်အဖွဲ့ (mission) နှင့် တွေ့ဆုံမေးမြန်းမှုများအားဖြင့်လည်းကောင်း၊ သုံးပွင့်ဆိုင်အစည်းအဝေးများအားဖြင့်လည်းကောင်း ယင်းလုပ်ငန်းစဉ်၌ ဆက်နွယ်နေသည်။

၁၀၃။ တိုက်ရိုက်ဆက်သွယ်မှုများသည်၊ အပြန်အလှန်စကားပြောဆိုမှု၊ ဆွေးနွေးညှိနှိုင်းမှုနှင့် အချက်အလက်များဖြစ်ပေါ်လာမှုတို့အတွက် ထိရောက်သောနည်းလမ်းတစ်ခုဖြစ်သည်။ ရည်ရွယ်ချက်မှာ ယုံကြည်စိတ်ချရသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးခြင်းဖြင့် ပြဿနာများအတွက် လျှင်မြန်၍အပြုသဘောဆောင်သည့် ဖြေရှင်းနည်းတစ်ခုကို ရှာဖွေတွေ့ရှိနိုင်ရန်ဖြစ်သည်။

# နောက်ဆက်တွဲများ

## နောက်ဆက်တွဲ ၁။ နမူနာစာချုပ်စာတမ်းများ (အတည်ပြုခြင်း)

ဃ၊ ၃၃ (က)၊ ၁၉၉၅

**နမူနာစာချုပ်စာတမ်းပုံစံ[၁]**
**အိုင်အယ်လ်အို၏ ပြဋ္ဌာန်းချက်ကို အတည်ပြုခြင်းအတွက်**

စင်စစ်အားဖြင့်..............................................................**(ပြဋ္ဌာန်းချက်ခေါင်းစဉ်)** ...................................................................................... ကို **(ရက်စွဲ)** ............................. **(နေရာ)** ...................................................................................... တွင် ကျင်းပသည့် ၎င်း၏ .............................................အကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ၌ သဘောတူ ပြဋ္ဌာန်းခဲ့ပါသည်။

................................................................. နိုင်ငံတော်အစိုးရသည်၊ ဆိုခဲ့ပြီးသော ပြဋ္ဌာန်းချက်ကို ဆင်ခြင်သုံးသပ်ပြီးဖြစ်ပါ၍၊ ဤအကြောင်းကြောင့်၊ ၎င်းကို အတည်ပြုပြီး လက်မှတ်ရေးထိုးကာ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေအပိုဒ်ခွဲ ၁၉၊ အပုဒ် ၅ (ဃ) နှင့်အညီ၊ ပါဝင်သည့် စည်းကမ်းသတ်မှတ်ချက်များအားလုံး ကို တိကျစွာ လိုက်နာဆောင်ရွက်ပါမည်။

**လက်မှတ်** -------------------------------

**နိုင်ငံတော်သမ္မတ**

-------------------------------

**နိုင်ငံခြားရေးဝန်ကြီး**

---

[၁] ဤနမူနာပုံစံသည် အထူးထည့်သွင်းစဉ်းစားရမည့်အချက်ပေါ်မူတည်၍ အလိုက်သင့်ပြုပြင်ပြောင်းလဲနိုင်သည် -

(က) အတည်ပြုရာ၌ တိကျသောဖော်ညွှန်းချက်များ ထည့်သွင်းရန်လိုအပ်နေသော သက်ဆိုင်သည့် ပြဋ္ဌာန်းချက်၏ မည်သည့် သတ်မှတ်ချက်မဆို၊

(ခ) အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများကို အတည်ပြုခြင်းနှင့် သက်ဆိုင်သောနိုင်ငံဆိုင်ရာ သတ်မှတ်ချက်များ နှင့် ကျင့်သုံးမှု၊

H:\APPLIS\DQCS\Chancellerie\Model INSTRUMENT ratification – Anglais.doc

## နောက်ဆက်တွဲ ၂။

## အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏အပိုဒ်ခွဲ ၂၂ အရ ပုံမှန်အစီရင်ခံစာလည်ပတ်မှု

| ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|
| **အခြေခံနှင့်အုပ်ချုပ်မှုဆိုင်ရာပြဋ္ဌာန်းချက်များ (သုံးနှစ်ကြာအစီရင်ခံစာလည်ပတ်မှု)** | | | | | | |
| C.၈၇, C.၉၈ (နိုင်ငံများ A–F) | C.၈၇, C.၉၈ (နိုင်ငံများ G–N) | C.၈၇, C.၉၈ (နိုင်ငံများ O–Z) | C.၈၇, C.၉၈ (နိုင်ငံများ A–F) | C.၈၇, C.၉၈ (နိုင်ငံများ G–N) | C.၈၇, C.၉၈ (နိုင်ငံများ O–Z) | C.၈၇, C.၉၈ (နိုင်ငံများ A–F) |
| C.၁၀၀, C.၁၁၁ (နိုင်ငံများ G–N) | C.၁၀၀, C.၁၁၁ (နိုင်ငံများ O–Z) | C.၁၀၀, C.၁၁၁ (နိုင်ငံများ A–F) | C.၁၀၀, C.၁၁၁ (နိုင်ငံများ G–N) | C.၁၀၀, C.၁၁၁ (နိုင်ငံများ O–Z) | C.၁၀၀, C.၁၁၁ (နိုင်ငံများ A–F) | C.၁၀၀, C.၁၁၁ (နိုင်ငံများ G–N) |
| C.၂၉, C.၁၀၅, C.၁၃၈, C.၁၈၂ (နိုင်ငံများ O–Z ) | C.၂၉, C.၁၀၅, C.၁၃၈, C.၁၈၂ (နိုင်ငံများ A–F) | C.၂၉, C.၁၀၅, C.၁၃၈, C.၁၈၂ (နိုင်ငံများ G–N) | C.၂၉, C.၁၀၅, C.၁၃၈, C.၁၈၂ (နိုင်ငံများ O–Z ) | C.၂၉, C.၁၀၅, C.၁၃၈, C.၁၈၂ (နိုင်ငံများ A–F) | C.၂၉, C.၁၀၅, C.၁၃၈, C.၁၈၂ (နိုင်ငံများ G–N) | C.၂၉, C.၁၀၅, C.၁၃၈, C.၁၈၂ (နိုင်ငံများ O–Z ) |
| C.၁၄၄ (နိုင်ငံများ A–F) | C.၁၄၄ (နိုင်ငံများ G–N) | C.၁၄၄ (နိုင်ငံများ O–Z) | C.၁၄၄ (နိုင်ငံများ A–F) | C.၁၄၄ (နိုင်ငံများ G–N) | C.၁၄၄ (နိုင်ငံများ O–Z) | C.၁၄၄ (နိုင်ငံများ A–F) |
| C.၈၁, C.၁၂၉ (နိုင်ငံများ O–Z) | C.၈၁, C.၁၂၉ (နိုင်ငံများ G–N) | C.၈၁, C.၁၂၉ (နိုင်ငံများ A–F) | C.၈၁, C.၁၂၉ (နိုင်ငံများ O–Z) | C.၈၁, C.၁၂၉ (နိုင်ငံများ G–N) | C.၈၁, C.၁၂၉ (နိုင်ငံများ A–F) | C.၈၁, C.၁၂၉ (နိုင်ငံများ O–Z) |
| C.၁၂၂ (နိုင်ငံများ G–N) | C.၁၂၂ (နိုင်ငံများ A–F) | C.၁၂၂ (နိုင်ငံများ O–Z) | C.၁၂၂ (နိုင်ငံများ G–N) | C.၁၂၂ (နိုင်ငံများ A–F) | C.၁၂၂ (နိုင်ငံများ O–Z) | C.၁၂၂ (နိုင်ငံများ G–N) |
| **နည်းပညာဆိုင်ရာပြဋ္ဌာန်းချက်များ (ခြောက်နှစ်ကြာအစီရင်ခံစာလည်ပတ်မှု)** | | | | | | |
| လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း နှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း (A–B) | လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း နှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း (G–K) | လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း နှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း (O–S) | လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း နှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း (C–F) | လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း နှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း (L–N) | လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း နှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း (T–Z) | လွပ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်း နှင့် စုပေါင်းညှိနှိုင်းဆွေးနွေးခြင်း (A–B) |
| အလုပ်သမားဆိုင်ရာ ဆက်ဆံရေးများ (A–B) | အလုပ်သမားဆိုင်ရာ ဆက်ဆံရေးများ (G–K) | အလုပ်သမားဆိုင်ရာ ဆက်ဆံရေးများ (O–S) | အလုပ်သမားဆိုင်ရာ ဆက်ဆံရေးများ (C–F) | အလုပ်သမားဆိုင်ရာ ဆက်ဆံရေးများ (L–N) | အလုပ်သမားဆိုင်ရာ ဆက်ဆံရေးများ (T–Z) | အလုပ်သမားဆိုင်ရာ ဆက်ဆံရေးများ (A–B) |
| ကလေးများအား အကာအကွယ်ပေးခြင်း (O–S) | ကလေးများအား အကာအကွယ်ပေးခြင်း (A–B) | ကလေးများအား အကာအကွယ်ပေးခြင်း (G–K) | ကလေးများအား အကာအကွယ်ပေးခြင်း (T–Z) | ကလေးများအား အကာအကွယ်ပေးခြင်း (C–F) | ကလေးများအား အကာအကွယ်ပေးခြင်း (L–N) | ကလေးများအား အကာအကွယ်ပေးခြင်း (O–S) |
| မိသားစုဝတ္တရားများရှိသည့် အလုပ်သမားများ (G–K) | မိသားစုဝတ္တရားများရှိသည့် အလုပ်သမားများ (O–S) | မိသားစုဝတ္တရားများရှိသည့် အလုပ်သမားများ (A–B) | မိသားစုဝတ္တရားများရှိသည့် အလုပ်သမားများ (L–N) | မိသားစုဝတ္တရားများရှိသည့် အလုပ်သမားများ (T–Z) | မိသားစုဝတ္တရားများရှိသည့် အလုပ်သမားများ (C–F) | မိသားစုဝတ္တရားများရှိသည့် အလုပ်သမားများ (G–K) |
| ရွှေ့ပြောင်းအလုပ်သမားများ (G–K) | ရွှေ့ပြောင်းအလုပ်သမားများ (O–S) | ရွှေ့ပြောင်းအလုပ်သမားများ (A–B) | ရွှေ့ပြောင်းအလုပ်သမားများ (L–N) | ရွှေ့ပြောင်းအလုပ်သမားများ (T–Z) | ရွှေ့ပြောင်းအလုပ်သမားများ (C–F) | ရွှေ့ပြောင်းအလုပ်သမားများ (G–K) |
| တိုင်းရင်းသားနှင့် လူမျိုးစုများ (G–K) | တိုင်းရင်းသားနှင့် လူမျိုးစုများ (O–S) | တိုင်းရင်းသားနှင့် လူမျိုးစုများ (A–B) | တိုင်းရင်းသားနှင့် လူမျိုးစုများ (L–N) | တိုင်းရင်းသားနှင့် လူမျိုးစုများ (T–Z) | တိုင်းရင်းသားနှင့် လူမျိုးစုများ (C–F) | တိုင်းရင်းသားနှင့် လူမျိုးစုများ (G–K) |
| အခြားသီးခြားသတ်မှတ်သည့် အလုပ်သမားများ အမျိုးအစားများ (G–K) | အခြားသီးခြားသတ်မှတ်သည့် အလုပ်သမားများ အမျိုးအစားများ (O–S) | အခြားသီးခြားသတ်မှတ်သည့် အလုပ်သမားများ အမျိုးအစားများ (A–B) | အခြားသီးခြားသတ်မှတ်သည့် အလုပ်သမားများ အမျိုးအစားများ (L–N) | အခြားသီးခြားသတ်မှတ်သည့် အလုပ်သမားများ အမျိုးအစားများ (T–Z) | အခြားသီးခြားသတ်မှတ်သည့် အလုပ်သမားများ အမျိုးအစားများ (C–F) | အခြားသီးခြားသတ်မှတ်သည့် အလုပ်သမားများ အမျိုးအစားများ (G–K) |
| အလုပ်ချိန်များ (T–Z) | အလုပ်ချိန်များ (L–N) | အလုပ်ချိန်များ (C–F) | အလုပ်ချိန်များ (O–S) | အလုပ်ချိန်များ (G–K) | အလုပ်ချိန်များ (A–B) | အလုပ်ချိန်များ (T–Z) |

| ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|
| လုပ်ခလစာများ (T–Z) | လုပ်ခလစာများ (L–N) | လုပ်ခလစာများ (C–F) | လုပ်ခလစာများ (O–S) | လုပ်ခလစာများ (G–K) | လုပ်ခလစာများ (A–B) | လုပ်ခလစာများ (T–Z) |
| OSH (T–Z) | OSH (L–N) | OSH (C–F) | OSH (O–S) | OSH (G–K) | OSH (A–B) | OSH (T–Z) |
| မီးဖွားမှုဆိုင်ရာအကာအကွယ်ပေးခြင်း (T–Z) | မီးဖွားမှုဆိုင်ရာအကာအကွယ်ပေးခြင်း (L–N) | မီးဖွားမှုဆိုင်ရာအကာအကွယ်ပေးခြင်း (C–F) | မီးဖွားမှုဆိုင်ရာအကာအကွယ်ပေးခြင်း (O–S) | မီးဖွားမှုဆိုင်ရာအကာအကွယ်ပေးခြင်း (G–K) | မီးဖွားမှုဆိုင်ရာအကာအကွယ်ပေးခြင်း (A–B) | မီးဖွားမှုဆိုင်ရာအကာအကွယ်ပေးခြင်း (T–Z) |
| လူမှုဖူလုံရေး (T–Z) | လူမှုဖူလုံရေး (L–N) | လူမှုဖူလုံရေး (C–F) | လူမှုဖူလုံရေး (O–S) | လူမှုဖူလုံရေး (G–K) | လူမှုဖူလုံရေး (A–B) | လူမှုဖူလုံရေး (T–Z) |
| အလုပ်သမားစီမံခန့်ခွဲခြင်းနှင့်စစ်ဆေးခြင်း (T–Z) | အလုပ်သမားစီမံခန့်ခွဲခြင်းနှင့်စစ်ဆေးခြင်း (L–N) | အလုပ်သမားစီမံခန့်ခွဲခြင်းနှင့်စစ်ဆေးခြင်း (C–F) | အလုပ်သမားစီမံခန့်ခွဲခြင်းနှင့်စစ်ဆေးခြင်း (O–S) | အလုပ်သမားစီမံခန့်ခွဲခြင်းနှင့်စစ်ဆေးခြင်း (G–K) | အလုပ်သမားစီမံခန့်ခွဲခြင်းနှင့်စစ်ဆေးခြင်း (A–B) | အလုပ်သမားစီမံခန့်ခွဲခြင်းနှင့်စစ်ဆေးခြင်း (T–Z) |
| ကျွမ်းကျင်မှုများ (L–N) | ကျွမ်းကျင်မှုများ (C–F) | ကျွမ်းကျင်မှုများ (T–Z) | ကျွမ်းကျင်မှုများ (G–K) | ကျွမ်းကျင်မှုများ (A–B) | ကျွမ်းကျင်မှုများ (O–S) | ကျွမ်းကျင်မှုများ (L–N) |
| အလုပ်အကိုင်မူဝါဒ (L–N) | အလုပ်အကိုင်မူဝါဒ (C–F) | အလုပ်အကိုင်မူဝါဒ (T–Z) | အလုပ်အကိုင်မူဝါဒ (G–K) | အလုပ်အကိုင်မူဝါဒ (A–B) | အလုပ်အကိုင်မူဝါဒ (O–S) | အလုပ်အကိုင်မူဝါဒ (L–N) |
| အလုပ်အကိုင်အာမခံချက်ရှိမှု (L–N) | အလုပ်အကိုင်အာမခံချက်ရှိမှု (C–F) | အလုပ်အကိုင်အာမခံချက်ရှိမှု (T–Z) | အလုပ်အကိုင်အာမခံချက်ရှိမှု (G–K) | အလုပ်အကိုင်အာမခံချက်ရှိမှု (A–B) | အလုပ်အကိုင်အာမခံချက်ရှိမှု (O–S) | အလုပ်အကိုင်အာမခံချက်ရှိမှု (L–N) |
| လူမှုရေးမူဝါဒ(L–N) | လူမှုရေးမူဝါဒ(C–F) | လူမှုရေးမူဝါဒ(T–Z) | လူမှုရေးမူဝါဒ(G–K) | လူမှုရေးမူဝါဒ(A–B) | လူမှုရေးမူဝါဒ(O–S) | လူမှုရေးမူဝါဒ(L–N) |
| သင်္ဘောသားများ၊ တံငါသည်များ၊ ကုန်တင်ကုန်ချ အလုပ်သမားများ (C–F) | သင်္ဘောသားများ၊ တံငါသည်များ၊ ကုန်တင်ကုန်ချ အလုပ်သမားများ (T–Z) | သင်္ဘောသားများ၊ တံငါသည်များ၊ ကုန်တင်ကုန်ချ အလုပ်သမားများ (L–N) | သင်္ဘောသားများ၊ တံငါသည်များ၊ ကုန်တင်ကုန်ချ အလုပ်သမားများ (A–B) | သင်္ဘောသားများ၊ တံငါသည်များ၊ ကုန်တင်ကုန်ချ အလုပ်သမားများ (O–S) | သင်္ဘောသားများ၊ တံငါသည်များ၊ ကုန်တင်ကုန်ချ အလုပ်သမားများ (G–K) | သင်္ဘောသားများ၊ တံငါသည်များ၊ ကုန်တင်ကုန်ချ အလုပ်သမားများ (C–F) |
| **တောင်းခံသည့်အစီရင်ခံစာစုစုပေါင်း** | | | | | | |
| ၁၂၇၀ | ၁၃၈၄ | ၁၄၃၄ | ၁၄၄၅ | ၁၃၅၆ | ၁၃၆၈ | ၁၂၇၀ |

## နောက်ဆက်တွဲ ၃။

## အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံစည်းဥပဒေ၏ အပိုဒ်ခွဲ ၂၂ အရ ပေးပို့ရမည့် ရိုးရှင်းလွယ်ကူအောင် ပြုစုထားသည့် အစီရင်ခံစာများ

**(နိုင်ငံအမည်) အတွက် အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံဥပဒေ၏**

**အပိုဒ်ခွဲ ၂၂ အရ ပေးပို့ရမည့် ရိုးရှင်းလွယ်ကူအောင်ပြုစုထားသည့်အစီရင်ခံစာ**

လက်ရှိအစီရင်ခံစာပုံစံကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ အုပ်ချုပ်ရေးအဖွဲ့က အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံဥပဒေအပိုဒ်ခွဲ (၂၂) နှင့်အညီ အတည်ပြုထားခဲ့၍၊ အောက်ပါအတိုင်း နားလည်သဘောပေါက်ရန်ဖြစ်သည်။ "အဖွဲ့ဝင်နိုင်ငံတိုင်းသည် ၎င်းပါဝင်သော ပြဋ္ဌာန်းချက်များ၏သတ်မှတ်ချက်များအပေါ် အကျိုးသက်ရောက်မှုရှိစေရန် ၎င်းအနေဖြင့် အရေးယူဆောင်ရွက်ခဲ့မှုများကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံးအတွက် နှစ်ချုပ်အစီရင်ခံစာတစ်စောင်ပြုစုပေးရန် သဘောတူညီသည်။ ယင်းအစီရင်ခံစာများကို အုပ်ချုပ်ရေးအဖွဲ့မှ တောင်းဆိုလာနိုင်သည့်ပုံစံအတိုင်း ပြုစုရမည်ဖြစ်ပြီး ၎င်းတို့လိုအပ်သည့် အချက်အလက်များ ပါဝင်စေရမည်။"

နှစ်စဉ်နှစ်တိုင်း၊ ဤအစီရင်ခံစာပုံစံအပေါ် အခြေခံ၍၊ ရုံးသည် ထိုနှစ်တွင်ပေးရမည့် ရိုးရှင်းလွယ်ကူအောင်ပြုစုထားသည့် အစီရင်ခံစာများအားလုံးအတွက် တောင်းဆိုချက်တစ်ခုကို အဖွဲ့ဝင်နိုင်ငံတိုင်းသို့ ပေးပို့သည်။ ထို့အပြင်၊ ရုံးသည် အဆိုပါနှစ်တွင် ပေးရမည့် အသေးစိတ်ပြုစုထားသည့် အစီရင်ခံစာများ၏ စာရင်းကိုလည်း အဖွဲ့ဝင်နိုင်ငံအသီးသီးသို့ ပေးပို့သည်။

(က) ကျေးဇူးပြု၍အတည်ပြုခဲ့သည့် ပြဋ္ဌာန်းချက်များ၏အသုံးချမှုအပေါ် သက်ရောက်မှုရှိစေသည့် မည်သည့်ဥပဒေအသစ်ပြုမှု သို့မဟုတ် အခြားကိုင်တွယ်ဖြေရှင်းမှုများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုပေးပါ။ ၎င်းကိုဆောင်ရွက်မှုမပြုလုပ်ရသေးသည့်အခါ၊ အရေးပါသောမည်သည့်စာသားများ၏ မိတ္တူများကိုမဆို ဤအစီရင်ခံစာနှင့်အတူ အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံးသို့ ဆက်လက်ပေးပို့ပါ။

(ခ) ကျေးဇူးပြု၍ ပြဋ္ဌာန်းချက်များနှင့် အကြံပြုတိုက်တွန်းချက်များအပေါ် အသုံးချမှုဆိုင်ရာကျွမ်းကျင် ပညာရှင်များကော်မတီ (CEACR) သို့မဟုတ် စံချိန်စံညွှန်းများအပေါ် အသုံးချမှုဆိုင်ရာညီလာခံကော်မတီ (CAS) တို့မှ သင်၏ အစိုးရထံသို့ ပေးပို့ထားသည့်မှတ်ချက်များကို၊ ဤပုံစံ၏ နောက်ဆက်တွဲတွင် ပါရှိသည့်အတိုင်း[၁]၊ ပြန်ကြားပေးပါ။

(ဂ) မေးခွန်း (ခ) ကို ဖြေကြားခြင်းအား ယခုထိမပေးပို့ရသေးပါက၊ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအပေါ် လက်တွေ့အသုံးချမှုဆိုင်ရာသတင်းအချက်များ (ဥပမာ၊ စစ်ဆေးသည့် အစီရင်ခံစာများ၊ လေ့လာမှုများနှင့် စုံစမ်းမေးမြန်းမှုများ၊ စာရင်းအင်းများအပါအဝင် တရားဝင်စာရွက်စာတမ်းများ၏ မိတ္တူများ သို့မဟုတ် ကောက်နုတ်ချက်များ) ကို ကျေးဇူးပြု၍ပေးပို့ပါရန်၊ ဥပဒေဆိုင်ရာတရားရုံးများ သို့မဟုတ် အခြားခုံရုံးများမှ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များအပေါ် အသုံးချမှုနှင့်ပတ်သက်သည့် မူဝါဒများနှင့် ပါဝင်ပတ်သက်သည့် မေးခွန်းများနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်များချခဲ့မှု ရှိ/မရှိကိုလည်း ကျေးဇူးပြု၍ ဖော်ပြပါ။ အကယ်၍ရှိခဲ့ပါက၊ ဤဆုံးဖြတ်ချက်များ၏စာသားကို ကျေးဇူးပြု၍ပေးပို့ပါ။

---

[၁] နောက်ဆက်တွဲသည် ပုံမှန်အစီရင်ခံစာလည်ပတ်မှုနှင့် ကြီးကြပ်သည့်ကော်မတီက သင်၏နိုင်ငံအား မေးခွန်းထုတ်ထားသည့်နှစ်အတွက် ပေးပို့ထားသည့် အစီရင်ခံစာများအတွက် မည်သည့်အပိုဆောင်းတောင်းဆိုချက်များအပေါ်တွင်မဆို အခြေခံ၍ပြုလုပ်ထားသည်။ ၎င်းတွင် သင်၏နိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ်က ရိုးရှင်းလွယ်ကူအောင်ပြုစုထားသည့် အစီရင်ခံစာများကို တင်သွင်းရန် ပျက်ကွက်ခဲ့သည့်ကိစ္စရပ်များလည်း ပါဝင်သည်။ ၎င်းတွင် ရေကြောင်းအလုပ်သမားဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၀၆ ခုနှစ် (MLC ၂၀၀၆)၊ ပြင်ဆင်မွမ်းမံခဲ့သည့်အရ၊ ပေးပို့ရန်အချိန်ကျရောက်သည့် ရိုးရှင်းလွယ်ကူအောင် ပြုစုထားသည့် မည်သည့်အစီရင်ခံစာနှင့်မျှ အကျုံးမဝင်ပါ၊ ယင်းအတွက် သီးသန့်ပုံစံတစ်ခုကို သင်၏နိုင်ငံသို့၊ ဆီလျော်ပါက၊ ပို့ပေးပါမည်။

(ဃ) ကျေးဇူးပြု၍ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ (၂၃)၊ အပုဒ် (၂) နှင့်အညီ[၂] လက်ရှိအစီရင်ခံစာ၏ မိတ္တူများကိုပေးပို့ထားသည့် ကိုယ်စားပြုသည့်အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများကို ဖော်ပြပါ။ အကယ်၍၊ အစီရင်ခံစာများ၏ မိတ္တူများကို ကိုယ်စားပြုသည့် အလုပ်ရှင်များ နှင့်/သို့မဟုတ် အလုပ်သမားများ၏ အဖွဲ့အစည်းများထံသို့ ဆက်သွယ်ထားခြင်းမပြုခဲ့ပါက၊ သို့မဟုတ် အကယ်၍၎င်းတို့သည် ယင်းကဲ့သို့အဖွဲ့အစည်းများမဟုတ်ဘဲ အခြားအဖွဲ့များသို့ ဆက်သွယ်ထားပါက၊ သင့်နိုင်ငံတွင် ဖြစ်နေသည့် မည်သည့်ထူးခြားဖြစ်စဉ်များအပေါ်မဆို၊ လိုက်နာဆောင်ရွက်ခဲ့သည့် လုပ်ထုံးလုပ်နည်းကို ရှင်းပြသည့် သတင်းအချက်အလက်များကို ကျေးဇူးပြု၍ ပေးပို့ပါ။

(င) ကျေးဇူးပြု၍၊ သင့်အနေဖြင့်၊ သက်ဆိုင်ရာပြဋ္ဌာန်းချက်များ၏ သတ်မှတ်ချက်များကို လက်တွေ့အသုံးချမှုနှင့် ပတ်သက်၍၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ အဖွဲ့အစည်းများမှ မည်သည့်လေ့လာတွေ့ရှိချက်များ၊ အထွေထွေအမျိုးအစားဖြစ်စေ သို့မဟုတ် လက်ရှိ သို့မဟုတ် ယခင်အစီရင်ခံစာနှင့် စပ်လျဉ်း၍ဖြစ်စေမဆို၊ ကို လက်ခံရရှိခဲ့ခြင်း ရှိ/မရှိကို ဖော်ပြပါ။ အကယ်၍ရှိခဲ့ပါက၊ ကျေးဇူးပြု၍ လက်ခံရရှိခဲ့သော လေ့လာတွေ့ရှိချက်များ၏ မိတ္တူတစ်စုံနှင့်တကွ၊ သင့်အနေဖြင့် အသုံးဝင်သည်ဟု ထင်မြင်သည့် မှတ်ချက်များကို ပေးပို့ပါ။

[၂] ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အပိုဒ်ခွဲ (၂၃)၊ အပုဒ် ၂ သည် အောက်ပါအတိုင်းသဘောပေါက်နားလည်ရန်ဖြစ်သည်။ "အပိုဒ်ခွဲ (၁၉) နှင့် (၂၂) ကို လိုက်နာဆောင်ရွက်ရာ၌ အဖွဲ့ဝင်တိုင်းသည်၊ ညွှန်ကြားရေးမှူးချုပ်ထံ ဆက်သွယ်ထားသော အပိုဒ်ခွဲ (၃) အစီရင်ခံစာများနှင့် သတင်းအချက်အလက်များ၏ မိတ္တူများကို ကိုယ်စားလှယ် အဖွဲ့အစည်းများထံသို့ အသိအမှတ်ပြုရန် ရည်ရွယ်ချက်အတွက် ပေးပို့ရမည်"

## နောက်ဆက်တွဲ ၄။

# အပြည်ပြည်ဆိုင်ရာအလုပ်သမားဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၏ အပိုဒ်ခွဲ ၂၄ အရ တင်ပြတောင်းဆိုချက်ကို အဆိုတင်သွင်းရန် နမူနာအီလက်ထရွန်နစ်ပုံစံ

အပိုဒ်ခွဲ (၂၄) လုပ်ထုံးလုပ်နည်းနှင့် ၎င်း၏သက်ရောက်မှုများအပြင်၊ အခြားရရှိနိုင်သည့် အိုင်အယ်လ်အို (ILO) ကြီးကြပ်သည့် ယန္တရားစနစ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် နောက်ထပ်ညွှန်ကြား ချက်များကို၊ NORMES ၏ ဝက်ဘ်စာမျက်နှာတွင် တွေ့နိုင်ပါသည်။ နောက်ထပ်ထောက်ပံ့မှုအတွက် သင့်အနေ ဖြင့်၊ အလုပ်ရှင်များ၏ အဖွဲ့အစည်းများအတွက် – ACT/EMP (ACTEMP@ilo.org) နှင့် အလုပ်သမားများ အဖွဲ့ အစည်းများအတွက် – ACTRAV (ACTRAV@ilo.org) သို့ ဆက်သွယ်နိုင်ပါသည်။

| |
|---|
| (ကျေးဇူးပြု၍၊ အခြားလုပ်ထုံးလုပ်နည်းများကို ဆန့်ကျင်သည့်အနေဖြင့်၊ အပိုဒ်ခွဲ (၂၄) တင်ပြတောင်းဆိုချက် လုပ်ထုံးလုပ်နည်းတစ်ခုမှတစ်ဆင့် သင်၏ စွပ်စွဲချက်များကို အဘယ်ကြောင့်တင်သွင်းနေကြောင်း အချက်အလက် များကို ပေးပါ။) |

## လက်ခံရရှိနိုင်ခြင်း

၁။ ကျေးဇူးပြု၍ တင်ပြတောင်းဆိုချက်ပြုလုပ်သည့် လုပ်ငန်းရှင်များ သို့မဟုတ် အလုပ်သမားများ၏ လုပ်ငန်း အဖွဲ့အစည်း၏အမည်ကို ညွှန်ပြပါ။

| |
|---|
| (ကျေးဇူးပြု၍ သက်ဆိုင်သည့်အဖွဲ့အစည်းနှင့်ပတ်သက်သော အချက်အလက်များ၊ လွတ်တော်မှအတည်ပြုသည့် ဥပဒေများ၊ ဆက်သွယ်ရမည့် အသေးစိတ်အချက်အလက်များစသည်ဖြင့် အဖွဲ့အစည်းနှင့် ပတ်သက်သည့်အချက် အလက်များကိုပေးပါ။ |

၂။ ကျေးဇူးပြု၍ တင်ပြတောင်းဆိုချက်ကိုပြုလုပ်သည့် အခြားတစ်ဖက်မှ အဖွဲ့အစည်း၏ အဖွဲ့ဝင်ကို ညွှန်ပြပါ။

| |
|---|
| |

၃။ ကျေးဇူးပြု၍ လိုက်နာဆောင်ရွက်မှုမရှိသော အတည်ပြုထားသည့်ပြဋ္ဌာန်းချက်(များ) ကို ညွှန်ပြပါ။

| |
|---|
| (ကျေးဇူးပြု၍ အတည်ပြုလက်မှတ်ရေးထိုးသော ရက်စွဲ (များ) ကို ဖော်ပြပါ။) |

၄။ ကျေးဇူးပြု၍၊ တင်ပြတောင်းဆိုမှုများကို ဆန့်ကျင်သည့်အဖွဲ့ဝင်က အထက်ဖော်ပြထားသည့် ပြဋ္ဌာန်းချက် (များ) ၏ စီရင်ပိုင်ခွင့်အတွင်းထိရောက်သည့် လိုက်နာဆောင်ရွက်မှုကို မည်သည့်အချက်နှင့် စပ်လျဉ်း၍ ပျက်ကွက်ခဲ့ကြောင်း စွပ်စွဲထားသည်ကို၊ အိုင်အယ်လ်အို (ILO) ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်ခွဲ (၂၄) ကို တိကျစွာရည်ညွှန်း၍၊ အိုင်အယ်လ်အို (ILO) ညွှန်ကြားရေးမှူးချုပ်ထံ အောက်ပါ (ချဲ့၍ရသော) နေရာကိုအသုံးပြု၍၊ အကြောင်းကြားပါ။ သင်၏စွပ်စွဲချက်ကို အထောက်အကူပေးသည့် သက်ဆိုင်သည့် မည်သည့်သတင်းအချက်အလက်များကို မဆိုပေးပါ။

## အခြားသတင်းအချက်များ

၅။ ကိစ္စရပ်သည် နိုင်ငံဆိုင်ရာအခွင့်ရအာဏာပိုင်များ (နိုင်ငံဆိုင်ရာတရားရုံးများ၊ လူမှုစကားပြောဆိုမှု ယန္တရားများ သို့မဟုတ် နိုင်ငံတွင်တည်ရှိနိုင်သည့် အိုင်အယ်လ်အို (ILO) ၏ ရှေ့မှောက်တွင် အငြင်းပွားမှုများကို ဖြေရှင်းသည့် ယန္တရားများအပါအဝင်) မှ စစ်ဆေးထားပြီးကြောင်း၊ သို့မဟုတ် ထံသို့ တင်သွင်းထားပြီးဖြစ်ကြောင်းကို ညွှန်ပြ၍၊ ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများ၏ အခြေအနေနှင့် အကျိုးရလဒ်၏ မည်သည့်သတင်းအချက်အလက်များကိုမဆို ကျေးဇူးပြု၍ ဖော်ပြပါ။ နိုင်ငံဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကုန်ခမ်းသွားခြင်းသည် တင်ပြတောင်းဆိုမှုတစ်ခုကို တင်သွင်းခြင်းပြုရမည့် လိုအပ်ချက်တစ်ခုမဟုတ်ပါ။ သို့ရာတွင်၊ အချို့သောကိစ္စရပ်များတွင်၊ တင်ပြတောင်းဆိုမှုများကို စစ်ဆေးသည့် လုပ်ထုံးလုပ်နည်းသည် နိုင်ငံအဆင့်၌ ညှိနှိုင်းဖျန်ဖြေရေး သို့မဟုတ် အခြားအရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရန်အခွင့်အလမ်းကို ဖြစ်လာစေနိုင်သည် – အောက်ပါမေးခွန်းကိုကြည့်ပါ။

၆။ အကယ်၍၊ (၁) သင်၏ အဖွဲ့အစည်းအနေဖြင့် စွပ်စွဲချက်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အလို့ငှာ၊ အထူးကိစ္စအတွက် ဖွဲ့စည်းထားသောသုံးပွင့်ဆိုင်ကော်မတီ (ad hoc tripartite committee) ၏ တင်ပြတောင်းဆိုချက်၏ ကောင်းကျိုးများအားစစ်ဆေးခြင်းကို ယာယီဆိုင်းငံ့ရန် ဆုံးဖြတ်ချက်ချပြီးသည့်နေ့မှစ၍ အများဆုံးခြောက်လတာ ကာလအထိ၊ နိုင်ငံအဆင့်၌ ညှိနှိုင်းဖျန်ဖြေရေး သို့မဟုတ် အခြားအရေးယူဆောင်ရွက်မှုများ၏ ဖြစ်နိုင်ခြေရှိမှုကို ရှာဖွေခြင်းအတွက် လေ့လာဖော်ထုတ်ရန် ဆန္ဒရှိပါက၊ ကျေးဇူးပြု၍ညွှန်ပြပါ။ (အစိုးရ၏ သဘောတူညီမှုအပေါ် မူတည်၍ သင်၏အဖွဲ့အစည်းအတွက် ညှိနှိုင်းဖျန်ဖြေရေး/အခြားအရေးယူဆောင်ရွက်မှုများ မအောင်မြင်ခဲ့ပါက၊ စောလျင်စွာလုပ်ထုံးလုပ်နည်းများကို ပြန်လည်စတင်ရန် တောင်းဆိုနိုင်မှုဖြင့် – နှင့် ကနဦး ညှိနှိုင်းဖျန်ဖြေရေး သို့မဟုတ် အခြားအရေးယူဆောင်ရွက်မှုများ အနေဖြင့် တင်ပြတောင်းဆိုချက်များတွင် ဖော်ပြလာသည့် အငြင်းပွားမှုများကို အောင်မြင်စွာဖြေရှင်းရန် ထပ်မံအချိန်လိုအပ်ပါက၊ ယာယီရပ်ဆိုင်းမှုကို အကန့်အသတ်ဖြင့် ထပ်မံတိုးချဲ့နိုင်မှုကို သုံးပွင့်ဆိုင်ကော်မတီအတွက်ဆုံးဖြတ်ရန် ဖြစ်နိုင်ခြေရှိမှုဖြင့်)။ (၂) သို့ဖြစ်ပါက၊

ဤကိစ္စနှင့် စပ်လျဉ်း၍၊ ရုံး သို့မဟုတ် အလုပ်ရှင်များ သို့မဟုတ် အလုပ်သမားအဖွဲ့များ၏ အတွင်းရေးမှူးများ၏ ကြားဝင်ဖြန်ဖြေမှု သို့မဟုတ် နည်းပညာဆိုင်ရာ အထောက်အကူပေးမှုကို သင့်အနေဖြင့် အားကိုးအားထားပြုလိုမှုရှိကြောင်း ဆန္ဒရှိပါက၊ ကျေးဇူးပြု၍ ဖော်ညွှန်းပေးပါ။

၇။ စွပ်စွဲချက်များသည်စစ်ဆေးပြီးစီးခြင်း သို့မဟုတ် အိုင်အယ်လ်အို (ILO) ၏ကြီးကြပ်ရေးအဖွဲ့များထံသို့ တင်သွင်းပြီးစီးခြင်း ရှိ/မရှိ နှင့် အကယ်၍၊ ပြီးစီးပြီးဖြစ်ပါက၊ လက်ရှိတင်သွင်းထားသည့်မည်သည့် စွပ်စွဲချက်များမဆိုသည် ယင်းစစ်ဆေးထားပြီး သို့မဟုတ် တင်သွင်းထားပြီးဖြစ်သည့်စွပ်စွဲချက်များ နှင့် မည်သည့်အချက်၌ ကွာခြားမှုရှိသည်ကို၊ ကျေးဇူးပြု၍၊ သင်သိရှိထားသ၍ဖော်ပြပါ။

အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ရုံး မြန်မာ

အမှတ် ၁ (က)၊ ကန်ဘဲ့လမ်း (သစ္စာလမ်း)၊ ရန်ကင်းမြို့နယ်၊

ရန်ကုန်၊ မြန်မာ။

ဖုန်း +၉၅ ၁ ၇၃၃၆၅၃၈၊ ၇၃၃၆၅၃၉